ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 15 August 2018 ၄၃၇၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကား ပြောကြား

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ M-Gallery Hotel ရောဝတီခန်းမဧည့်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်နှင့် ဦးကျော်တင်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် ဝီနိုင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E.Mr. Jukr Boon-Long၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် ဝီနိုင်းနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံယဉ်ကျေးမှု အကအဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

## အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ကို အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် ကြေညာ

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) ဗုဒ္ဓဟူးနေ့သည် အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။

**သတင်းစဉ်**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
နဝမပုံမှန်အစည်းအဝေး
နဝမနေ့ ကျင်းပ

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်
နဝမပုံမှန်အစည်းအဝေး
နဝမနေ့ ကျင်းပ

အမျိုးသားလွှတ်တော် စာမျက်နှာ » ၅



# ကြေးမုံ

## လယ်လုပ်သူများ လယ်ယာမြေပိုင်ဆိုင်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်က ဒုတိယအကြိမ် ပြန်လည်စွန့်လွှတ်မြေ ၃၀၁၉ ဒသမ ၄၄ ဧကအား မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များကို ဩဂုတ် ၆ ရက်က ပေးအပ်ခဲ့ကြောင်း ကြားသိရသည်။

အဆိုပါအခမ်းအနားသို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ပြီး လယ်ယာမြေသိမ်းဆည်းခံရသည့် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး စသည့်အခက်အခဲမျိုးစုံ ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းကြောင့် ပြည်သူများ၏ နစ်နာဆုံးရှုံးနေရမှုများကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် စာနာထောက်ထားကာ ဥပဒေနှင့်အညီ တရားမျှတမှုရှိအောင် ရှင်းလင်းလွယ်ကူသော မူဝါဒများနှင့် လုပ်ငန်းစဉ်များချမှတ်ကာ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ လယ်ယာမြေ၊ အခြားမြေများကို သိမ်းဆည်းယူခဲ့မှုများ ရှိခဲ့သည်။ ထိုသို့သိမ်းဆည်းမှုများကြောင့် ဓားမဦးချလုပ်ကိုင်ကြသည့် ဒေသခံပြည်သူများသာမက နိုင်ငံတော်ပါ အကျိုးမဲ့ထိခိုက်နစ်နာမှုများ ရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီးနောက် မူလမြေပိုင်ဆိုင်ခဲ့သူများအား ပြန်လည်ပေးအပ်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် ယခုပြန်လည်ပေးအပ်မှုအပါအဝင် စွန့်လွှတ်အပ်နှံမြေများ မူလတောင်သူများထံလွှဲပြောင်းပေးအပ်ခြင်း ခြောက်ကြိမ် ပြုလုပ်နိုင်ခြင်းဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မန္တလေးတိုင်းဒေသကြီးသည် စွန့်လွှတ်မြေအများဆုံးအပ်နှံသည့်ဒေသအဖြစ် အသိအမှတ်ပြုရမည် ဖြစ်သည်။ လယ်ယာမြေနှင့် အခြားမြေများကို အစိုးရစီမံကိန်းများ၊ ပုဂ္ဂလိကစီမံကိန်းများနှင့် အခြားလုပ်ပိုင်ခွင့်ရှိသူတို့က အစောပိုင်းကာလများက ရယူခဲ့ကြသည်ကို မြင်တွေ့ကြားသိကြရမည် ဖြစ်သည်။

မြို့ပြအရေး၊ လုံခြုံရေး၊ စီးပွားရေးစသည့် အကြောင်းကိစ္စများဖြင့် လယ်ယာမြေနှင့်အခြားမြေများကို သိမ်းဆည်းခဲ့ကြသည်။ ဝန်ကြီးဌာနများ၏ စီမံကိန်းများအတွက် ရယူထားသည့်မြေများနှင့်ပတ်သက်၍ စီမံကိန်းအတိုင်း အကောင်အထည်ဖော်မှုမရှိသည့်မြေများကို မူလတောင်သူများလက်ဝယ်သို့ ပြန်လည်စွန့်လွှတ် လွှဲပြောင်းနိုင်ရေး၊ စီမံကိန်းအတွက် အသုံးပြုပြီး မြေအစားထိုးပေးခြင်းမရှိပါက နစ်နာငွေ၊ လျော်ကြေးငွေပေးဆောင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ စွန့်လွှတ်မြေများနှင့်ပတ်သက်၍ အချို့ကိစ္စရပ်များတွင် ပြည်သူ့လက်ဝယ်သို့ရောက်ရှိရန် အချိန်ကြန့်ကြာနေခြင်းသည် အခြားသူထံပေးအပ်ထားခြင်း၊ မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေခြင်း၊ ကျူးကျော်များအား ရှင်းလင်းဖယ်ရှားနေရခြင်း စသည့် အကြောင်းများကြောင့် ဖြစ်ရသည်။

သို့ဖြစ်ရာ ယနေ့အချိန်အခါတွင် လယ်လုပ်သူများ လယ်လုပ်ပိုင်ခွင့်ရရှိရေး၊ မြေပိုင်သူများ မြေပိုင်ဆိုင်ခွင့်ရရှိရေးကို နိုင်ငံတော်က ဆောင်ရွက်ပေးနေပြီဖြစ်ရာ တောင်သူလယ်သမားကြီးများအနေဖြင့် မိမိတို့ပိုင်ဆိုင်လုပ်ကိုင်ခွင့် ပြန်လည်ရရှိသည့် မြေယာများကို သားစဉ်မြေးဆက်တိုင်အောင် အဘက်ဘက်မှတိုးတက်အောင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရင်း ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက်သာမက ပြည်ပပို့ကုန်များ တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ဆေးရုံများ၌ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ကဏ္ဍ မြှင့်တင်နိုင်ရေး တွေ့ဆုံဆွေးနွေး

**မန္တလေး ဩဂုတ် ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ် (မန္တလေး) သို့ သွားရောက်ခဲ့ပြီး ဆေးဝါးတက္ကသိုလ်(မန္တလေး)နှင့် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)တို့မှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားမှု သင်ယူမှု ပိုမိုကောင်းမွန်တိုးတက်ရေး၊ ဆေးရုံများတွင် ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ အခန်းကဏ္ဍ တိုးတက်မြင့်မားလာရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ အခန်းကဏ္ဍသည် လူနာများကို မှန်ကန်သော၊ အာနိသင်ပြည့်ဝသော၊ ဘေးအန္တရာယ်ကင်းသော ဆေးဝါးများဖြင့် ကုသပေးနိုင်ရေး၌ အထောက်အကူပြုရန်ဖြစ်ပြီး လူနာများ ဆေးရုံတက်ရောက်စဉ်နှင့် ဆေးရုံဆင်းချိန်တွင် ဆေးဝါးများ၏ အကျိုးအာနိသင်၊ သောက်သုံးရမည့်ပမာဏ၊ ဘေးထွက်ဆိုးကျိုး၊ ဆေးဝါးအချင်းချင်း တုံ့ပြန်အကျိုးသက်ရောက်မှုစသည်တို့ကို ဆေးဝါးကျွမ်းကျင်ပညာရှင်များက ရှင်းလင်းပြောကြားခြင်းကြောင့် လူနာများအနေဖြင့် ဆေးဝါးများကို ဘေးအန္တရာယ်ကင်းစွာ ဆေးပတ်လည်အောင် သောက်သုံးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ အခန်းကဏ္ဍ တိုးတက်မြင့်မားလာစေရန်အတွက် တက္ကသိုလ်များတွင် သင်ကြားလေ့ကျင့်ခြင်း၊ အလုပ်ရာထူးတာဝန်ပေးခြင်း၊ ပြည်တွင်း ပြည်ပ ဘွဲ့လွန်၊ ပါရဂူဘွဲ့များ သင်ကြားပေးခြင်း အစရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲသင့်သည်ကို ဆွေးနွေးကြစေလိုကြောင်း၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များကို ဆေးနှင့်ဆေးစတိုထိန်းသိမ်းမှုလုပ်ငန်းတာဝန်များသာမက Clinical Pharmaco- logist များအဖြစ် သက်ဆိုင်ရာ အထူးကုဆရာဝန်များ၊ ဆရာဝန်များနှင့်ပူးပေါင်း၍ လူနာများကို သင့်လျော်မှန်ကန်သော ဆေးဝါးများဖြင့် ကုသမှုပေးနိုင်ရေး အခန်းကဏ္ဍတွင်ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အလေးထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရပ်ကဏ္ဍများတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းချိတ်ဆက်၍ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများနှင့် multi-centric research များ ပြုလုပ်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများက ဆေးဝါးတက္ကသိုလ်များတွင် သင်ကြားမှု သင်ယူမှု ပိုမိုကောင်းမွန်တိုးတက်ရေးနှင့် ဆေးဝါးကျွမ်းကျင်များ၏ အခန်းကဏ္ဍ တိုးတက်မြင့်မားရေးကိစ္စရပ်များနှင့်ပတ်သက်၍ အထွေထွေအကြံပြုတင်ပြချက်များ၊ ဆွေးနွေးချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများနှင့် ကြိုးတံတားကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ပုသိမ် - ကံကုန်း - မြင်းကဆိပ်- မြောင်းမြလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မြောင်းမြတံတားသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှင်းလင်းဆောင်တွင် ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်မီ ပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ နည်းပညာအရ တံတားပိုင်းဆိုင်ရာ အဆင့်ဆင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယခု တည်ဆောက်နေသည့် တံတားသစ်သည် ဒေသခံပြည်သူများ သွားလာရေးအမြန်ဆုံး အဆင်ပြေစေရန် တစ်နှစ်အတွင်း လျင်မြန်စွာ တည်ဆောက်နိုင်မည့် Steel Truss Type အမျိုးအစားကို ဂျပန်နိုင်ငံ JFE ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ဖက်စပ်ထူထောင်ထားသော ပြည်တွင်းရှိ J & M Steel Solution မှ အသေးစိတ်ရေးဆွဲကာ သံပေါင်များ ထုတ်လုပ်ပြီး သတ်မှတ်အချိန်မီပြီးစီးရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြောင်းမြ - လပွတ္တာလမ်းပေါ်ရှိ လပွတ္တာ (ပင်လယ်လေး) တံတားသို့ရောက်ရှိပြီး လက်ရှိကြိုးတံတား ကြံ့ခိုင်မှုရှိစေရေးအတွက် ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မြောင်းမြ - လပွတ္တာ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြောင်းမြ - အိမ်မဲ - ပန်းတနော်လမ်းပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်(ရွှေဈေး) ၉၄၇၀၀၀ - ၉၄၇၀၀၀ မန္တလေး(ရွှေဈေး) ၉၄၇၀၀၀ - ၉၄၇၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၅ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၅/၉၆၀ ကျပ်၊ | ၁၀၂၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၉၀/၉၁၅ ကျပ်၊ | ၉၅၅/၉၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၅/၉၅၅ ကျပ်၊ | ၉၈၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၂၂ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၆၅/၈၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၆၅.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၈၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၃.၇၃၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၆.၅၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၅၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၁၇.၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၇၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၁.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၁.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် ဝီနိုင်းအား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၉) ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် ဝီနိုင်းအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား အလုပ်သမားများ အခွင့်အလမ်းများ ကာကွယ်မြှင့်တင်ရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တစ်လျှောက်ရှိ ပြည်နယ်များအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းနေမှုများကို အထောက်အကူပြုရေးအတွက် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးစသည့် လုပ်ငန်းများ အခြေခံသည့် စံပြကျေးရွာများ တည်ဆောက်ရေး၊ ပြည်သူအချင်းချင်း အကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ရေလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ အလုပ်သမားများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် အသက်မွေးမှု ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ရေးတွင် ထိုင်းနိုင်ငံမှ အကူအညီပေးရေး ကိစ္စများ အပါအဝင် ဘက်စုံ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအကြားတွင်သာမက ဒေသတွင်း နယ်ပယ်၌ပါ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရေးအတွက် နည်းလမ်းများ ရှာဖွေရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

**☆ ရှေ့ဖုံးမှ**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားရာ၌ ထိုင်းနိုင်ငံသည် ချစ်ခင်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်သကဲ့သို့ ဒေသတွင်းအရေးအပါဆုံး မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ကီလိုမီတာ ၂၄၁၆ မီတာထိစပ်နေပြီး သံတမန်ဆက်ဆံရေး စတင်တည်ထောင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဩဂုတ် ၂၄ ရက်မှစပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း။

နှစ်(၇၀)အကြာ သံတမန်ဆက်ဆံရေးကာလအတွင်း မိမိတို့ နှစ်နိုင်ငံသည် ပြဿနာများကို အပြန်အလှန် ချစ်ကြည်မှု၊ နားလည်မှုနှင့် လေးစားမှုများကို အခြေခံကာ ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းခဲ့ကြပါကြောင်း။

ထိုင်းနိုင်ငံသည် မိမိနေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပထမဦးဆုံး သွားရောက်ခဲ့သည့်နိုင်ငံ ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ အစိုးရသစ်တာဝန်ယူသည့်အချိန်တွင် ပြည်ပခရီးစဉ် တရားဝင်ခရီးအဖြစ် ရွေးချယ်ခဲ့သည့် ပထမဦးဆုံးနိုင်ငံဖြစ်ပါကြောင်း၊ အဆိုပါ ခရီးစဉ်နှစ်ခုစလုံးတွင် မိမိအနေဖြင့် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများ၏ နွေးထွေးမှု၊ ကြင်နာမှုနှင့် ဧည့်ဝတ်ကျေပွန်မှုတို့ကို လက်တွေ့ ခံစားခဲ့ရပါကြောင်း။

၂၀၁၆ ခုနှစ် ဇွန်လအတွင်း ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် မိမိ၏ တရားဝင်ခရီးစဉ်အတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ကောင်းမွန်သော ဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့သည်ဟု ခံစားရမိပါကြောင်း။

မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ယခင်ကထက် ပိုမိုကောင်းမွန်လာသည်ဟူသည့် အချက်သည် အမှန်တကယ်ပင်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရအကြား ရင်းနှီးပွင့်လင်းစွာ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကြောင့် ရှိရင်းစွဲ နားလည်မှုနှင့် ယုံကြည်မှုတို့ကို ပိုမိုခိုင်မာလာစေပါကြောင်း။

ထိုင်းနိုင်ငံသည် သန်းချီသော မြန်မာရွှေ့ပြောင်း အလုပ်သမားများအား အလုပ်အကိုင် အခွင့်အလမ်းနှင့် အတွေ့အကြုံများကို ပေးအပ်နေပါကြောင်း၊ အပြန်အလှန်အားဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် လုံခြုံရေး၊ စီးပွားရေးနှင့် နှစ်နိုင်ငံအကျိုးရှိသော လုပ်ငန်းဆောင်ရွက်မှုများကို အတူတကွ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ထိုင်းနိုင်ငံအစိုးရ၏ နားလည်မှုနှင့် ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုခိုင်မာ ကျယ်ပြန့်လာမည်ဟု မိမိတို့ ယုံကြည်ပါကြောင်း။

မိမိတို့အနေဖြင့်လည်း လိုအပ်သည့်အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး ကူညီရန် အမြဲအဆင်သင့်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံရှိ ရေဘေးဒုက္ခသည်များ၏ အရေးကိစ္စတွင် ထိုင်းနိုင်ငံမှ နည်းပညာရှင်များနှင့် လိုအပ်သည့် အကူအညီများကို ပံ့ပိုးကူညီခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရေဘေးအတွက် ထိုင်းနိုင်ငံအစိုးရ၏ လူသားချင်း စာနာထောက်ထားသည့်အနေဖြင့် ဘတ်သုံးသန်းလှူဒါန်းခဲ့သည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြီးခဲ့သည့်လအတွင်းက

**စာမျက်နှာ ၅ သို့**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားခြင်းနှင့် အဆို ၁ ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## အစိုးရ စက်မှုလက်မှုသိပ္ပံ(ပဲခူး)အဖြစ် ဖွင့်လှစ်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းဆောင်ရွက်သွားမည်

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ သင်တန်းကျောင်း (AGTI) နှင့် ဆရာအတတ်သင် ပညာရေးကောလိပ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(AGTI) သင်တန်းကျောင်းနှင့် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးပညာသင်တန်းများ၊ နည်းပညာရပ်နှင့်သက်ဆိုင်သော ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန်အတွက် မြေနေရာ ရရှိရန် အဆင့်မြင့်ပညာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန ပဲခူးတက္ကသိုလ်၏ မြေဧရိယာအတွင်း၌ အစိုးရ စက်မှုလက်မှုသိပ္ပံ(ပဲခူး)အဖြစ် ဖွင့်လှစ်နိုင်ရန်အတွက် မြေနေရာရရှိပါက လိုအပ်သော အဆောက်အအုံများ၊ စာသင်ခုံ၊ ပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုဘဏ္ဍာငွေ ရရှိပါက စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူမြို့နှင့် ပြည်မြို့တို့တွင် ပညာရေးကောလိပ်များကို အသီးသီးဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း (D.T.Ed) နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT) သင်တန်းတို့ကို ဖွင့်လှစ်၍ နှစ်စဉ် D.T.Ed လက်မှတ်ရ ဆရာ ဆရာမဦးရေ ၃၀၀ ခန့်နှင့် PPTT လက်မှတ်ရ ဆရာ ဆရာမ ဦးရေ ၆၀၀ ခန့် မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မူလတန်း အဆင့်သင် ဆရာ ဆရာမများနှင့် ကျောင်းသားအချိုးမှာ ၁ အချိုး ၂၄ ဖြစ်ပါကြောင်း၊ ပဲခူးခရိုင်အတွင်းတွင် မူလတန်းအဆင့်သင် ဆရာ ဆရာမများနှင့် ကျောင်းသားအချိုးမှာ ၁ အချိုး ၁၉ ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးခရိုင်တို့၏ မူလတန်းအဆင့်ဆရာ၊ ကျောင်းသားအချိုးအရ မူလတန်းပြဆရာ ခန့်ထားမှုသည် လုံလောက်မှုရှိသောကြောင့် ပဲခူးမြို့တွင် ပညာရေးကောလိပ် ၁ ခု ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သင်ရိုးအားလုံး လေ့လာထားသော ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိ ဖြေဆိုနိုင်မည့် မေးခွန်းပုံစံဖြစ်

မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၏ **၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲမေးခွန်းများ ပုံစံပြောင်းမေးမြန်းရန်စီစဉ်ထားခြင်းနှင့်ဆက်စပ်၍ မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ချက်ချင်းပြောင်းလဲရန် စီစဉ်ထားသည်ကိုသိလိုခြင်းနှင့် အလေ့အကျင့်ရရှိစေရန် ယခုနှစ်တွင် နဝမတန်းမှသာ စတင်ပြောင်းလဲပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲမေးရန် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပညာရေးအာမခံမှုရှိစေရန်၊ ကျောင်းနှင့် ပညာရေးစနစ် တိုးတက်စေရန်၊ ကျောင်းသားများ၏ သင်ယူမှုရလဒ်များ တိုးတက်စေရန်၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့နည်းစေရန်နှင့် စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန်တို့ဖြစ်ပါကြောင်း။

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲခြင်း၏ အရေးကြီးသော အချက်များမှာ မေးခွန်းပုံစံသည် လုံးဝအသစ် ပြောင်းလဲခြင်းမဟုတ်ပါကြောင်း၊ မေးခွန်းပုံစံသစ်တွင် မေးခွန်းပုံစံဟောင်းကဲ့သို့ပင် အလွတ်ကျက်မှတ်ရသည့် မေးခွန်းများနှင့် စဉ်းစားတွေးခေါ်ရသော မေးခွန်းများ ပေါင်းစပ်ပါဝင်မည်ဖြစ်သော်လည်း စဉ်းစားတွေးခေါ်ရသည့် မေးခွန်းများ ပိုမိုပါဝင်လာမည်ဖြစ်ပါကြောင်း၊ သင်ယူသူများကို သင်ရိုးကုန်လေ့လာစေရန် ရည်ရွယ်ပြီး သင်ခန်းစာများကို လွှမ်းခြုံသည့်မေးခွန်းများ ပါဝင်မည်ဖြစ်ပါကြောင်း၊ မေးခွန်းပုံစံတွင် လွယ်၊ သင့်၊ ခက် မျှတစွာပါဝင်ပြီး သင်ရိုးအားလုံး လေ့လာထားသော ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိ ဖြေဆိုနိုင်မည့် မေးခွန်းပုံစံဖြစ်ပါကြောင်း။

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲမေးမြန်းမည့် အခြေအနေနှင့် မေးခွန်းပုံစံနမူနာများကို တစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ လေ့လာသိရှိနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ Internet Website များတွင် ကြိုတင်ဖော်ပြပေးထားပါကြောင်း၊ တက္ကသိုလ်ဝင်တန်းသင် ဆရာ ဆရာမများအား သင်တန်းပေးခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပါကြောင်း ရှင်းလင်းဖြေကြားသည်။


သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး


မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး

## ကွင်းဆိပ်-ကျုံချောင်း သုံးမိုင်ခွဲ မြေသားတာဖို့လမ်းပိုင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **ရွှေကျင်မြို့နယ်၊ ရွှေကျင်ဝင်းကံလမ်းပိုင်းရှိ ကွင်းဆိပ်-ကျုံချောင်း သုံးမိုင်ခွဲ မြေသားတာဖို့လမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လမ်းအူကြောင်းအသစ်မှာ မူလလမ်းဟောင်းထက် သုည ဒသမ ၈ ကီလိုမီတာ ခန့်တိုတောင်းမှုရှိပြီး လမ်းဦးစီးဌာန(ရုံးချုပ်) လမ်းလေယာဉ်ကွင်းဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ အသေးစိတ်ကွင်းဆင်းတိုင်းတာ ပုံထုတ်ခဲ့ပါကြောင်း၊ ကျုံချောင်းရွာနှင့် ကွင်းဆိပ်ရွာအကြား မိုင် (၁၁၁/၂-၁၁၄/၂) အကြား ၃ မိုင်အား တစ်ကြောင်းထိုးလမ်းဖောက်လုပ်၍ ပေ ၄၀ အကျယ် မြေသားတာပေါင်ဖို့ခြင်း၊ ရေထုတ်ပြွန်များ ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ လမ်းဦးစီးဌာန ပဲခူးခရိုင်မှ လုပ်ငန်းတင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် တင်ဒါရရှိသည့် ကန်ထရိုက်တာအား သတ်မှတ် Construction Sequence အတိုင်း စနစ်တကျ ဆောင်ရွက်စေခဲ့ပြီး သတ်မှတ် CBR ပြည့်မီမှုရှိ၊ မရှိကို Third Party Inspection အဖွဲ့မှ စစ်ဆေးကာ သတ်မှတ် CBR ရရှိမှသာ လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း။

လမ်းအူကြောင်းအသစ် ဖောက်လုပ်ရာတွင် ပါဝင်သွားသော ကျုံငပ-ကျောက်တန်းကျေးရွာအုပ်စုမှ တောင်သူ ၂၃ ဦး၏ လယ်ယာမြေ ၈ ဒသမ ၅ ဧကနှင့် ကွင်းဆိပ်ကျေးရွာမှ တောင်သူ ၂၅ ဦး၏ လယ်ယာမြေ ၁၇ ဒသမ ၆၁ ဧက စုစုပေါင်း ၂၅ ဒသမ ၆၆ ဧကအတွက် ၁ ဧကလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် လျော်ကြေးငွေများကို ၂၀၁၈ ခုနှစ် မတ် ၁၀ ရက်တွင် ရွှေကျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များရှေ့မှောက်တွင် သက်ဆိုင်ရာ တောင်သူများထံသို့ စနစ်တကျ ပေးလျော်ခဲ့ပါကြောင်း၊ လမ်းပေါ်ရှိသားပြတံတား ချဉ်းကပ်လမ်းဖောက်လုပ်ရာ၌ ပါဝင်သွားသော အဆောက်အအုံများအတွက် လျော်ကြေးငွေများကိုလည်း အဆောက်အအုံပိုင်ရှင် ၅ ဦးက သဘောတူညီထားသည့်အတိုင်း တစ်ပါတည်းပေးလျော်ခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဖောက်လုပ်ရန်ကျန်ရှိနေသည့် ၂ မိုင် ၄ ဖာလုံကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်

ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ တုံးမဝ-ဘဲဒုံမြေသားလမ်း(၁၁/-) မိုင်အနက် ကျန်ရှိသော (၂/၄) မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တုံးမဝ-ဘဲဒုံ မြေသားလမ်းအကျယ် ၁၄ ပေဖြင့် ၁၀ မိုင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျန်ရှိနေသော ၂ မိုင် ၄ ဖာလုံအား ဖောက်လုပ်ပြီးပါက ကျေးရွာပေါင်း ၃၇ ရွာနှင့် လူဦးရေ ၆၄၀၀ ခန့်တို့ကို တိုက်ရိုက်အကျိုးပြုမည် ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၄ ပေအကျယ် လမ်းနယ်ချဲ့ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေမှလည်းကောင်း၊ ဖောက်လုပ်ရန်ကျန်ရှိနေသည့် ၂ မိုင် ၄ ဖာလုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှလည်းကောင်း ထည့်သွင်းတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာနှင့် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားကြသည်။

## သုတေသနဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံလောက်စွာ ထောက်ပံ့ချီးမြှင့်ပေးပါရန် အဆိုတင်သွင်း

ထို့နောက် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက **မြန်မာ့ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့် သုတေသနဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံလောက်စွာ ထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းသည်။

အဆိုရှင်က အဆိုနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ခေတ်အဆက်ဆက် အဘက်ဘက်မှ နိမ့်ကျခဲ့သည့် မြန်မာ့ပညာရေးကို ဦးမော့လာစေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊ မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကအနေဖြင့် ပြုပြင်ပြောင်းလဲရမည့် နယ်ပယ်ကြီးများအနေဖြင့် အခြေခံပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကဏ္ဍနှင့် ဆရာအတတ်သင်ပညာကဏ္ဍတို့ ဖြစ်ပါကြောင်း။

အဆိုတင်သွင်းရသည့် ရည်ရွယ်ချက် နှစ်ချက်ရှိပါကြောင်း၊ မြန်မာ့ပညာရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဆင့်မြင့်ပညာကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အသက်သွေးကြောသည် သုတေသနဖြစ်ပါကြောင်း၊ သုတေသန မရှင်သန်ပါက တက္ကသိုလ်ပညာရေးသည် အချည်းနှီးသာဖြစ်သောကြောင့် သုတေသနကို အားပေးရန်နှင့် ဒေသဖွံ့ဖြိုးရေးကို ဦးတည်သော လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများအတွက် တက္ကသိုလ်များတွင် သုတေသနရပ်ဝန်းကောင်းတစ်ရပ် ဖော်ဆောင်မှု အားနည်းခဲ့ခြင်း၊ သုတေသနပညာရှင်များအား သုတေသနရန်ပုံငွေ ထောက်ပံ့မှုမှာလည်း အလွန်နည်းပါးခဲ့ခြင်းကို ရရှိထားသော ပညာရေးဘတ်ဂျက်အတွင်းမှ မြှင့်တင်ပေးရန်တို့ ဖြစ်ပါကြောင်း၊ သုတေသနရပ်ဝန်းကောင်း ဖော်ဆောင်ပေးရေးအတွက် ဘဏ္ဍာငွေ လိုအပ်ပါကြောင်း။

အဆိုတွင် ပါဝင်သည့် သုတေသနရပ်ဝန်းကောင်း ဖော်ဆောင်ပေးရေးဆိုသည့်နေရာတွင် အပိုင်းလေးပိုင်း ပါဝင်ပါကြောင်း၊ သုတေသနပြုလုပ်ရာတွင် အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းရေး၊ သုတေသနရလဒ်များအတွက် ကိုးကားမှီငြမ်းရာ up to date References နှင့် တက္ကသိုလ်စာကြည့်တိုက်များ ရှင်သန်စေရေး၊ သုတေသနကို ဦးဆောင်မည့် ပညာရှင်များနှင့် စီမံကြီးကြပ်မည့်သူများအား မှန်ကန်စွာ တာဝန်ပေးအပ်ရေး၊ တက္ကသိုလ်အသီးသီးတွင် သုတေသန ဦးဆောင်ကြီးကြပ်ရေးကော်မတီ တစ်ရပ် ဖွဲ့စည်းရေးတို့ ဖြစ်ပါကြောင်း။

ပညာရေးတိုးတက်ပါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ တိုးတက်စေလိုပါက သုတေသနလုပ်ငန်းများ အောင်မြင်ရန် လိုအပ်ပါကြောင်း၊ သုတေသနလုပ်ငန်းများ အောင်မြင်ရန်အတွက် ယခုတင်သွင်းသည့်အဆိုတွင် ပါဝင်သည့်အချက်များကို အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ နှစ်စဉ် တိုးမြှင့်ချထားပေးသည့် ပညာရေးဘတ်ဂျက်အတွင်းမှ သုတေသနရပ်ဝန်းကောင်းများကို စီမံခန့်ခွဲမှုမှန်ကန်စွာဖြင့် အဆင့်လိုက် အကောင်အထည်ဖော်သွားရန်နှင့် သုတေသနပညာရှင်များအား သင့်တင့်လုံလောက်သည့် သုတေသနစရိတ် ပံ့ပိုးပေးပြီး ချီးမြှင့်မြှောက်စားမည်ဆိုပါက အဆင့်မြင့်ပညာကဏ္ဍ မလွဲမသွေတိုးတက်လာမည်ဖြစ်သည့်အတွက် အဆိုအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် အဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီဝင်က ဖတ်ကြားတင်သွင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ဩဂုတ် ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## နိုင်ငံဖြတ်ကျော်ခရီးကြမ်း ကားမောင်းပြိုင်ပွဲ မြန်မာနိုင်ငံက လေ့လာသူအဖြစ် တက်ရောက်

**ရန်ကုန် ဩဂုတ် ၁၄**
ထိုင်းနိုင်ငံ ပတ္တရားမြို့မှ စတင်တာထွက်ပြီး ကမ္ဘောဒီးယားနိုင်ငံ ဖန္ဒမ်းပင်မြို့တွင် ပြီးဆုံးမည့် ၂၀၁၈ နိုင်ငံဖြတ်ကျော် ခရီးကြမ်းကားမောင်းပြိုင်ပွဲသို့ Myanmar Motor Sports Organization မှ အဖွဲ့ဝင် ခုနစ်ဦး လိုက်ပါပြီး Asia Cross Country Rally ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဒေါ်မြသောင်းဝေ ဦးဆောင်သည့်အဖွဲ့သည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါခရီးကြမ်းကားမောင်းပြိုင်ပွဲတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ဘေးတွဲပါမော်တော်ဆိုင်ကယ်များပါဝင်ပြီး ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ဂျပန်၊ ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် နိုင်ငံဖြတ်ကျော်ခရီးကြမ်းကားမောင်းပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခရီးကြမ်းကားမောင်းပြိုင်ပွဲတွင် မော်တော်ကားနှစ်စီးဖြင့် ပါဝင်လိုက်ပါပြီး လေ့လာခြင်းဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဒေါ်မြသောင်းဝေ၏ ပြောကြားချက်အရသိရသည်။ **မျိုးမင်းသူရ**

**○ စာမျက်နှာ ၃ မှ**
ထိုင်းနိုင်ငံတွင် ကျောင်းသား ၁၃ ယောက်အား ဂူအတွင်းမှ ကယ်ဆယ်သည့် လုပ်ငန်းများတွင် စိတ်ရင်းစေတနာအမှန်ဖြင့် ကူညီပူးပေါင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ကျေးဇူးတင်ရှိ**

ထိုကဲ့သို့ နားလည်မှုနှင့် စေတနာအရင်းခံများသည် မိမိတို့၏အိမ်နီးနားချင်းပီသသည့် ဆက်ဆံရေးအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ထိုင်းနိုင်ငံ၏ အမြဲတစေ ကူညီပံ့ပိုးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း။

အာဆီယံဒေသတွင်း သာမက နိုင်ငံတကာ အသိုက်အဝန်းတွင်ပါ ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးကို မိမိတို့နှစ်နိုင်ငံ ထူထောင်ခဲ့ကြပါကြောင်း၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ အပြုသဘောဆောင်သည့် ဆက်ဆံရေးကြောင့် ဒေသတွင်း တိုးတက်မှုနှင့် တည်ငြိမ်မှုကို ဖြစ်စေခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးအလားအလာများကို မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ရင်းဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေနေပါကြောင်း ပြောကြားသည်။

**ဆွေးနွေးနိုင်ခဲ့**

ဆက်လက်၍ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုသည် နှစ်(၇၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများအဖြစ်သာမက အိမ်နီးချင်းနိုင်ငံအဖြစ်လည်း တည်ရှိနေပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုတို့ကို အခြေခံကာ ဆွေးနွေးနိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း၊ နှစ်နိုင်ငံအကြား ပြည်သူဗဟိုပြု ပူးပေါင်းဆောင်ရွက်ရေးအတွက် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ အနာဂတ်နှစ်နိုင်ငံအကျိုး စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ညစာစားပွဲ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် ဝီနိုင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်အတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံယဉ်ကျေးမှု အကအဖွဲ့များက ရိုးရာအဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် ဝီနိုင်းတို့က မြန်မာ-ထိုင်း နှစ်နိုင်ငံ ယဉ်ကျေးမှု အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## အခြားနည်းသုံးစွဲခွင့်ပြုထားသော မြေနေရာများအား နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့် ညီညွတ်မှုရှိစေရန် မည်ကဲ့သို့ ထိန်းကျောင်းစိစစ်နေသည်ကို သိရှိလိုကြောင်း မေးမြန်း

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **အခြားနည်းသုံးစွဲခွင့်ပြုထားသော မြေနေရာများအား နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့် ညီညွတ်မှုရှိစေရန် မည်ကဲ့သို့ ထိန်းကျောင်းစိစစ်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နှင့် ပတ်သက်၍ လယ်ယာမြေဥပဒေ ၃၁ တွင် အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့်ကာလအတွင်းမှ ခြောက်လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်း မရှိလျှင်သော်လည်းကောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်ဟု ပြဋ္ဌာန်းပါရှိသည့်အတွက် ခွင့်ပြုမိန့်ရမည်ဆိုပါက ကာယကံရှင်များအနေဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

လယ်ယာမြေ ဥပဒေပုဒ်မ ၃၀ (က)နှင့် (ခ)တို့အရ လယ်ယာမြေမှတစ်ပါး လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ပြုပေးခြင်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မိမိတို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အခြားနည်းအသုံးပြုခွင့် ပေးခဲ့ခြင်းအပေါ် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို နည်းဥပဒေအပိုဒ် ၉၁၊ ၉၂ တို့အရ စိစစ်ကြပ်မတ် ဆောင်ရွက်နိုင်ရန်အတွက် စီမံလုပ်ကိုင်လျက်ရှိပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ စိစစ်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ပြန်လည်စိစစ်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ **လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် မိမိတို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများ ဆုံးရှုံးသွားသော ဒေသခံများအား ၎င်းတို့၏ ရွာများဝန်းကျင်ရှိ မြေလွတ်၊ မြေလပ် ဧက ၁၉၀၀ ခန့်ကို စိုက်ပျိုးနိုင်သည့် မြေဖြစ်အောင် ပြုပြင်ပေးပြီး ခွဲဝေပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ပါရှိသည့် စိုက်ပျိုးမြေဧရိယာ ဧက ၁၉၀၀ ကို ဖော်ထုတ်ရန်အတွက် စိုက်ပျိုးမြေဧရိယာ ဧက ၁၉၀၀ ရှာဖွေဖော်ထုတ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကွင်းဆင်းစစ်ဆေးခဲ့သည်ကို သိရှိရပါကြောင်း။

ကွင်းဆင်းစစ်ဆေးချက်အရ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်ရရှိခဲ့သော်လည်း လုပ်ကိုင်ခြင်းမရှိသည့် မြေလွတ်၊ မြေရိုင်းများကို လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် ပါဝင်သွားသည့် တောင်သူများအတွက် အစားထိုးမြေဖော်ထုတ်ပေးနိုင်မည့် ဧရိယာ စုစုပေါင်း ၁၇၂၇ ဧကရှိကြောင်း စိစစ်ဖော်ပြထားသည်ကို သိရှိရပါကြောင်း၊ စိုက်ပျိုးမြေဧရိယာ ဧက ၁၉၀၀ ရှာဖွေဖော်ထုတ်ရေးကော်မတီမှ စိစစ်တင်ပြသည့် ၁၇၂၇ ဧကကို အစားထိုးဖော်ထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် ပါဝင်သွားသည့် တောင်သူများအနေဖြင့် လုပ်ကိုင်လိုခြင်း ရှိ မရှိ ဆန္ဒသဘောထားကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မေးမြန်းဆောင်ရွက်ဆဲဖြစ်ပါကြောင်း ဖြေကြားသည်။



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံး



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်

အလားတူ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအား လွတ်လပ်သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်စေလိုသည့်အတွက် စေတနာ့ဝန်ထမ်း၏ အရှေ့တွင် လွတ်လပ်သော ဆိုသည့်စာသားကို ထပ်မံဖြည့်စွက်လိုပါကြောင်း၊ ဥက္ကဋ္ဌနှင့် တကွ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးများအား လျှို့ဝှက်မဲဆန္ဒဖြင့်ရွေးချယ်ရာတွင် စာရင်းစစ် ၁ ဦးကိုလည်း လျှို့ဝှက်ရွေးချယ်ရမည်ဟု ဖော်ပြထားခြင်းတွင် စာရင်းစစ် ၁ ဦးဆိုသည့် စာသားအား ဖြုတ်ချင်ပါကြောင်း၊ နောက်ဆက်တွဲ စာရင်းစစ် ၁ ဦးဆိုသည့် ပုဒ်မများကိုလည်း ဖြုတ်ချင်ပါကြောင်း၊ ဆက်စပ်လျက်ရှိသည့် ပုဒ်မ ၂၇ တွင်လည်း အကျိုးဆောင်စာရင်းစစ်ဆိုသည်ကို ဖြုတ်ရန်လိုပါကြောင်း၊ ပုဒ်မ ၂၈ တွင် စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ဆိုသည့်နောက်တွင် လိုအပ်ပါက ဆိုသောစာသားအား ဖြုတ်၍ နှစ်အလိုက်သက်ဆိုင်ရာစာရင်းစစ်၏ စစ်ဆေးခြင်းကို ခံယူရမည်ဟူ၍ ပြင်ဆင်လိုပါကြောင်း၊ ထို့ပြင် အသင်းဗဟိုနှင့်တကွ မြို့နယ်ရုံးအဖွဲ့ကိုဖွဲ့စည်းခြင်းဟု အသင်းဗဟို၏ နောက်တွင် မြို့နယ်အား ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ နော်လှလှစိုးက ဆက်လက်ဆွေးနွေးသည်။

## လယ်ယာဥယျာဉ်ခြံမြေများ အသုံးပြုမှုကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခု ရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်း

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်(ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေဦးက အဆိုရှင်၏ အကျယ်တဝင့် တင်ပြမှုနှင့် အဆိုတွင် ဖော်ပြထားချက်များကို လေ့လာကြည့်ပါက အဆိုရှင်၏ ဖော်ပြထားမှုများသည် ကျယ်ဝန်းသော်လည်း အဆိုတွင် မပြည့်စုံခြင်း၊ မလွှမ်းခြုံမိခြင်းတို့ကို တွေ့ရပါကြောင်း၊ အဆိုရှင်၏ ဆွေးနွေးချက်တွင် စည်းမဲ့ကမ်းမဲ့ရောင်းစားနေသော မြေအမျိုးအစားများအဖြစ် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ မြို့မြေ၊ ပလပ်မြေများကို ဆွေးနွေးချက်တွင် ပါဝင်သော်လည်း အဆိုဖော်ပြချက်တွင် လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေသာပါရှိထားပါကြောင်း၊ အမှန်တကယ် တစ်နိုင်ငံလုံး တာဝန်ရှိသူတို့မှ ကိုယ်ကျိုးရှာ ရောင်းစား၊ ငှားစားနေသည့် မြေများသည် ဦးပိုင်မြေ၊ ဂရန်မြေ၊ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ စားကျက်မြေနှင့် သစ်တောမြေများပါမကျန် အခြားမြေပေါင်းများစွာ ပါဝင်ပါကြောင်း။

ထို့ကြောင့် အဆိုတွင် လယ်ယာမြေနှင့်ဥယျာဉ်ခြံမြေနှစ်မျိုးသာ ပါသည့်အတွက် အဆိုသည် ပြည်ထောင်စုတစ်ခုလုံးအပေါ်တွင် လွှမ်းခြုံမှု ရှိစေရန်အတွက် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေနှင့် အခြားမြေများဟူ၍ အခြားမြေများဆိုသည့် စကားရပ်ကို ဖြည့်စွက်ရန် လိုအပ်နေပါကြောင်း၊ အဆို၏ အကျိုးသက်ရောက်မှုအပိုင်းတွင် စိုက်ပျိုးမြေများလျော့နည်းလာခြင်းနှင့် မြေလွတ်များ ပျောက်ဆုံးကုန်ခြင်းဆိုသည့် နှစ်မျိုးသာပါရှိသော်လည်း အဆိုရှင်၏ ဆွေးနွေးချက်တွင် စည်းကမ်းမဲ့ အိမ်များပေါ်ပေါက်လာခြင်း၊ ရေကြီးခြင်း၊ ကားကျပ်ခြင်း၊ စီမံခန့်ခွဲမှုလွဲမှားခြင်း၊ စည်းကမ်းမဲ့ အပင်ခုတ်ခြင်း စသည်ဖြင့် သက်ရောက်မှုပေါင်းများစွာကို ဖော်ပြထားသည်မှာ ဆွေးနွေးချက်ကို အဆိုက မလွှမ်းခြုံမိဘဲဖြစ်နေသည်ဟု ထင်မြင်ခံစားမိပါကြောင်း၊ လွှမ်းခြုံနိုင်စေရန် စကားရပ်များ ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း။

အထက်ပါအကြောင်းအရာများ၏ အကြောင်းရင်းခံမှာ မြို့နယ်တိုင်းတွင်ရှိသည့် ကော်သုံးကော် တာဝန်ရှိသူများ၏ လျော့ရဲပြီး အဂတိမကင်းသည့် လုပ်ဆောင်ချက်များကြောင့် ဖြစ်ပွားရကြောင်း ဖော်ပြထားသကဲ့သို့ တာဝန်ရှိသူတို့၏ ကိုယ်ကျိုးရှာဆောင်ရွက်မှု အမှားအယွင်းများကို အကျယ်တဝင့် ဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ကော်သုံးကော်၏ တာဝန်မကျေလျော့ရဲမှုများနှင့် အဂတိမကင်းသည့် လုပ်ရပ်များသည် တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့်သာဖြစ်သည်ဟု ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)က မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်ဒေသတွင် နေထိုင်ရင်း မြေကိုအဓိက အားထားစိုက်ပျိုးကုန်ထုတ်နေကြသည့် တောင်သူလယ်သမားများဖြစ်ပါကြောင်း၊ အဆိုပါ တောင်သူလယ်သမားများသည် အခြေခံလူတန်းစားကုန်ထုတ်စွမ်းအားရှင်ကြီးများဖြစ်ပြီး မြန်မာနိုင်ငံသားအားလုံး ၎င်းတို့စိုက်ပျိုးထွန်ယက်ပြီး သီးပွင့်လာသည့် မြေထွက်သီးနှံများကို စားသုံး၍ ရှင်သန်လာခဲ့ကြခြင်းဖြစ်ပါကြောင်း၊ သို့သော် အဆိုပါ တောင်သူလယ်သမားကြီးများသည် ယနေ့အချိန်တွင် မြေယာမဲ့ဘဝဖြင့် နှစ်ပေါင်းများစွာ ခံစားနေကြရပြီး မြေမရှိတော့သည့်ဘဝတွင် ရပ်တည်မှုအခက်အခဲများဖြင့် ရင်ဆိုင်နေကြရပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများ အဆင့်မီဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် နိုင်ငံသူ နိုင်ငံသားများအတွက် ကုန်ထုတ်စွမ်းအားဖြည့်ဆည်းပေးနေသည့် မူလပိုင်ရှင်တောင်သူလယ်သမားကြီးများထံ လယ်ယာမြေများ အမြန်ဆုံးရောက်ရှိရေးသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူ့ဝန်ထမ်းကောင်းများပီသစွာ ပြုကျင့်လိုက်နာ ဆောင်ရွက်ကြရန် တင်ပြရင်း အဆိုအား ထောက်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ဩဂုတ် ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# တိမ်တိုက်တံတား

**တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)**

ရုပ်ရှင်ချစ်ပရိသတ်များအား "တိမ်တိုက်တံတား" အကြောင်း ပြောပြချင်သည်။ မြန်မာ့ရုပ်ရှင်ကွလို့ လက်မထောင်ပြနိုင်သည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။ ဇာတ်ကားကောင်းရှားပါးနေချိန်တွင် တောင်တန်းဒေသနေ ပြည်သူများ၏ဘဝကို နောက်ခံထားသည့် အချစ်နှင့် ဘဝသရုပ်ဖော် "တိမ်တိုက်တံတား" ဇာတ်ကားကို ကြည့်လိုက်ရသည့်အခါ ရင်မှာပီတိဖြာခဲ့ရသည်။

**မြင့်မြတ်သည့် မေတ္တာ**

"တိမ်တိုက်တံတား"သည် ဖျော်ဖြေရေးသက်သက် မဟုတ်၊ တတ်စွမ်းသမျှ အနုပညာဖြင့် တောင်တန်းဒေသ၊ ဝေးလံခေါင်ပါးသည့် ဒေသများရှိ ပြည်သူတို့ဘဝ နိမ့်ကျနေမှုတွေကို လျော့နည်းစေရန် ရည်ရွယ်ရိုက်ကူးထားသည်။ 7th Sense Production က ထုတ်လုပ်ပြီး ဇာတ်လမ်းနှင့် ဇာတ်ညွှန်း မိုးနီလွင်၊ ဒါရိုက်တာဩရသ ရိုက်ကူးပြီး အကယ်ဒမီနေတိုး၊ အကယ်ဒမီထွန်းထွန်း၊ ခင်ဝင့်ဝါ၊ ဗီယက်နမ်မင်းသမီး Nguyen Tran တို့ ခေါင်းဆောင် ပါဝင်ထားသည်။ ဖြူစင်မြင့်မြတ်သော ချစ်ခြင်းမေတ္တာဆိုသည်မှာ အတ္တစိတ်ဖြင့် ကိုယ်ကျိုးကို ရှေ့တန်းတင်ရန် မဟုတ်၊ ကိုယ့်ချစ်သူ ကောင်းစားရေး အတွက် အနစ်နာခံပေးတတ်မှ မြင့်မြတ်သည့် မေတ္တာ အလှုဖြစ်မည်၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုဖြစ်ဖို့ရာ၊ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့်မရ၊ ဘက်ပေါင်းစုံ၊ လူတန်းစား ပေါင်းစုံ၊ တက်ညီလက်ညီ စွမ်းအားရှိသမျှ တည်ဆောက်ကြမှ သာယာဝပြောသောနိုင်ငံအဖြစ်သို့ ရောက်ရှိမည်။ လူသားချင်းအတူတူ၊ အားနည်းသူ၊ နိမ့်ကျသူကို ဘေးဖယ်မထားသင့်၊ လူသားချင်းစာနာထောက်ထားသော အမြင်ဖြင့် ရိုင်းပင်းကူညီသင့်ကြသည်။ ထိုအချက်ကို မီးမောင်းထိုးပြထားသည်က "တိမ်တိုက်တံတား"။

"တိမ်တိုက်တံတား" ၏ ဇာတ်လမ်းအကျဉ်းမှာ သာယာလှပသော တောင်တန်းကြီးများ ဝန်းရံထားသည့် နမ့်ပန်တောင်ပေါ်ရွာလေးမှာ တိုက်နယ်ဆေးရုံတစ်ရုံရှိသည်။ ခင်ဝင့်ဝါ(ဒေါက်တာပန်းလှဖြူ)သည် ထိုဆေးရုံ၌ တာဝန်ကျဆရာဝန်မလေး၊ ညတစ်ည ရာသီဥတုက ဆိုးရွားပြီး မိုးသီးတွေကြွေ၊ မိုးသက်လေပြင်းတွေတိုက်၊ ထိုအခိုက် သတိလစ်မေ့မျောနေသည့် လူနာတစ်ဦး ဆေးရုံသို့ ရောက်လာသည်။ ဒေါက်တာမလေးနှင့် ဆေးရုံရှိ ဝန်ထမ်းအားလုံး အစွမ်းကုန်ဝိုင်းဝန်းကုသကြ၍ သေကံမရောက် သက်မပျောက်၊ ထိုလူနာသည် သတိပြန်ရသော်လည်း ဘာကိုမှ သတိမရ။ Cerebral Malaria ငှက်ဖျားပိုး ဦးနှောက်ထဲ ရောက်သွားသည်။ အရူးတစ်ပိုင်းလို အတိတ်မေ့ပြီး ဂယောင်ချောက်ချား ရက်အတန်ကြာ ဆေးရုံမှာထားပြီး ကုသပေးရာ လူက ကျန်းမာလာသည်။ ဆေးရုံရောက်စက ညစ်ပေနေသော်လည်း နေကောင်းလာသည့်အခါ သန့်သန့်ပြန့်ပြန့်၊ လူရည်သန့်၊ ထိုလူနာမှာ ဘာအထောက်အထားမှ မပါလာသည့်အတွက် ဆရာဝန်မလေးက "သက်တံရောင်"ဟု အမည်ပေးထားသည်။ သက်တံရောင်သည် နေကောင်းစပြုလာသည်နှင့် ဆေးရုံမှာ ဝိုင်းကူလုပ်သည်။ ဆရာဝန်မလေးကို သူ၏ အသက်သခင်အဖြစ် အမှတ်ထားပြီး ဝိုင်းဝန်းကူညီစောင့်ရှောက်သည်။ ဆေးရုံမှာ အနေကြာလာတော့ ဆေးရုံဝန်ထမ်းများနှင့် ခင်မင်ရင်းနှီးသွားပြီး ကျန်းမာရေးမှူးကြီး ဦးစောဆိုင်မွန်က သူ့အိမ်မှာ ခေါ်ယူစောင့်ရှောက်ထားသည်။ သက်တံရောင်သည် အလကားမနေ၊ ဆေးရုံအရေး၊ ရပ်ရေးရွာရေး၊ ကလေးများ ပညာရေးကအစ ကူညီပေးသည့်အတွက် တစ်ရွာလုံးက ချစ်ကြသည်။ နိမ့်ကျသည့် ကလေးငယ်များဘဝကို စိတ်ဓာတ်တတ်ကြွလာအောင်၊ အားမငယ်တတ်အောင် လေ့ကျင့်ပေးသည်။ အထူးသဖြင့် သောင်းကျန်းသူများကြောင့် ခြေတစ်ဖက်ပြတ်ခဲ့ရသည့် ကလေးငယ် (ခွန်သာ) သည် သက်တံရောင်ကြောင့် အားငယ်စိတ်တွေ ပျောက်ခဲ့ရသည်။

အတူနေဖန်များလာတော့ ဆရာဝန်မလေးက သက်တံရောင်သည် သာမန်လူမဟုတ်၊ အဆင့်အတန်းမြင့်သည့် ပညာတတ်တစ်ယောက်ဖြစ်ရမည်ဟု ခန့်မှန်းသည်။ သက်တံရောင် အတိတ်ကို ပြန်အမှတ်ရစေလိုသည်။ နိုင်ငံ့အတွက် အကျိုးရှိသည့် ပညာတတ်တစ်ယောက် မဆုံးရှုံးစေလို၊ ဆရာဝန်မလေးသည် သက်တံရောင် အတိတ်ကို ပြန်အမှတ်ရစေရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းသည်။ ဆရာဝန်မလေးက သက်တံရောင်ကို ဂရုစိုက်မှန်းသိတော့ ဆရာဝန်မလေးကို တစ်ဖက်သတ်ကြိုက်နေသည့် ကျောင်းဆရာ ထွန်းထွန်း (စိုင်းလုံ) က မနာလို။ သို့သော် သက်တံရောင်သည် တကယ် ခင်စရာကောင်းသောလူဖြစ်ကြောင်း သိသွားသည့်အခါ စိုင်းလုံပါ သက်တံရောင်ကို ခင်သွားခဲ့သည်။

ဆရာဝန်မှာလည်း အသည်းနဲ့ပါ။ ကြာတော့ သက်တံရောင်နှင့် ဆရာဝန်မလေးတို့ ချစ်သွားကြသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ဖွင့်မပြောဖြစ်ခဲ့။ ပြောမှသိခြင်းထက် မပြောဘဲ သိခြင်းက ပို၍လေးနက်၏။

တစ်နေ့ ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပရာ တစ်ရွာလုံး ပျော်ကြသည်။ နိုင်ငံခြားသားများလည်း ပါဝင်ကြသည်။ ပွဲတော်ဓာတ်ပုံများကို နိုင်ငံခြားသားတစ်ဦးက Facebook ပေါ်တင်လိုက်ရာ ဩစတြေးလျနိုင်ငံနေ ဗီယက်နမ်လူမျိုး Nguyen Tran (ငုယင်မေ) တွေ့သွားသည်။ သက်တံရောင်သည် တစ်ချိန်က ငုယင်မေ၏ ချစ်သူ၊ လက်ထပ်ရန်ပြင်ဆင်ထားသည်။ ဩစတြေးလျ ဆေးကုမ္ပဏီမှာ အလုပ်လုပ်ကြရင်း ချစ်သူဖြစ်ခဲ့ကြသည်။ ငုယင်မေက အရောင်းမန်နေဂျာ၊ ဒန်နီယယ်က ခွဲစိတ်ကု ဆရာဝန် မြန်မာအမည် ဒေါက်တာဉာဏ်လင်းဟုလည်း ခေါ်ကြသည်။

ဒန်နီယယ်ငယ်စဉ်က အလွန်ဆင်းရဲသည်။ မိဘများက သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းထိပြီး ဆုံးပါးသွားသည့်အတွက် ခိုကိုးရာမဲ့၊ သာသနာပြုဆေးကုသရေးအဖွဲ့မှ ဒေါက်တာဂျယ်ရီက မွေးစားခဲ့ပြီး ပညာသင်ကြားပေးခဲ့သည့်အတွက် ဩစတြေးလျမှာ ဆရာဝန်ဘွဲ့ရခဲ့သည်။ ငုယင်မေနှင့် လက်ထပ်ဖို့ပြင်ဆင်နေချိန် ဒန်နီယယ် မြန်မာပြည်ခဏပြန်ပြီး ရှမ်းပြည်နယ်စစ်ဘေးဒုက္ခသည်စခန်းများသို့ ပရဟိတအဖွဲ့များနှင့်အတူ လိုက်ပါ၍ ဆေးကုသပေးလျက်ရှိစဉ် ဒေါက်တာဂျယ်ရီ လေဖြတ်သွားကြောင်း သတင်းရ၍ တောင်ပေါ်ရွာတစ်ရွာမှ ဂျစ်ကားဖြင့် အမြန်ပြန်ဆင်းလာရာ ကားချောက်ထဲထိုးကျပြီး ဒုက္ခရောက်ရသည်။ ခြေဦးတည့်ရာသွားရင်း မိုးသက်လေပြင်းကျ ငှက်ဖျားရောဂါလည်း ထလာသဖြင့် နမ့်ပန်ရွာထိပ်အရောက် လဲကျသတိလစ်မေ့မျောသွားစဉ် ရွာသားများက ကယ်ဆယ်ပို့ပေး၍ ဒေါက်တာပန်းလှဖြူ တာဝန်ကျရာ ဆေးရုံသို့ ရောက်ခဲ့ရသည်။

**အပူတပြင်းရှာဖွေ**

ငုယင်မေသည် ဒန်နီယယ်၏ဓာတ်ပုံကိုတွေ့ပြီး ဩစတေးလျမှ မြန်မာပြည်သို့ ချက်ချင်းလိုက်လာပြီး Guide တစ်ယောက်အကူအညီဖြင့် ဒန်နီယယ် ရှမ်းပြည်နယ် တစ်ဝိုက် အပူတပြင်းလိုက်လံရှာဖွေရာ တွေ့သည်။ သို့သော် ဒန်နီယယ်သည် ငုယင်မေကို မမှတ်မိ၊ ဩစတြေးလျသို့ အတူပြန်လိုက်ဖို့ ခေါ်သော်လည်းမရ၊ ငုယင်မေ လက်လျှော့ပြန်သွားတော့သည်။

တကယ်တော့ သက်တံရောင်သည် ငုယင်မေကို တွေ့သည့်အခါ ပြန်သတိရနေပြီး မေ့လက်စဖြင့် မေ့ဟန်ဆောင်ခဲ့သည်။ အကြောင်းက သက်တံရောင်သည် ဆရာဝန်မလေးထံပါးမှမခွာနိုင်၊ ငုယင်မေကို လေဆိပ်လိုက်ပို့ပြီးအပြန် သက်တံရောင်သည် ဆရာဝန်မလေးကို ဝမ်းသာစကားတွေတဝကြီးပြောဖို့ ကြံရွယ်ခဲ့သော်လည်း ကံဆိုးမိုးမှောင်ကျချင်တော့ နမ့်ပန်ရွာ၌ ငလျင်အကြီးအကျယ်လှုပ်သည်။ တစ်ရွာလုံးအရပ်ပျက်သလို ပြေးကြ၊ လွှားကြ၊ ဆရာဝန်မလေးနှင့် ခြေတစ်ဖက်ပြတ် ကလေးငယ် ခွန်သာတို့ပြေးပေါက်မရှိ တဲတစ်လုံးတည်း ပိတ်မိနေသည်။ ဆရာဝန်မလေးကိုယ်လွတ်ရုန်းပြေးလျှင် လွတ်နိုင်သော်လည်း ကလေးငယ်ကို ပစ်မထားရက်၊ ပွေ့ဖက်အားပေးထားစဉ် ကမ်းပါးပြိုသွားရာ ဆရာဝန်မလေးနှင့် ကလေးငယ်တို့ နှစ်ဦးစလုံး ချောင်းထဲမျောပါသွားရာ အသက်ဆုံးရလေတော့သည်။ သက်တံရောင် ဝင်ရောက်ကယ်ဆယ်ဖို့ အမျိုးမျိုးကြိုးစားသော်လည်း အခြေအနေကမပေး။ ဆရာဝန်မလေးမရှိတော့ပေမယ့် ဆရာဝန်မလေးချစ်တဲ့ နမ့်ပန်ရွာလေးကို သက်တံရောင် ဘယ်သောအခါမှမမေ့၊ ဘယ်တော့မှလည်းမစွန့်၊ နမ့်ပန်ရွာလေးမှာ ထာဝရအခြေချဖို့ သက်တံရောင် ဆုံးဖြတ်လိုက်သည်။

**ဖြတ်သန်းခဲ့**

သည်နေရာမှာ လက်ရာမြောက် "တိမ်တိုက်တံတား" ၏ဖန်တီးရှင် ဒါရိုက်တာဩရသအကြောင်း သိစေချင်သည်။ အမည်ရင်းမှာ ကျော်ကျော်ထွန်း၊ အဖဦးဖေပြည့် (ကျောင်းဆရာ)-အမိဒေါ်ခင်ထားငွေ(ကျောင်းဆရာမ) တို့က ၂၆-၁၀-၁၉၈၁ ရက်နေ့တွင် ယောဒေသ ဂန့်ဂေါမြို့၌ မွေးဖွားခဲ့သည်။ B.A(English)ဘွဲ့နှင့် A.G.T.I (EC) ဒီပလိုမာများရရှိခဲ့ပြီး ရုပ်ရှင်လောကသို့ ၂၀၁၁ ခုနှစ်မှ စတင်ရောက်ရှိခဲ့သည်။ ရှူတင်အလုပ်သမား၊ မှတ်တမ်း၊ တည်းဖြတ်၊ ဇာတ်လမ်းဇာတ်ညွှန်း စသည်ဖြင့် ရုပ်ရှင်အောက်ခြေအဆင့်ဆင့်ကို ဖြတ်သန်းခဲ့ပြီး လက်ရင်းဆရာ ဒါရိုက်တာအကယ်ဒမီ ညီညီထွန်းလွင်ထံမှ ရုပ်ရှင်ပညာများ သင်ယူခဲ့သည်။ ဆရာဖြစ်သူနှင့် တွဲဖက်ဒါရိုက်တာအဖြစ် ကားကြီး ၂၀ ခန့်၊ တစ်ကိုယ်တော် ဒါရိုက်တာအဖြစ် ဗီဒီယိုကားပေါင်း ၁၂ ကား ရိုက်ကူးခဲ့ပြီးဖြစ်သည်။ MRTV မှ ထုတ်လွှင့်ခဲ့သည့် "မင်္ဂလာရှိတဲ့အရပ်" ဇာတ်လမ်းတွဲသည် ဩရသ၏လက်ရာဖြစ်သည်။ တစ်ကိုယ်တော်ဒါရိုက်တာအဖြစ် ရိုက်ကူးပြီးသော ဇာတ်ကားကြီးများမှာ ဝိုင်းကြီးချုပ်၊ စပွန်ဆာ၊ ကြောက်ကြောက်ကြောက်၊ နာနာဘာဝချစ်သူ၊ ဗျစ်ရေအိုင်စောင့်တဲ့နတ်ဘီလူး၊ ရပ်ကျော်ရွာကျော်၊ အိမ်ကြက်၊ တိမ်တိုက်တံတား၊ စရိုက်၊ အချစ်ရဲ့လှည့်ကွက်၊ မုန်းစွဲ၊ ဇီးရိုးနဲ့ ဟီးရိုးတို့ဖြစ်သည်။

ယခုအခါ ဒါရိုက်တာဩရသ၏လက်ရာ "တိမ်တိုက်တံတား"ကို သွားရောက်ကြည့်ရှုအားပေးကြရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

## ရေငန်တားတာ ကျိုးပေါက်မှုအား ပြန်လည်ပြုပြင်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကုလားဘာတောင်ကျေးရွာ ရေငန်တားတာသည် ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီက ပေ ၄၀ ခန့် ကျိုးပေါက်သွားသဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်ဝင်း၊ ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၃၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲမှူးထက်စံ ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပါဝင်သည့် ပူးပေါင်းအဖွဲ့က ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၇ နာရီက မွန်ပြည်နယ် ပေါင်မြို့နယ် အလှပ်ကျေးရွာ ခင်တန်းရပ်ကွက်တွင် အလှပ်ကျေးရွာနှင့် ပင်လယ်အား တားဆီးထားသော ရေငန်တားမြေသားတမံအား ပင်လယ်ရေတိုက်စားမှု ဒဏ်ခံနိုင်ရန်အတွက် အလှပ်ရဲကင်းစခန်းမှူး ရဲအုပ်တင့်လွင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ကျောက်သယ်ခြင်း၊ ကျောက်ချခြင်း၊ ကျောက်စီခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဒုံးညောင်မှိုင်းကျေးရွာ၌ မကြာမီ ဆောင်ရွက်မည်

**မြိတ် ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာ၌ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး ဒေသခံများ၊ လုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ မကြာမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း သုံးခု ဆောင်ရွက်သွားမည်ဖြစ်ပြီး ထားဝယ်ခရိုင်တွင် လောင်းလုံးမြို့နယ်ရှိ စမ်းလှမ်းကျေးရွာ၊ မြိတ်ခရိုင်တွင် ကျွန်းစုမြို့နယ်ရှိ ဒုံးညောင်မှိုင်းကျေးရွာ၊ ကော့သောင်းခရိုင်တွင် ကော့သောင်းမြို့နယ်ရှိ မကြုံဂလက်ကျေးရွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ လောင်းလုံးမြို့နယ်ရှိ စမ်းလှမ်းကျေးရွာ၌ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ကနဦး စတင်ဆောင်ရွက်လျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းထံမှ သိရသည်။

"ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်မယ့် ဒုံးညောင်မှိုင်းကျေးရွာမှာ ယခုလက်ရှိတွင် တောင်ယာလုပ်ငန်း၊ တံငါလုပ်ငန်း၊ ဈေးအရောင်းအဝယ် စတဲ့ လုပ်ငန်းတွေကို သမားရိုးကျ ဆောင်ရွက်နေပါတယ်။ ခရီးလုပ်ငန်းသွားဆောင်ရွက်တဲ့အခါ ဒေသခံတွေအနေနဲ့အများကြီး အကျိုးရှိလာမှာပါ။ ဧည့်သည်များအနေနဲ့ ကျွန်းမှာ ညအိပ်ရပ်နားခွင့်ရတဲ့အတွက် ပိုမိုစိတ်ဝင်စားလာမှာဖြစ်ပြီး ဧည့်သည်တွေ ပိုများလာနိုင်တယ်။ ဒုံးညောင်မှိုင်းကျေးရွာက နာမည်ကြီးနေရာတွေဖြစ်တဲ့ နှစ်ဖက်လှကျွန်း၊ စမတ်ကျွန်း၊ ကြယ်လိပ်ကျွန်း၊ ခနသိဒ္ဓိကျွန်း၊ နတ်သမီးရေတွင်းကျွန်း၊ ဒုံးရေတံခွန်တွေကို အလွယ်တကူ သွားရောက်နိုင်ပါတယ်" ဟု မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေမြင့်က ပြောသည်။

မြိတ်ခရိုင်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် လုပ်ငန်းရှင်များက ဩဂုတ် ၁၂ ရက်တွင် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး**

**(ပြန်/ဆက်)**

## စစ်တောင်းမြစ်၊ သံလွင်မြစ်နှင့် တိုးမြစ်တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့၊ ဘားအံမြို့နယ်နှင့် မအူပင်မြို့နယ်များ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး၊ ဇလ**

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု လွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်း အောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး နှင့်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီနှင့် အမျိုးသားလွှတ်တော်ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတို့မှ ကော်မတီဝင်များ၊ ဥပဒေ ရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊



ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယို မယ်နာလို ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။**

## လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသား အစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်း ခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေး ရေးကော်မရှင်မှ ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင် ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယို မယ်နာလိုသည် ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂဒုတိယ အတွင်းရေးမှူးချုပ်နှင့် အရေးပေါ် ကယ်ဆယ်ရေးညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်း ကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားသည် ညနေပိုင်းတွင် လည်းကောင်း ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာ ကြသည်။

**ကြိုဆိုနှုတ်ဆက်**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော် ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော် ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။ **သတင်းစဉ်**

## မန္တလေးပဲဈေးကွက်၌ ပဲကြီးဈေးမြင့်တက်

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးပဲဈေးကွက်တွင် ဇူလိုင်လအတွင်းက ဈေးငြိမ်သက်နေသော မြန်မာ့ထွက်ကုန်သီးနှံပဲကြီးမှာ ယခုရက်ပိုင်းအတွင်း ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားကြောင့် ဈေးနှုန်းများမြင့်တက်လာကြောင်း အဆိုပါဈေးကွက်မှ သိရသည်။

ပြည်တွင်း၌ အဓိကစားသုံးနေသည့် ပဲကြီး(အသေး)မှာ ဇူလိုင်လအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ နှုန်းဖြင့် ဈေးငြိမ်နေရာမှ ဩဂုတ် ၁၄ ရက်တွင် ငွေကျပ် ၁၀၅၀၀၀ နှုန်းအထိ မြင့်တက်လာပြီး တရုတ်နိုင်ငံ ပို့ကုန်ဖြစ်သည့် ပဲကြီး(အကြီး)မှာ ဇူလိုင်လအတွင်း ငွေကျပ် ၁၀၂၀၀၀ ရှိခဲ့ရာမှ ဩဂုတ် ၁၄ ရက်တွင် ငွေကျပ် ၁၁၆၀၀၀ အထိ မြင့်တက်လာကြောင်း မန္တလေး မြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

ယခင်က အဆိုပါပဲကြီးသီးနှံကို ပြည်တွင်းစားသောက်ကုန်အဖြစ်သာ ရောင်းချမှုပြုခဲ့ပြီး လွန်ခဲ့သော ငါးနှစ်ခန့်မှစ၍ တရုတ်သို့ စမ်းသပ်တင်ပို့ ရောင်းချခဲ့ရာ တရုတ်နိုင်ငံသားများ ကြိုက်နှစ်သက်စွာ စားသုံးမှုရှိလာခြင်း ကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုဝယ်ယူလာကြောင်းနှင့် အိန္ဒိယနှင့် ဂျပန်နိုင်ငံ များမှလည်း ဝယ်ယူမှုများရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပဲကြီးကို မြန်မာပြည်အလယ်ပိုင်း မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်း ဒေသကြီးတို့မှ ဆောင်းသီးနှံအဖြစ် အများဆုံးစိုက်ပျိုးကြကာ ဇန်နဝါရီလကုန်ပိုင်း တွင် စတင်ထွက်ရှိပြီး ဧပြီလအတွင်း၌ လှိုင်လှိုင်ပေါ်လေ့ရှိကြောင်းနှင့် လက်ရှိ အချိန်တွင် လက်ကျန်နည်းပါးလာနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန္တလေးပဲဈေးကွက်၌ ယခုရက်ပိုင်းအတွင်း အခြားပဲသီးနှံ ဈေးနှုန်းများကျဆင်းလျက်ရှိပြီး အထူးသဖြင့် ပဲတီစိမ်းဈေးနှုန်းများမှာ သိသာစွာ ဈေးနှုန်းဆက်တိုက်ကျဆင်းနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### ❒ အာရှအားကစားပြိုင်ပွဲမှ

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် အန်တွမ်နီပေါး က "ပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သလို ထိုင်းနိုင်ငံမှာလည်း လေးရက်ကြာ လေ့ကျင့်ပြီး ခြေစမ်းပွဲတစ်ပွဲကစားခဲ့ပါတယ်။ ရရှိတဲ့အချိန်မှာ အကောင်းဆုံး ဖြစ်အောင် ပြင်ဆင်ထားပါတယ်။ အုပ်စုကျပ်ပေမယ့် အကောင်းဆုံးရလဒ်ရဖို့ ယှဉ်ပြိုင်မှာပါ။ မြောက်ကိုရီးယားနဲ့ အဖွင့်ပွဲမှာလည်း အကောင်းဆုံးတုံ့ပြန် ကစားမှာပါ"ဟု ပြောကြားသည်။

အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ ဦးဘုန်းနိုင်ဇော်၊ နည်းပြချုပ် အန်တွမ်နီပေါး၊ လက်ထောက် နည်းပြ ဟာလက်၊ ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ကာစတန်၊ အသင်းအတွင်းရေး မှူး ဦးမိုးဝေအောင်၊ ဂိုး ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ နောက်တန်း ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင်၊ ဇော်မင်းထွန်း၊ မင်းကျော်ခန့်၊ နန္ဒကျော်၊ ဝင်းမိုးကျော်၊ စိုးမိုးကျော်၊ ရဲရင့်အောင်၊ အလယ်တန်း လှိုင်းဘိုဘို၊ မြတ်ကောင်းခန့်၊ စည်သူအောင်၊ လွင်မိုးအောင်၊ ရန်နိုင်ဦး၊ မောင်မောင်စိုး၊ မောင်မောင်လွင်၊ ရှေ့တန်း အောင်သူ၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေတို့ ပါဝင် ကြသည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုပြိုင်ပွဲတွင် ကစားသမား ၂၀ ဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ရွေးချယ်လေ့ကျင့်ခဲ့သည့် ကစား သမား ၂၃ ဦးအနက် အီစိုးနှင့် တေဇော်လင်းကို ထိုင်းခရီးစဉ်အပြီးတွင် လျှော့ချခဲ့ပြီး ကျန်တစ်ဦးကိုမူ ပြိုင်ပွဲမစမီရက်ပိုင်းတွင် ထပ်မံလျှော့ချခဲ့သည်။ ဂိုးသမားသုံးဦးအနက် ကျော်ဇင်ထက်နှင့် ဆန်းဆက်နိုင်မှာ အပြီးသတ် လူစာရင်းတွင် ပါဝင်လာပြီး ဘုန်းသစ္စာမင်းကိုမူ လျှော့ချခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

## ကရင်ပြည်နယ် ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများပေးအပ်

**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်လျက်ရှိရာ ရေဘေးသင့်အိမ်ထောင်စုများ အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်း အနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် ပြင်ဦးလွင်အခမဲ့နာရေးကူညီမှုအသင်းဥက္ကဋ္ဌနှင့် AUTUMM Dream ကုမ္ပဏီတာဝန်ခံတို့က ကရင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားကြသည်။ ထို့နောက် ပြင်ဦးလွင်အခမဲ့နာရေးကူညီမှုအသင်းမှ ဩဝါဒဆရာတော် ဈေးတောင်ကျောင်းကြီးဆရာတော် အရှင်မေယိယ ဦးဆောင်၍ အသင်းတာဝန်ရှိသူများက ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကို လည်းကောင်း၊ AUTUMM Dream ကုမ္ပဏီတာဝန်ရှိသူများက ထောက်ပံ့ ငွေကျပ် ၁၈ သိန်းကိုလည်းကောင်း ပေးအပ်ရာ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာ တင်ဝင်းကျော်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ မွန်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်ဥပဒေချုပ် ဦးစောချစ်မြင့်လေးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ဩဂုတ် ၁၂ ရက်က ဘားအံမြို့ရှိ ကရင်ပြည်နယ် ရေဘေး ကယ်ဆယ်ရေးဗဟိုကွပ်ကဲရေးစခန်းတွင် ရန်ကုန်မြို့ မှတ်တိုင်ထုတ်လုပ်ရေးက လှူဒါန်းသော ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ အိမ်ခြေ ၂၀၀ စာအတွက် ဒန်အိုး၊ ပန်းကန်၊ ဇွန်းစသည့် မီးဖိုချောင်သုံးပစ္စည်းများ၊ ဖိနပ်၊ စာအုပ်၊ အမျိုးသမီး လစဉ်သုံးပစ္စည်းများ၊ ဆေးဝါး၊ ငါးသေတ္တာ၊ မီးခြစ်၊ ဖယောင်းတိုင် စသည့် ပစ္စည်းများကို အလှူရှင်များကိုယ်စား ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော ဝေဠုကျော်၊ အေးမြတ်သူနှင့် အဖွဲ့ဝင်များက ပေးအပ်ရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာပါဝင်ပူးပေါင်းကြစေချင်

## သန်းဖြိုးနိုင်(ကညင်ကျိုး)

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်ပြဋ္ဌာန်း၊ အာဏာစတည်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၂၉ ဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ ထိုဥပဒေမှာ ယခု ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အာဏာတည်ပြီး သက်ဆိုင်ရာဌာနမှ ကိုင်တွယ်ကျင့်သုံးခြင်းနှင့်အတူ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများလည်း အသီးသီးမှတ်ပုံတင်လာကြတော့မည်ဖြစ်သည်။ ပြီးသည့်အခါ ဥပဒေသစ်ပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြတော့မည်ဖြစ်သည်။ အဆိုပါဥပဒေမှာ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၆ ရက်တွင် ပြဋ္ဌာန်းခဲ့သည်ဆိုသော်လည်း ဥပဒေပါပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ အာဏာစတည်မည့်ရက်ကို နိုင်ငံတော်သမ္မတက ကြေညာပေးရမည်ဟု ဆိုထားသည့်အတွက် ဇွန် ၂၁ ရက်တွင် ကြေညာပေးခဲ့ခြင်းပင် ဖြစ်သည်။

### မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ထပ်မံဖြည့်စွက်ပြင်ဆင်ဖွဲ့စည်း

ထိုသို့နိုင်ငံတော်သမ္မတက အာဏာစတည်မည့်ရက်အား ကြေညာပေးသည့်အချိန်နှင့်တစ်ပြေးညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ကိုလည်း ယခုနှစ် မေလအတွင်းတွင် ဥက္ကဋ္ဌသစ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ထပ်မံဖြည့်စွက်ပြင်ဆင်ဖွဲ့စည်း ပေးခဲ့သည်။ ထိုဥပဒေသစ်နှင့်ပတ်သက်ပြီး ဇွန် ၁၅ ရက်တွင်လည်း ရန်ကုန်မြို့ရှိMelia Hotel တွင် ဩစတြေးလျ၊ အမေရိကန်၊ အင်္ဂလန်နှင့် ဥရောပသမဂ္ဂတို့မှ ကုန်သည်ကြီး များအသင်း၏ ခေါင်းဆောင်ပိုင်းများနှင့်တွေ့ဆုံပြီး MIC ၏ လုပ်ငန်းစဉ်များ ပိုပြီး မြန်မြန်ဆန်ဆန်ဖြစ်အောင် ဆောင်ရွက်သွားနိုင်ရေးအတွက် ကန့်သတ်ချက်အနည်းဆုံး ဖြစ်စေရန် မလိုအပ်သည့်အဆင့်များကို လျှော့ချပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ခွင့်ပြုသွားရန် ဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။ ထို့အပြင် နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုကြမည့် ကုမ္ပဏီများ ပိုမိုများပြားစွာဝင်ရောက်လာရေး အတွက်လည်း ပြည်တွင်း၊ ပြည်ပများ၌ မိတ်ဆက်ရှင်းလင်းဖိတ်ခေါ်ခြင်းများ ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရသည်။

### မှတ်ပုံတင်ခြင်းလုပ်ငန်းကို အွန်လိုင်းမှ အခမဲ့ ဆောင်ရွက်

ဥပဒေသစ်အရ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို Myanmar Companies Online စနစ်ဖြင့် ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခင်မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ(၁၉၁၄)နှင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများ ဥပဒေတို့အရ မှတ်ပုံတင်ထားသည့် တည်ဆဲကုမ္ပဏီ၊ အသင်းအဖွဲ့များ အနေဖြင့် ဩဂုတ်လ ၁ ရက်နေ့မှစတင်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ခြောက်လတာကာလအတွင်း သတ်မှတ်နည်းလမ်းအတိုင်း မှတ်ပုံတင်ကြရန် နှိုးဆော်ထားသည်။ ထိုသို့မှတ်ပုံတင်သည့်အခါတွင်လည်း ယခင်ကအဆိုပြုလွှာကို လက်ခံသည့်ရက်မှ

> ❛ ကျွန်ုပ်တို့နိုင်ငံတွင် ကောက်ယူထားသည့် စစ်တမ်းများအရဆိုလျှင် နိုင်ငံသားဦးရေ ၁၀၀၀ တွင် တစ်ဦးခန့်သာ တရားဝင်ကုမ္ပဏီ တည်ထောင်ပြီး အခွန်အခ စနစ်တကျ သွင်းကာ နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြသည်ဟု မြင်ရသည်။ ❜

စပြီး ရက်ပေါင်း ၆၀ အတွင်း ခွင့်ပြုမိန့်ကို လုပ်ငန်းရှင်များကို ထုတ်ပေးခဲ့ရာမှ ယခုဥပဒေသစ်အရ ရက်ပေါင်း ၆၀ ထက် မြန်အောင်ဆောင်ရွက်ပေးရန်နှင့် ထို့ထက်ဆောလျင်စွာ ထုတ်ပေးနိုင်ရေးဆောင်ရွက်သွားရန် စီစဉ်ထားသည်ဟုလည်း သိရသည်။

### ဥပဒေသစ်၏ထူးခြားချက်များ

ဥပဒေသစ်၏ထူးခြားချက်များထဲမှ အချို့အချက်များကို ကောက်နုတ်ဖော်ပြရလျှင် ယခင်က မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုတွင် နိုင်ငံခြားသားတစ်ဦးက အစုရှယ်ယာတစ်စုပါဝင်ပါက အလိုအလျောက်နိုင်ငံခြားသားပိုင်ကုမ္ပဏီလိုဖြစ်သွားနိုင်ခဲ့ရာမှ ယခုဥပဒေအသစ်အရဆိုလျှင် နိုင်ငံခြားသားတစ်ဦးအနေဖြင့် အစုရှယ်ယာ ၃၅ ရာခိုင်နှုန်းအထက် ပိုင်ဆိုင်မှုရှိမှသာ နိုင်ငံခြားသားပိုင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခွင့်ရှိလာနိုင်မည်ဖြစ်သည်။ ပြည်တွင်းမှနိုင်ငံသားလုပ်ငန်းရှင်များအတွက် အသေးစားကုမ္ပဏီများပါ မှတ်ပုံတင်၍ ရနိုင်သည့်အချက်ပါဝင်လာပြီး ၎င်းတို့အပေါ် ဖြေလျှော့သည့်အနေဖြင့် စာရင်းစစ်ခံခြင်း၊ နှစ်စဉ်ကျင်းပသည့်အထွေထွေအရပ်ရပ် အစည်းအဝေးများ လုပ်စရာမလိုခြင်း၊ မှတ်ပုံတင်ကြေးကို အနည်းဆုံး နှစ်သိန်းခွဲအထိ လျှော့ချပေးထားခြင်း၊ ယခင်က ကုမ္ပဏီအသစ်ထူထောင်ပါက ဒါရိုက်တာအဖွဲ့ဝင်အနည်းဆုံး နှစ်ဦး ပါဝင်မှသာ ခွင့်ပြုခဲ့သော်လည်း ယခုအခါ ဒါရိုက်တာတစ်ဦးတည်းရှိရုံဖြင့်လည်း ကုမ္ပဏီအသစ်ထူထောင်နိုင်ခြင်း၊ ထို့အပြင်ဒါရိုက်တာအဖွဲ့ဝင်များ အတိုးအလျှော့ပြုလုပ်လိုပါက မိမိတို့အနေဖြင့် ကုမ္ပဏီဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နိုင်ကြပြီး အွန်လိုင်းစနစ်ဖြင့်ပင် ကော်မရှင်သို့ ပြန်လည်မှတ်ပုံတင်နိုင်ခြင်း၊ ဒါရိုက်တာတစ်ဦးလိုက်နာရမည့်အချက်များကို လမ်းညွှန်စာအုပ်တွင်ဖော်ပြထားပြီး ကုမ္ပဏီမှတ်ပုံတင်ပြီးသည့်အခါ အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်သူ၏အကောင့်ထဲသို့ ပေးပို့ပေးခြင်း စသည့်အချက်များ ထူးခြားစွာပါဝင်လာမည်ဖြစ်သည်။

### ဥပဒေမှပေးသည့်အခွင့်အရေးနှင့် အကာအကွယ်ကိုရယူနိုင်

ကုမ္ပဏီအသစ်အရ ကုမ္ပဏီထူထောင်အလုပ်လုပ်သူများအဖို့ ၎င်းတို့အနေဖြင့် ယခု ဥပဒေသစ်ပါပြဋ္ဌာန်းချက်များအတိုင်း စနစ်တကျမှတ်ပုံတင်ပြီး ဆောင်ရွက်လာမည်ဆိုပါက ဥပဒေမှပေးသည့် အခွင့်အလမ်းများ၊ ဥပဒေ၏အကာအကွယ်များကို အသီးသီးရရှိလာကြမည် ဖြစ်သည်။ ဥပဒေသစ်ကိုကိုင်တွယ်ကျင့်သုံးမည့် ဆိုင်ရာဌာနအနေဖြင့်လည်း ဥပဒေကို ပြည်သူများ၊ နိုင်ငံခြားသားများ အလွယ်တကူ နားလည်ရှင်းလင်းအောင်ရေးဆွဲထားပြီး အခွင့်အလမ်းများစွာကိုလည်း လမ်းဖွင့်ပေးထားသည်ဟု ဆိုသည်။ ထို့အပြင် ထိုသို့ပေးအပ်ထားသည့် အခွင့်အလမ်းနှင့် ရပိုင်ခွင့်များကို အခွင့်ကောင်းယူပြီး စည်းကမ်းချိုးဖောက်မှုများရှိလာပါကလည်း ပြန်လည်အရေးယူနိုင်သည့် စည်းမျဉ်းစည်းကမ်းများ ထည့်သွင်းထားပြီး ပွင့်လင်းမြင်သာမှုအားကောင်းစေရန် အချို့ပြဋ္ဌာန်းချက်အသစ်များကို ထည့်သွင်းထားသကဲ့သို့ ကုမ္ပဏီကို ပြန်လည်မှတ်ပုံတင်ခြင်းဖြင့် စည်းမျဉ်းများပြန်ပြောင်းလဲထားသည်။ သို့အတွက် တစ်ဖက်မှလည်း ဒါရိုက်တာအဖွဲ့ တိုးခြင်း၊ လျှော့ခြင်းများ၊ ရှယ်ယာတိုးခြင်း၊ လျှော့ခြင်းများကို အလွယ်တကူပြောင်းလဲပြင်ဆင်နိုင်စေရန် အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်စေရေး စီမံဆောင်ရွက်ထားကြသည်ကိုလည်း မြင်ရသည်။

### ဥပဒေသစ်များ ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းခဲ့ကြ

နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်ရရှိရေး၊ တစ်နေ့တာလုပ်ခလစာတိုးမြှင့်ရရှိရေး၊ ကုန်ဈေးနှုန်းများ ကျဆင်းရေးတို့အတွက်ဆိုလျှင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လုပ်ကိုင်ကြမည့် ကုမ္ပဏီများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်။ သို့အတွက် လိုအပ်သည့် ယခုဥပဒေသစ်ကို လွန်ခဲ့သည့်သုံးနှစ်ကတည်းကပင် နိုင်ငံတကာတွင် ကျင့်သုံးကြသည့် နည်းစနစ်များအတိုင်း ရေးဆွဲပြဋ္ဌာန်းကြခြင်းဖြစ်သည်။ ဤဥပဒေနှင့် ဆက်စပ်နေသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကို ယခုအစိုးရလက်ထက်ကာလအစတွင်ပင် ပြန်လည်ရေးဆွဲပြဋ္ဌာန်းပေးထားသည်ကိုလည်း တွေ့ခဲ့ရသည်။

### အတိတ်ကိုသင်ခန်းစာယူ၍ လူသစ်စိတ်သစ်ဖြင့် လျှောက်လှမ်းကြ

ကျွန်ုပ်တို့နိုင်ငံ၏ အတိတ်သမိုင်းကို လေ့လာကြည့်လျှင် ယခုကုမ္ပဏီဥပဒေအသစ်ကို မပြင်ဆင်မရေးဆွဲမီက လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော် အင်္ဂလိပ်မင်းတို့ အုပ်စိုးစဉ်ကပြဋ္ဌာန်းခဲ့သည့် ၁၉၁၄ ခုနှစ် ကုမ္ပဏီအက်ဥပဒေဖြင့်သာ ဆောင်ရွက်နေခဲ့ကြရသည်။ ထိုကာလများအတွင်းတွင် မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံများတွင်မူ ထိုဥပဒေ၏ကျောရိုးကိုပင်ယူပြီး ၎င်းတို့နှင့် ကိုက်ညီမည့်ပုံစံ၊ နိုင်ငံတကာမှ နည်းစနစ်များဖြင့် ပြောင်းလဲရေးဆွဲကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ ပြည်တွင်းမှ နိုင်ငံသားကုမ္ပဏီ အသေးစားများကိုလည်း ဥပဒေအတွင်းမှ လမ်းဖွင့်ကာ ကူညီမှုများပေးခြင်းဖြင့် အချိန်တိုအတွင်း ၎င်းတို့နိုင်ငံနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ပြောင်းလဲခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့နိုင်ငံအတွက်မူ ထိုသို့မဟုတ်၊ ဥပဒေကအဟောင်း၊ စီးပွားရေးစနစ်နှင့် မူဝါဒကအသစ်အကြားတွင် အလုပ်မဖြစ်ခဲ့ပေ။ ဤသို့ဖြင့် နှစ်ပေါင်းအတော်ကြာ တရားဝင်ကုမ္ပဏီ၊ အသင်းအဖွဲ့များစာရင်း နည်းပါးခဲ့ရပြီး နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများလည်း မရရှိခဲ့ကြချေ။

### နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပူးပေါင်းလုပ်ကိုင်ကြစေချင်

လက်ရှိ ကျွန်ုပ်တို့နိုင်ငံတွင် ကောက်ယူထားသည့် စစ်တမ်းများအရဆိုလျှင် နိုင်ငံသားဦးရေ ၁၀၀၀ တွင် တစ်ဦးခန့်သာ တရားဝင်ကုမ္ပဏီတည်ထောင်ပြီး အခွန်အခ စနစ်တကျသွင်းကာ နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြသည်ဟု မြင်ရသည်။ ကျွန်ုပ်တို့နိုင်ငံအပေါ် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ချိန်ထိုးပြီး ပြောရလျှင် အိမ်နီးချင်းထိုင်းနိုင်ငံတွင် နိုင်ငံသား ၇၀ ခန့်တွင် တစ်ဦး၊ စင်ကာပူတွင်မူ လူသုံးဦးရှိလျှင် တစ်ဦး၊ လာအိုနိုင်ငံတွင်မူ လူ ၃၀၀ ရှိလျှင် တစ်ဦးတို့ ကုမ္ပဏီထူထောင်ကာ တိုင်းပြည်၏စီးပွားရေးအတွင်း ပါဝင်လုပ်ကိုင်လျက်ရှိသည်ဟု ကြားသိရသည်။

### တိုင်းပြည်ဘဏ္ဍာ တိုးတက်အောင် ကြံဆောင်

သို့အတွက် နိဂုံးချုပ်တင်ပြရလျှင် ယခုအချိန်တွင် ပေါ်ပေါက်လာသည့် မြန်မာနိုင်ငံကုမ္ပဏီဥပဒေသစ်အရ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေဖြင့်လည်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆိုင်ရာဌာနနှင့် ပါဝင်ပူးပေါင်းကာ မှတ်ပုံတင်ခြင်းကို အစမှပြန်လည်ဆောင်ရွက်ကြခြင်း၊ မိမိတို့အတွက် ရရှိနိုင်မည့် အခွင့်အရေးနှင့်အကျိုးအမြတ်များကို ဥပဒေဘောင်အတွင်းမှသာ ရယူကြခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုရှေးရှုပြီး ပေးဆောင်သင့်၊ ပေးဆောင်ထိုက်သည့် အခွန်အခများကို အများနည်းတူ အခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ပေးသွင်းကြခြင်းများ ပြုလုပ်ကြစေလိုပါကြောင်းနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ကျော်လွန်ဖောက်ဖျက်ပြီး လက်တစ်လုံးခြားဆောင်ရွက်ကြခြင်းများကို ရှောင်ရှားကြစေလိုပါကြောင်း အများအကျိုးငှာ တိုက်တွန်းရေးသားတင်ပြလိုက်ရပေသည်။ ။

---

## သုံးခွမြို့နယ်၌ နေအိမ်ပျက်စီးခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**သုံးခွ ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာနှင့် ထွန်းစိန်ကျေးရွာတို့တွင် ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီခွဲခန့်က ပင်လယ်ဒီရေမြင့်တက်လာပြီး လယ်သမားတာ နှစ်နေရာ ကျိုးပေါက်ပျက်စီးခဲ့၍ ရေမျောပါပျက်စီးကာ လူနေတဲ ၄၀ ရေဝင်ရောက်မှုကြောင့် ဆွေမျိုးများနေအိမ်များသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရကြောင်း သိရသည်။

ယင်းရေဝင်ရောက်၍ နေအိမ်ပြောင်းရွှေ့ အိမ်ထောင်စုများအား ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် မိုကုန်သာကျေးရွာ ဘုန်းတော်ကြီး ကျောင်းတိုက်၌ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့ပေးအပ်ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ရေမျောပါလူနေတဲ နှစ်တဲမှ အိမ်ထောင်စု နှစ်စုအတွက် ငွေကျပ်တစ်သိန်းစီနှင့် ပစ္စည်း ၁၁ မျိုးပါ Family Kit ပုံး တစ်လုံးစီ၊ စောင်တစ်ထည်စီ၊ ဆန်ရိက္ခာ ဖိုးငွေများ ပေးအပ်ပြီး မြို့နယ်တာဝန်ရှိသူများက ရေနစ်မြုပ် အိမ်ထောင်စု ၄၀ အတွက် စောင်တစ်ထည်စီ၊ တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၃၄၀၂၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

---

## ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မျိုးစပါးနှင့် ထွန်ယက်ဆီထောက်ပံ့ပေးအပ်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရေကြီးနစ်မြုပ်တောင်သူများအတွက် မျိုးစပါးနှင့် ထွန်ယက်ဆီထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားသည်။ ထို့နောက်ရေကြီးနစ်မြုပ် တောင်သူများအတွက် ထွန်ယက်ဆီ၊ မျိုးစပါးများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ဂျစ်ပ်ဆန်ကျောက်မှုန့်မြေဩဇာ၊ မျိုးစေ့ချစက်နှင့် ဘတ္တရီ၊ ဆေးဖြန်းပုံးတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်း၊ ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းတို့က ပေးအပ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးနှင့် တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**

---

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ခရမ်း ဩဂုတ် ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဘိုကလေးကျေးရွာတွင် ထူးကဲဒီရေတက်ရောက်မှုကြောင့် ရေဘေးဒုက္ခကြုံခဲ့ရသည့်ကျေးရွာနေပြည်သူများအား ထောင့်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဩဂုတ် ၁၄ ရက်ညနေ ၄ နာရီကယာယီ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် ဆိုက်ကလုံးရှယ်တာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရမ်းမြို့နယ် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက ငွေကျပ် ၃၃၀၀၀၀၊ ခရမ်းမြို့နယ်ဆန်စပါး၊ ဆန်စက်လုပ်ငန်းရှင်များအသင်းက ဆန် ၅၃ အိတ်၊ ပဲ ငါးအိတ်၊ ဆီငါးပုံး၊ မြက်ဖျာအကြီးအချပ် ၂၀၊ ရေသန့် ၁၀၀ ကတ်၊ ခရမ်းရွှေငါးကြင်းသမစတိုးက ဆန် ၂၇ အိတ်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးစည်သူက ငွေ နှစ်သောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက ငွေကျပ်တစ်သောင်းငါးထောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစိုးနိုင်ဦးက မုန့်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ရာ ယာယီရေဘေးကယ်ဆယ်ရေးစခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ SRI စနစ် ကောက်စိုက်စက် လှူဒါန်းလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဩဂုတ် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနယူးဧရာကုမ္ပဏီ မျိုးစေ့သန့်စင်စက်ရုံတွင် ကျင်းပသည့် မြန်မာနယူးဧရာစိုက်ပျိုးရေးကုမ္ပဏီလီမိတက်နှင့် Minoru-Keiwa Myanmar Co.,Ltd. တို့မှ စိုက်ပျိုးရေးဦးစီးဌာနသို့ SRI စနစ် ကောက်စိုက်စက် လှူဒါန်းလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကောက်စိုက်စက်များနှင့် ဆက်စပ်စက်ကိရိယာများ ခင်းကျင်းပြသထားမှုနှင့် မျိုးသန့်စပါးမျိုးစေ့များ ထုပ်ပိုးသိုလှောင်နေမှုတို့ကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက မျိုးသန့်မျိုးစေ့များ ထုတ်လုပ်နေမှုနှင့် တောင်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထူးအရေးပါသော လုပ်ငန်းတစ်ခုဖြစ်သည့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအပိုင်းသာမက ပုဂ္ဂလိကအခန်းကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားသည် များစွာအရေးပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုမှုဆိုင်ရာနည်းပညာများ စသည့် တောင်သူလယ်သမားများ လက်တွေ့အကျိုးရှိစွာအသုံးချနိုင်မည့် နည်းပညာများကို ထိရောက်စွာဖြန့်ဝေပေးရန်နှင့် စွမ်းဆောင်နိုင်မှု တိုးမြင့်စေရန်တို့အတွက် လယ်ယာကဏ္ဍဆိုင်ရာ ဝန်ဆောင်မှုပေးနေကြသည့် ကုမ္ပဏီများ၊ ပညာရှင်များက သက်ဆိုင်ရာဌာနများနှင့် ဟန်ချက်ညီပူးပေါင်းဆောင်ရွက် လုပ်ကိုင်နေမှုအပေါ် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကောက်စိုက်စက် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ မြန်မာနယူးဧရာစိုက်ပျိုးရေး ကုမ္ပဏီလီမိတက်နှင့် Minoru-Keiwa Myanmar Co.,Ltd. မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် SRI စနစ် ကောက်စိုက်စက်တစ်စီးကို မြန်မာနယူးဧရာစိုက်ပျိုးရေးကုမ္ပဏီလီမိတက်နှင့် Minoru-Keiwa Myanmar Co.,Ltd. မှ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီးရှိ စပါးမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းတွင် ကျင်းပသည့် SRI စနစ် ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးနေမှုများကို ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။



တောင်သူများအား ဝန်ဆောင်မှုပေးရာတွင် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းပြီးသည်အထိ တစ်ဧက ကုန်ကျစရိတ်မှာ ငွေကျပ်နှစ်သိန်းဝန်းကျင်ခန့်သာ ကုန်ကျစရိတ်ရှိပြီး တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိခံစားနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ မျိုးထုတ်တောင်သူတစ်ဦးအနေဖြင့် အသားတင်အမြတ်ငွေကျပ် ငါးသိန်းခန့်သို့ တိုးမြင့်လာပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံပြည်သူများလှူဒါန်းသည့် ကျောင်းဆောင်သစ်နှင့် အားကစားကွင်းများ လွှဲပြောင်းပေးအပ်ပွဲ ပျဉ်းမနားမြို့၌ ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာ-ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ် ထိုင်းနိုင်ငံ ပြည်သူများက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ်နှင့် အားကစားကွင်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ပျဉ်းမနားမြို့ အခြေခံပညာမူလတန်းကျောင်း(သပြေလှ)ရှိ အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (သပြေလှ)ကျောင်းအုပ်ဆရာမကြီး ဒေါ်စံပယ်ခိုင်က မူလတန်းကျောင်း၏သမိုင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းက နှစ်ထပ်ကျောင်းဆောင်သစ်နှင့် အားကစားကွင်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ထိုင်းနိုင်ငံခြားရေးဝန်ကြီးအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်မျက်နှာစာ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ကျောင်းအုပ်ဆရာမကြီးအား ကျောင်းဆောင်သစ်နှင့် အားကစားကွင်းဆိုင်ရာ အထောက်အထားများကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်နှင့် အားကစားကွင်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၁၁၀ နှင့် အနံပေ ၃၀ ရှိ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အားကစားကွင်းများမှာ ကြက်တောင်အားကစားကွင်းနှင့် ဖူဆယ်ဘောလုံးအားကစားကွင်းတို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင် (၉)ကြိမ်မြောက်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ (၉)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။



အစည်းအဝေးတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးအား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုကို ငါးနှစ်အတွင်း နှစ်ဆတိုးမြှင့်ရေး၊ ထိုင်းနိုင်ငံတွင်ရောက်ရှိနေကြသော မြန်မာနိုင်ငံသား အလုပ်သမားများ အခွင့်အလမ်းကာကွယ်မြှင့်တင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ပေါင်းစည်းဆက်နွှယ်မှုမြှင့်တင်ရေးအတွက် ဒုတိယမြောက် ချစ်ကြည်ရေးတံတားဆောလျင်စွာဖွင့်လှစ်ရေး၊ နယ်စပ်ဒေသတစ်လျှောက်ရှိ ပြည်နယ်များအကြား ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းနေမှုများကို အထောက်အကူပြုစေရေးအတွက် စံပြကျေးရွာများတည်ဆောက်ရေး၊ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးကိစ္စများအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအကြားတွင်သာမက ဒေသတွင်းနယ်ပယ်၌ပါ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးအတွက် နည်းလမ်းများရှာဖွေရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့အကြား လေကြောင်းသဘောတူညီချက်ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်ဝီနိုင်းတို့က လည်းကောင်း၊ မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့အကြား ရခိုင်ပြည်နယ် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနားလည်မှုစာချွန်လွှာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ထိုင်းအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ညွှန်ကြားရေးမှူးချုပ် မစ္စဆူဖတ်ထရာဆရီမိုင်းသရီဖိထက်တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်ဝီနိုင်းတို့သည် (၉)ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပခဲ့ခြင်းကိစ္စနှင့်ပတ်သက်၍ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲအပြီးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁၂ နာရီခွဲတွင် အမ်ဂယ်လာရီ(ဆိုဖီတယ်လ်)ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

## ဧရာဝတီမြစ်နှင့် ဝေါမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ဇလွန်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# ကုန်သွယ်ရေးလုပ်ငန်းများဖြင့် တိုင်းပြည်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်

ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာပြီး နိုင်ငံတော်၏စီးပွားရေးမြင့်မားတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကဘက်ပေါင်းစုံမှ ကြိုးစားဖော်ဆောင်လျက်ရှိရာ စီးပွားရေးအသိအမြင်များ ပိုမိုမြင့်မားလာစေရန်နှင့် ပူးပေါင်းအဖြေ ရှာခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပသည့် စီးပွားရေးစကားဝိုင်းတစ်ခုကို ဩဂုတ် ၉ ရက်က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြုလုပ်ခဲ့သည်။**

**ကုန်သွယ်ဖွံ့ဖြိုး စီးပွားတိုးခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်ဟန်တို့က စကားဝိုင်းတွင် ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြခြင်းဖြစ်ရာ စာဖတ်ပရိသတ်များသိရှိနိုင်စေရန် ပြန်လည်ဖော်ပြအပ်ပါသည်-**

**(ယမန်နေ့မှအဆက်)**


ဦးနေလင်းဇင်


ဦးခင်ဟန်


ဦးရန်နိုင်ထွန်း

**❝လက်ရှိ ရေကြီးရေလျှံတဲ့ကာလမှာ စိုက်ပျိုးဧက တစ်သိန်းခွဲကနေ နှစ်သိန်းကြား ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ဆန်အထွက်နှုန်းဆုံးရှုံးမှုက တန်ချိန် ၁ ဒသမ ၂ သိန်းလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ ထိခိုက်မှုတွင် တန်ချိန်ကို တွက်ကြည့်ရတဲ့အခါ မနှစ်ကဆန်ထုတ်လုပ်မှုက တန်ချိန် ၁၄ သန်းရှိပါတယ်။ ဒါကြောင့် အခု ထိခိုက်ဆုံးရှုံးမှုက မနှစ်က အထွက်နှုန်းနဲ့ တွက်မယ်ဆိုရင် တစ်ရာခိုင်နှုန်း မပြည့်ပါဘူး။ လက်ရှိမှာ ရေကြီးနစ်မြုပ်မှုကြောင့်တော့ အများကြီးဆုံးရှုံးတယ်လို့ ပြောလို့တော့ သိပ်မရပါဘူး❞**

**အစီအစဉ်မှူး။** ။ ဒီနှစ်က ဝါထပ်တဲ့နှစ်ဖြစ်သလို မြန်မာနိုင်ငံ အနှံ့အပြားမှာလည်း ရေကြီးရေလျှံမှုတွေဖြစ်ခဲ့ပါတယ်။ ရေကြီးမှုကြောင့် ဧက ခုနစ်သိန်း ရေလွှမ်းခဲ့ပြီး ဧက သုံးသိန်း ပျက်စီးတယ်လို့ သိရပါတယ်။ ဒီလိုထိခိုက်ပျက်စီးမှုတွေဟာ လက်ရှိ ဆန်ထုတ်လုပ်မှုကို ထိခိုက်စေပါသလား။ မြန်မာနိုင်ငံရဲ့ ဒီနှစ်ဆန်တင်ပို့မှုအလားအလာနဲ့ ဈေးနှုန်းအခြေအနေ ကိုလည်း ကိုနေလင်းဇင်က ရှင်းပြပေးစေလိုပါတယ်။

**ဦးနေလင်းဇင်။** ။ ရေကြီးနစ်မြုပ်မှုနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ပုံမှန်ဆိုရင်တော့ ဝါထပ်တဲ့ နှစ်တွေဖြစ်တဲ့ အခုလိုအချိန်မျိုးမှာ ရေကြီးရေလျှံလေ့ရှိတာ ကြာပါပြီ။ မိုးများတဲ့နှစ်တွေမှာ မိုးဦးကျကာလ ရေနစ်မြုပ်မှုဖြစ်တတ်ပါတယ်။ ဒါပေမယ့် ၂၀၁၅ ခုနှစ် တုန်းကလောက်တော့ အခုအချိန်အထိ မဆိုးရွားသေးဘူး လို့ထင်ပါတယ်။ အဲဒီတုန်းက ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၅ ခုမှာ ၁၃ ခုအထိ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ပါတယ်။ ဆန်တင်ပို့မှုကိုပြောရရင် တန်ချိန် တစ်သန်းနီးပါးအထိ ကျဆင်းသွားခဲ့တဲ့ နှစ်လည်းဖြစ်ပါတယ်။

### ဆန်အထွက်နှုန်းဆုံးရှုံးမှု

လက်ရှိ ရေကြီးရေလျှံတဲ့ကာလမှာ စိုက်ပျိုးဧက တစ်သိန်းခွဲကနေ နှစ်သိန်းကြား ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရတဲ့ အတွက် ဆန်အထွက်နှုန်းဆုံးရှုံးမှုက တန်ချိန် ၁ ဒသမ ၂ သိန်းလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ ထိခိုက်မှုတွင် တန်ချိန်ကို တွက်ကြည့်ရတဲ့အခါ မနှစ်ကဆန်ထုတ်လုပ်မှုက တန်ချိန် ၁၄ သန်းရှိပါတယ်။ ဒါကြောင့် အခု ထိခိုက် ဆုံးရှုံးမှုက မနှစ်က အထွက်နှုန်းနဲ့ တွက်မယ်ဆိုရင် တစ်ရာခိုင်နှုန်း မပြည့်ပါဘူး။ လက်ရှိမှာ ရေကြီးနစ်မြုပ်မှု ကြောင့်တော့ အများကြီးဆုံးရှုံးတယ်လို့ ပြောလို့တော့ သိပ်မရပါဘူး။

ရေကြီးတယ်ဆိုရင် ဆန်ဈေးက တက်လေ့တက်ထ ရှိပါတယ်။ ဒီနှစ်မှာတော့ ဆန်ဈေးက ရေကြီးလို့တက်တယ် ဆိုတာ သိပ်တော့မတွေ့ရပါဘူး။ ဆန်ဈေးတက်တယ်ဆိုတဲ့ နေရာမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ပြည်တွင်းစား ဆန်တွေ ဖြစ်တဲ့ ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်းတို့လို အမျိုးအစားတွေက ပြီးခဲ့တဲ့တစ်လကျော်လောက် ကတည်းက အနည်းငယ်တက်နေတာပါ။ ပေါ်ကွဲ အမျိုးအစားလည်း ဈေးတက်ပါတယ်။

ဧည့်မထလို့ အများခေါ်ကြတဲ့ စားဆန်ရယ်၊ တရုတ် နယ်စပ်ကနေ ကုန်သွယ်ရေးသွားတဲ့ ဆန်ရယ်၊ ပြည်ပကို ရေကြောင်းကနေတင်ပို့တဲ့ ဆန်တွေကတော့ လက်ရှိမှာ ဈေးကွက်အတွင်းမှာလည်း အရောင်းသွက်လက်မှုမရှိတဲ့ အတွက် လက်ကျန်တွေရှိနေပါသေးတယ်။ ဒါကြောင့် ဈေးငြိမ်နေပါတယ်။ ဈေးနှုန်းမတက်ပါဘူး။ လက်ရှိ အခြေအနေအရတော့ ရေကြီးမှုကြောင့် ဆန်ဈေးနှုန်းတွေ တက်တာ၊ မလုံလောက်ဖြစ်တာမျိုး မရှိနိုင်ပါဘူး။

ဆန်တင်ပို့မှုကို ကြည့်တဲ့အခါမှာတော့ မနှစ်က အားလုံးသိကြတဲ့အတိုင်း ပြည်ပကို ဆန်တင်ပို့မှုဟာ များပြားခဲ့ပြီး တန်ချိန် ၃ ဒသမ ၆ သန်းနီးပါးအထိ တင်ပို့ခဲ့လို့ နိုင်ငံတော်အတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံလောက် ရှာဖွေပေးနိုင်ခဲ့ပါတယ်။ ဒီနှစ် ကတော့ အမေရိကန်ဒေါ်လာငွေကြေးက မြင့်မားလာခဲ့ပါ တယ်။ ပတ်ဝန်းကျင်နိုင်ငံတွေဖြစ်တဲ့ ထိုင်းနဲ့ ဗီယက်နမ် တို့ကို ပြန်ကြည့်တဲ့အခါ သူတို့ဆန်ဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀ လောက် ကျဆင်းသွားပါတယ်။ ပြည်တွင်းကလည်း အဲဒီဈေးနဲ့ နှိုင်းယှဉ်ရောင်းနိုင်ဖို့တော့ အခက်အခဲတွေရှိပါတယ်။ ဒါကြောင့် လာမယ့်ကာလ အတွင်း တင်ပို့မှုမှာ ပြီးခဲ့တဲ့နှစ်ကာလတူကို မီမယ်လို့ မထင်ပါဘူး။ အများဆုံး ပြည်ပတင်ပို့မှုတန်ချိန် နှစ်သန်း ကနေ နှစ်သန်းခွဲအကြားပဲ တင်ပို့နိုင်မယ့် အနေအထားကို မြင်တွေ့ရပါတယ်။ နောက်တစ်ချက်က ဒီကာလမှာ ပြည်ပ ဆန်တင်ပို့မှုက တစ်လကို တန်ချိန် နှစ်သိန်းအောက်ပဲ တင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။

**အစီအစဉ်မှူး။** ။ မြန်မာနိုင်ငံမှာ အခြေခံစားကုန်တွေ ဈေးနှုန်းတွေ မြင့်တက်နေပါသလား။ ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ လက်ရှိအခြေအနေအပေါ် အခြေခံပြီး ကုန်စည်စီးဆင်းမှုအခြေအနေတွေကိုလည်း ဆွေးနွေးပေးပါဦး။

**ဦးခင်ဟန်။** ။ စားသောက်ကုန်ပစ္စည်း အခြေခံ စားကုန်တွေအားလုံးရဲ့ တကယ့် အသက်သွေးကြောက ဘုရင့်နောင်ကုန်စည်ဒိုင်ပဲဖြစ်ပါ တယ်။ ကုန်စည်ဈေးနှုန်း တွေအကြောင်း မပြောပြခင် ဘုရင့်နောင်ရဲ့ လက်ရှိအခြေအနေလေးကို ပြည်သူတွေ သိထားဖို့လိုအပ်ပါတယ်။ ဘုရင့်နောင်ပွဲရုံနယ်မြေက ဧက ၁၀၀ နီးပါးကျယ်ဝန်းပြီး ပွဲရုံပေါင်း ၁၂၀၀ ကျော်ရှိပါတယ်။ အဲဒီအထဲမှာ ငါးပိ၊ ငါးခြောက်ပွဲရုံပေါင်း ၁၅၀၊ ဆန်ပွဲရုံ ၂၀၀ နဲ့ အခြား ကုန်ခြောက်ပွဲရုံပေါင်း ၅၀၀ နီးပါးရှိပါတယ်။ ကုန်ပစ္စည်း သိုလှောင်ရုံ ၂၀၀ လောက်ရှိပါတယ်။ နေ့စဉ်ကုန်ကားပေါင်း ၈၀၀ ကနေ ၁၂၀၀ အကြား ဝင်ထွက်ကုန်စည် သယ်ယူနေကြပြီး ဈေးဝယ်တဲ့ကား၊ ခေါက်တိုကားတွေနဲ့ လုပ်ငန်းရှင်တွေရဲ့ကားတွေ စုစုပေါင်း ကားအစီး ၄၀၀၀ လောက်ရှိပြီး နေ့စဉ် လှုပ်ရှားနေကြတဲ့ အလုပ်သမားအပါအဝင် လူပေါင်းက ငါးသောင်းကျော် ရှိပါတယ်။

### ဈေးနှုန်းတွေ ကျဆင်း

ကုန်စည်ရောင်းဝယ်တတ်ကြတဲ့ အချိန်တွေကလည်း ကုန်စည်အမျိုးအစားအလိုက် မတူညီကြပါဘူး။ ဥပမာ ပြောရရင် ငါးခြောက်ပွဲရုံတွေဆီကို နံနက်အရုဏ်တက်ကနေ နံနက် ၁၁ နာရီလောက်အထိ လူစည်ကားနေတတ်ပြီး ကြက်သွန်၊ အာလူး စတာတွေက တစ်နေကုန်ရောင်းကြ ပါတယ်။ ကုန်ခြောက်အများစုကို စစ်ကိုင်း၊ မန္တလေးနဲ့ မကွေးတိုင်းဒေသကြီးဘက်ကနေ အများဆုံးလာဝယ်ကြပါ တယ်။ ကြက်သွန်နီ အစီး ၃၀ ကနေ ၃၅ စီး၊ အာလူးဆိုရင် ၁၀ စီးကနေ ၁၂ စီး၊ ကြက်သွန်ဖြူ တောင်ကြီး၊ ပခုက္ကူ အဝင်က အိတ်ရေ ၂၀၀၀ နဲ့ ၃၀၀၀ အကြား နေ့စဉ် ဝင်ရောက်ပါတယ်။ ဈေးနှုန်းတွေက လစာတွေတိုးပေးလိုက် တဲ့အတွက် အနိမ့်ဆုံး လုပ်ခသတ်မှတ်လိုက်တဲ့အတွက် ကုန်ဈေးနှုန်းတွေတက်တယ်လို့ အများစုကပြောနေကြ တယ်။ ကျွန်တော်ကတော့ ဒါကို တိုက်ရိုက်အချိုးကျတယ် လို့မထင်ဘူး။ အခုလက်ရှိဈေးနှုန်းတွေက လစာမတက်ခင် ဈေးနှုန်းထက် ငရုတ်သီးတစ်ခုကလွဲရင် အကုန် ဈေးကျနေပါတယ်။ အခြေခံစားကုန်တွေအားလုံးနီးပါး ဈေးနှုန်းတွေ ကျဆင်းနေတာပါ။

### အရောင်းအဝယ်က ထင်သလောက်မကောင်း

ကျွန်တော်တို့ဆီမှာ နေ့စဉ် ဈေးနှုန်းတွေ ထုတ်ပြန် ပေးနေပါတယ်။ ကြက်သွန်နီဈေးဟာ ပြီးခဲ့တဲ့နှစ်က ဈေးအလွန်ကောင်းခဲ့တယ်။ နိုင်ငံခြားကိုလည်း တင်ပို့ရ တယ်။ ရာသီဥတုကြောင့် အသစ်ပေါ်ရမယ့်အချိန်နဲ့ အဟောင်းကျန်ရမယ့်အချိန်မှာ ပစ္စည်းကပြတ်သွားတဲ့ အတွက် ဈေးက တစ်ပိဿာကို ငွေကျပ် ၃၀၀၀ ကျော်သွား တယ်။ ဒီနှစ်ကျတော့ တောင်သူတွေကလည်း တိုးပြီး စိုက်တယ်။ အရောင်းအဝယ်က ထင်သလောက် မကောင်း ဘူး။ အခုစကားဝိုင်းကျင်းပတဲ့ ဩဂုတ်လ ၉ရက်နေ့မှာဆိုရင် ကျွန်တော့်ပွဲရုံကို အိတ် ၁၀၀ ကျော်ပဲ ရောက်တယ်။ ဘုရင့်နောင်တစ်ခုလုံးကို အစီးရေ ၃၀ ကျော်ပဲ ရောက် တယ်။ ရောင်းလို့မရဘူး။ တစ်ပိဿာကို ငွေကျပ် ၄၇၅ ကနေ ၆၀၀ ပဲရှိတယ်။ ကြက်သွန်ဖြူဆိုရင်လည်း ပြီးခဲ့တဲ့ နှစ် ဒီအချိန်က တစ်ပိဿာကို ငွေကျပ် ၁၅၀၀ ကနေ ၃၀၀၀ ထိ ရှိတယ်။ အခုတစ်ပိဿာကို ငွေကျပ် ၆၀၀ ကနေ ၁၂၀၀ ကြားပဲရှိတယ်။ စားအုန်းဆီဆိုရင်လည်း အမေရိကန်ဒေါ်လာဈေးမြင့်လာလို့ ဧပြီလ ယခုရက်မှာ တစ်ပိဿာကို ငွေကျပ် ၁၅၇၀ နှုန်းလောက်ကနေ ယနေ့ ကျပ် ၁၈၅၀ အထိ မြင့်တက်လာခဲ့ပါတယ်။

### အခြေခံစားကုန်ဈေးနှုန်း

ဘုရင့်နောင်ကုန်စည်ဒိုင်က ကုန်စည်စီးဆင်းမှုကို ကြည့်ပြီး တစ်နိုင်ငံလုံးရဲ့ အခြေခံစားကုန်ဈေးနှုန်းကို တွက်ဆနိုင်ပါတယ်။ မြို့ကြီးအများစုမှာ ကုန်စည်ဒိုင်တွေ ၁၅ ခုလောက် ရှိပါတယ်။ အားလုံးက ဘုရင့်နောင်ကုန်စည် ဒိုင်ရဲ့ ဈေးနှုန်းအပြောင်းအလဲကို စောင့်ကြည့်ရပါတယ်။ ဥပမာအားဖြင့် ပဲဈေးကွက်မှာ နယ်စုံပဲထွက်ပေမယ့် နိုင်ငံခြားကိုတင်ပို့တဲ့ ပဲအားလုံးရဲ့သုံးပုံနှစ်ပုံက ဘုရင့်နောင် မှာပဲ အရောင်းအဝယ်လုပ်တာပါ။ ဈေးနှုန်းတွေကို ကျွန်တော်တို့ဆီမှာ မနက်ပိုင်းဖြတ်ပေမယ့် မွန်းတည့် ၁၂ နာရီမကျော်မီ အားလုံးဈေးတွေလာရောက်ပေးထားရပါ တယ်။ ကျွန်တော်တို့က နေ့စဉ် အသင်းရုံးရဲ့ Digital Board မှာ ဖော်ပြပေးသလို စာစောင်တွေ၊ ရေဒီယိုတွေနဲ့ ရုပ်သံတွေကိုလည်း ပေးပို့ပါတယ်။ အခြားနေရာတွေ ကတော့ ပွဲရုံဈေးမဟုတ်ဘဲ လက်ကားဈေးဆိုတော့ စားကုန်တွေ ဈေးအနည်းငယ် များချင်များပါလိမ့်မယ်။

ကျွန်တော့်သဘောကတော့ မိသားစုများတဲ့ အိမ်ထောင်စုတွေဟာ ကျွန်တော်တို့ ဘုရင့်နောင်ကုန်စည် ဒိုင်က ကံ့ကော်လမ်းမကြီးပေါ်က ဆိုင်တွေမှာ လာရောက် ဝယ်ထားကြမယ်ဆိုရင် အပြင်နဲ့ဘာမှမဆိုင်တဲ့ ပွဲရုံဈေး ထက် တစ်ပိဿာကို ငွေကျပ် ၅၀ ကနေ ၁၀၀ အကြား လောက်ပဲ ပိုပေးရတဲ့ဈေးနဲ့ ဝယ်ယူနိုင်ပါတယ်။ ဥပမာ ပြောရရင် အာလူး တစ်ပိဿာကို ပွဲရုံဈေး ငွေကျပ် ၅၉၀ ဆိုရင် ကံ့ကော်လမ်းမှာ အာလူးတစ်ပိဿာကို ငွေကျပ် ၆၀၀ ပဲ ကုန်ကျမှာဖြစ်ပါတယ်။ ယာဉ်အဝင်၊ အထွက် လွယ်ကူအောင်လည်း နေ့စဉ် ယာဉ်ရှင်းလုပ်သား ၄၀ နဲ့ ဆောင်ရွက်ပေးနေတဲ့အတွက် ပိတ်ရက်တွေမှတစ်ပါး အဆင်ပြေမယ်လို့ထင်ပါတယ်။ ကြက်သွန်နီဆိုရင် တစ်ပိဿာကို အများဆုံးမှ ကျပ် ၆၅၀၊ ကြက်သွန်ဖြူဆို အများဆုံးမှ တစ်ပိဿာ ကျပ် ၁၅၀၀ စသည်ဖြင့် အပြင် ဈေးနှုန်းထက်သက်သာတဲ့အတွက် လာရောက်လေ့လာပါ လို့ အားလုံးကိုဖိတ်ခေါ်ပါတယ်။

**အစီအစဉ်မှူး။** ။ ကုန်သွယ်မှုဖြေလျှော့ပေးတာအဖြစ် နိုင်ငံခြားကုမ္ပဏီတွေနဲ့ ဖက်စပ် လုပ်ငန်းတွေကို လက်လီ၊ လက်ကားရောင်းဝယ်ခွင့်ပေးခဲ့ ပါတယ်ခင်ဗျ။ ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံခြားကုမ္ပဏီ တွေရဲ့ တုံ့ပြန်မှုကရော ဘယ်လိုဖြစ်လဲဆိုတာနဲ့ ဒီလို လုပ်ပိုင်ခွင့်ပေးလိုက်တာက မြန်မာနိုင်ငံကိုရော ဘယ်လို အကျိုးကျေးဇူးရရှိနိုင်သလဲဆိုတာကို ဆွေးနွေးပေးပါဦး။

**ဦးရန်နိုင်ထွန်း။** ။ ကျွန်တော်တို့ စီးပွားရေးနဲ့ ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနက ကုန်သွယ်မှုဖြေလျှော့ရေးနဲ့ ကုန်သွယ်မှုလွယ်ကူစေရေးကို အဓိကထားဆောင်ရွက်ပေးနေတာပါ။ ဒီလိုဆောင်ရွက်တဲ့ အခါမှာ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်နဲ့အညီ စနစ်တကျ လုပ်ရပါတယ်။ Wholesales Retail ကို နိုင်ငံခြားကုမ္ပဏီ တွေကို ခွင့်ပြုပေးတဲ့ကိစ္စကို ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြင်ဆင်ခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံက ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့နဲ့ အာဆီယံက သတ်မှတ်ထားတဲ့ သတ်မှတ်ချက် တွေနဲ့အညီ အဆင့်လိုက် လိုက်ပါဆောင်ရွက်ရပါတယ်။

### အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေး

ဒါကြောင့် နိုင်ငံရဲ့ဖြစ်ပေါ်တိုးတက်မှု၊ ဒေသတွင်းစီးပွား ရေးအဖွဲ့အစည်းတွေနဲ့ inline ဖြစ်ဖို့ စဉ်းစားကြ ရပါတယ်။ ဒီအပေါ်မှာ Wholesale Retail လိုမျိုး၊ နိုင်ငံတကာဈေးဝယ်စင်တာလိုမျိုးတွေ ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံနိုင်အောင် စဉ်းစားဆောင်ရွက်ပါတယ်။ ၂၀၁၃ ခုနှစ်ကတည်းက သက်ဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်း တွေနဲ့ အကြိမ်ကြိမ်

စာမျက်နှာ ၁၁ သို့ ✪

❂ စာမျက်နှာ ၁၀ မှ

နောက်ဆုံးအတည်ပြုချက် ရရှိခဲ့ပါတယ်။ ဒီပေါ်မူတည်ပြီး လုပ်ထုံးလုပ်နည်း အတည်ပြုချက်ရယူလို့ ၂၀၁၈ ခုနှစ် မေလမှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ဇူလိုင်လ ၃၀ ရက်မှာ နိုင်ငံခြားကုမ္ပဏီတွေရော၊ ပြည်တွင်းကုမ္ပဏီတွေရောကို ဒီကိစ္စနဲ့ပတ်သက်ပြီး အသေးစိတ်ခေါ်ယူညှိနှိုင်း ရှင်းလင်းပေးခဲ့ပါတယ်။ ရည်ရွယ်ချက်က နိုင်ငံတကာက စျေးဝယ်စင်တာကြီးတွေ လာရောက်ဖွင့်လှစ်ခြင်းအားဖြင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများလာမယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုရရှိလာမယ်၊ ကျွန်တော်တို့ဆီမှာ ဝယ်ယူစားသုံးနေရတဲ့ပစ္စည်းတွေက နိုင်ငံတကာအဆင့်မီကုန်ပစ္စည်းတွေဖြစ်ဖို့နဲ့ နိုင်ငံတကာမှာပေါက်နေတဲ့ စျေးနှုန်းအတိုင်း လွယ်လွယ်ကူကူဝယ်ယူနိုင်ဖို့အတွက် ရည်ရွယ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံက ထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေကို တန်ဖိုးမြင့် ထုတ်လုပ်ပြီးတော့ ဒီလိုစျေးဝယ်စင်တာတွေမှာ တင်မယ်။ ဒါကို နိုင်ငံတကာစျေးကွက်အထိ တင်ပို့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာဖြစ်ပါတယ်။ စျေးဝယ်စင်တာတွေမှာလည်း ကိုယ့်နိုင်ငံက ထုတ်တဲ့ တန်ဖိုးမြင့်လုပ်ထားတဲ့ ကုန်စည်တွေကို အဓိကဦးစားပေးပြီး ရောင်းချသွားရမှာ ဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ Fair Competition ပေါ့။ နိုင်ငံထဲမှာပဲ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေနဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေ မျှတစွာ ယှဉ်ပြိုင်ရောင်းချဖို့အတွက်ပါ။

### ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ

ကျွန်တော်တို့ ဒီလိုလုပ်ဆောင်မယ်လို့ အသိပေးလိုက်တဲ့အတွက် ဂျပန်သတင်းစာတွေဆိုရင် ခေါင်းကြီးပိုင်းကနေ ရေးသားဖော်ပြကြပါတယ်။ ဒီအပေါ်မှာ အလွန်လိုလားကြောင်းကိုလည်း ပြသပါတယ်။ အလားတူပဲ အဲဒီနေ့မှာ အမေရိကန်ရဲ့ Chamber of Commerce က ကျွန်တော်တို့ဌာနနဲ့တွေ့ဆုံပြီး လိုလားထောက်ခံကြောင်း ပြောကြားခဲ့ပါတယ်။ ဒီအပေါ်သိလိုတဲ့အချက်တွေကို သူတို့ကမေးမြန်းပြီး ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်ကလည်း ဂျာမန်က လုပ်ငန်းစုတစ်ခုလာပြီး ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးပါတယ်။ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို သူတို့နည်းပညာနဲ့ ပေါင်းစပ်ပြီး Wholesale နဲ့ Redial ရောင်းချဖို့အတွက်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံကလည်း တရားဝင်လာရောက်ဆွေးနွေးခဲ့ပြီး မြန်မာထုတ်ကုန်တွေကို ပြည်တွင်းမှာထုတ်ပြီး ပို့ကုန်ပြန်လုပ်မယ်ဆိုပြီးတော့ ဆွေးနွေးပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

---

## ■ ရန်ကုန်မြို့ပတ်ရထားလမ်းမှ

အဆိုပါ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းဆောင်ရွက်ရန်အတွက် တင်ဒါအောင်မြင်ခဲ့သည့် A1 ကုမ္ပဏီမှ ရန်ကုန်အနောက်ဘက်အခြမ်းဖြစ်သော တည်းကုန်းနှင့် အင်းစိန်လမ်းပိုင်း၊ အင်းစိန်-ကြည့်မြင်တိုင်လမ်းပိုင်း၊ ကြည့်မြင်တိုင်-ဘုရားလမ်း လမ်းပိုင်းတို့အား အပိုင်းသုံးပိုင်းခွဲကာ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအခါ အပိုင်း ၁ ဖြစ်သော ၃ ဒသမ ၇၅ မိုင်အရှည်ရှိသည့် တည်းကုန်းနှင့်အင်းစိန်လမ်းပိုင်းအား စတင်အဆင့်မြှင့်တင် ဆောင်ရွက်နေပြီ ဖြစ်သည်။

ထိုကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် ရထားလမ်းပိုင်းရှိ သံလမ်းတစ်လမ်းအား ယာယီပိတ်ကာ ဖေဖော်ဝါရီ ၂၁ ရက်မှစတင်၍ လမ်းပိုင်းပြုပြင်ဆောင်ရွက်နေခြင်းဖြစ်ပြီး အစုန်လမ်းနှင့်အဆန်လမ်းဖြစ်သော မြို့ပတ်အတွင်းလမ်းနှင့် အပြင်လမ်းရှိသည့်အနက် အတွင်းလမ်းကိုပိတ်၍ လမ်းပိုင်းပြုပြင်ဆောင်ရွက်နေခြင်းဖြစ်ကာ ရထားသွားလာရေးလုပ်ငန်းအတွက် ကျန်ရှိလမ်းတစ်လမ်းဖြစ်သည့် အပြင်လမ်းမှ ရထားပြေးဆွဲပေးနေကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

### အဆင့်မြှင့်တင်ဆောင်ရွက်

တည်းကုန်း-အင်းစိန်ရထားလမ်းပိုင်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် အတွင်းလမ်းနှင့်အပြင်လမ်းအတွက် လမ်းပိုင်းပြုပြင်ဆောင်ရွက်ခြင်းအား ပုံမှန်အားဖြင့် လေးလအတွင်း အပြီးသတ်ဆောင်ရွက်ရန်ရည်မှန်းထားသော်လည်း လုပ်ငန်းအခက်အခဲများအရ ဆောင်ရွက်ပြီးစီးခြင်းမရှိသေးကြောင်းသိရကာ ဆောင်ရွက်ပြီးစီးပါက ကျန်အပိုင်းနှစ်ပိုင်းဖြစ်သည့် အင်းစိန်-ကြည့်မြင်တိုင်လမ်းပိုင်းနှင့် ကြည့်မြင်တိုင်-ဘုရားလမ်း လမ်းပိုင်းအား အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။

လက်ရှိအနေအထားအရ ရန်ကုန်အနောက်ဘက်အခြမ်းဖြစ်သော ဘူတာရှစ်ဘူတာအတွက် ပလက်ဖောင်းမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရေစီးမြောင်းများ၊ အုတ်တံတိုင်းကာရံခြင်းနှင့် သံဆူးကြိုးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

ရန်ကုန်အရှေ့ဘက်အခြမ်းဖြစ်သော တည်းကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်းလမ်းပိုင်းနှင့် ပုရွက်ဆိတ်ကုန်း-ပုဇွန်တောင်လမ်းပိုင်းတို့အား ရွှေတောင်ကုမ္ပဏီမှ အပိုင်းနှစ်ပိုင်းခွဲကာ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး လာမည့်ပွင့်လင်းရာသီတွင် လုပ်ငန်းများ စတင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ယခုအခါ မြန်မာ့မီးရထားမှ JICA ၏အကူအညီဖြင့် ပူးပေါင်း၍ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုင်အရှည် ၁၆၆ မိုင်ရှိသည့် ရန်ကုန်-တောင်ငူမီးရထားလမ်းပိုင်းအား Phase I အပိုင်းအနေဖြင့် သတ်မှတ်ထားရှိကာ လာမည့် အောက်တိုဘာလတွင် လုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ပြီး သုံးနှစ်တာကာလအတွင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။ မိုင်အရှည် ၂၁၉ ဒသမ ၅ မိုင်ရှိသည့် တောင်ငူ-မန္တလေး ရထားလမ်းပိုင်းအား Phase II အပိုင်းအနေဖြင့် သတ်မှတ်ထားရှိပြီး လုပ်ငန်းစတင်ရန်အတွက် လက်တွေ့တိုင်းတာမှုလုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်းနှင့် အပိုင်းနှစ်ပိုင်းခွဲကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၇) မန်နေဂျာ (သွားလာရေး/တိုင်း) ဦးဇော်လွင်၏ပြောပြချက်အရ သိရသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း ပြေးဆွဲနေမှု ခရီးစဉ်အရ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် RBE ရထားတွဲဆိုင်း ၁၂ ဆိုင်းနှင့် ရထားတွဲဆိုင်းကြီး ၁၃ ဆိုင်းဖြင့် ရထားတွဲဆိုင်းပေါင်း ၂၅ ဆိုင်းကို အသုံးပြုကာ ခရီးစဉ်အခေါက်ရေ ၂၂၀ ဖြင့် နေ့စဉ်ပုံမှန်ပြေးဆွဲပေးနေကြောင်းသိရပြီး ယခုအခါ ရထားစီးခရီးသည်ဦးရေမှာ တစ်ရက်လျှင် ပုံမှန်ရှစ်သောင်းဝန်းကျင်ခန့် စီးနင်းလိုက်ပါနေကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

---

# ဓာတ်ပုံ ထိန်ဝင်း၏ နှစ် (၃၀) ပြည့် ရှစ်လေးလုံးလူထုအုံကြွမှု ဓာတ်ပုံပြပွဲ လောကနတ်ပန်းချီပြခန်း၌ ပြသမည်




ဓာတ်ပုံ ထိန်ဝင်း ရိုက်ကူးခဲ့သည့် ရှစ်လေးလုံးကာလအတွင်းမှ ဓာတ်ပုံတစ်ပုံကို တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၁၄**

ဓာတ်ပုံ ထိန်ဝင်း၏ နှစ် (၃၀) ပြည့် ရှစ်လေးလုံးလူထုအုံကြွမှု ဓာတ်ပုံပြပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်း၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ ထိန်ဝင်း (ဦးထိန်ဝင်း) သည် "၁၉၈၈ လူထုအုံကြွမှု" သမိုင်းဝင်ရှားပါးဓာတ်ပုံများအား ဩဂုတ်လဆန်းမှ အာဏာသိမ်းယူသည့်အချိန်ထိ လူထုလှုပ်ရှားမှုများကို နေ့စဉ်မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးထားခဲ့ပြီး အဆိုပါဓာတ်ပုံများကို လာမည့်ဓာတ်ပုံပြပွဲတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ ထိန်ဝင်းက "ရှစ်လေးလုံးကာလ ဩဂုတ်လဆန်းကနေ အာဏာသိမ်းတဲ့ရက် စက်တင်ဘာ ၁၈ ရက်အထိ ရိုက်ထားတာပါ။ မှတ်တမ်းတင်ထားမယ်ဆိုတဲ့သဘောနဲ့ လိုက်ရိုက်ထားတာပါ။ ပြသတဲ့ရည်ရွယ်ချက်က ရှစ်လေးလုံးလူထုအုံကြွမှုကြီးကို မမြင်လိုက်ရတဲ့သူတွေ ဒါကိုပြန်မြင်စေချင်တယ်။ ဘာကြောင့်ဖြစ်တာလဲ။ ဘယ်လိုလှုပ်ရှားကြသလဲဆိုတာ ပါဝင်ခဲ့တဲ့သူတွေအချို့ကလည်း မေ့ချင်မေ့နေမှာပေါ့။ ဒါကို ပြန်ပြီးကြည့်စေချင်တယ်။ အဲဒီသဘောပါပဲ။ မှတ်တမ်းအဖြစ်သိမ်းထားလိုသူတွေကိုလည်း ရောင်းပေးသွားပါမယ်" ဟု ပြောသည်။

ဓာတ်ပုံထိန်ဝင်းသည် ၎င်းရိုက်ကူးခဲ့သည့် ၁၉၈၈ လူထုအုံကြွမှု သမိုင်းဝင်ရှားပါးဓာတ်ပုံများကို နယ်သာလန်နိုင်ငံရှိ မော်ကွန်းတိုက်သို့ ပေးပို့ထားခဲ့ခြင်းဖြစ်ပြီး ယခုမှ ပြန်လည်တောင်းယူ၍ ပြသခြင်းဖြစ်ကြောင်း သိရသည်။

"အဲဒီတုန်းကရိုက်ထားတဲ့ နဂတစ်တွေကို ကျွန်တော့်မိတ်ဆွေသုံးဦးဆီမှာ သိမ်းထားခိုင်းပါတယ်။ ဒါကိုစစ်ဆေးမယ်ဆိုတာကြားလို့ သူတို့က မီးရှို့ဖျက်ဆီးလိုက်ပါတယ်။ ကျွန်တော့်ဆီမှာကျန်နေတဲ့ တစ်ဝက်ကို သိမ်းထားရင် အန္တရာယ်ရှိနိုင်တယ်လို့ယူဆပြီး နယ်သာလန်မှာရှိတဲ့ ကျွန်တော့်မိတ်ဆွေထံ ပို့ထားတာပါ။ အခုက နယ်သာလန်မော်ကွန်းတိုက်မှာသိမ်းထားတဲ့ ကျွန်တော့်ဓာတ်ပုံတွေကို ပြန်ကူးပြီး ပြသရခြင်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သုံးလလောက်က ပို့လိုက်တာကို ပြန်ကူးတာပါ။ ကျွန်တော့်ဆီမှာ ဓာတ်ပုံပေါင်း ၆၀၀ ကျော်လောက်ရှိပါတယ်"ဟု ဓာတ်ပုံထိန်ဝင်းက ပြောသည်။

ဓာတ်ပုံထိန်ဝင်းရိုက်ကူးခဲ့သည့် "၁၉၈၈ လူထုအုံကြွမှု" သမိုင်းဝင်ရှားပါးဓာတ်ပုံများကို ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ ဗဟန်းမြို့နယ်ရှိ ဗိသုနိုးပန်းချီပြခန်း၌ ပြသခဲ့ပြီး အားလုံးလာရောက်ကြည့်ရှုနိုင်စေရန် လောကနတ်ပန်းချီပြခန်းတွင် ထပ်မံပြသခြင်း ဖြစ်သည်။ ဓာတ်ပုံထိန်ဝင်းသည် ရန်ကုန်တက္ကသိုလ်တွင် ဖြစ်ပွားခဲ့သည့် ၁၉၇၄ ဒီဇင်ဘာလ "ဦးသန့်စျာပနအရေးအခင်း" တွင်လည်း ဓာတ်ပုံများ လျှို့ဝှက်ရိုက်ကူး၍ ၂၀၁၄ ခုနှစ်တွင် "၁၉၇၄ ခု ဦးသန့်အရေးအခင်း" ဓာတ်ပုံဆောင်းပါးစာအုပ်ကို ထုတ်ဝေခဲ့သည်။ ဓာတ်ပုံထိန်ဝင်း (ဦးထိန်ဝင်း) ကို ၁၉၄၆ တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၆၆ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ရန်ကုန်ဆေးတက္ကသိုလ်(၁) တွင် ပညာသင်ကြားခဲ့သော်လည်း ဆေးပညာဘွဲ့ ရရှိခဲ့ခြင်းမရှိပေ။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ထိန်ဝင်း**

---

## ❖ ထူးကဲဒီရေမြင့်တက်မှုမှ

ကွန်ကရစ်လမ်းမကြီး ထပ်မံကျိုးမည့်အခြေအနေတွင် ရှိသောကြောင့် လမ်းအားပိတ်ထားရကြောင်း၊ အဆိုပါကမ်းနားပတ်လမ်းသည် ကွန်ကရစ်လမ်းခင်းထားခြင်းကြောင့် မှော်စက်ရပ်ကွက်အတွင်း ဒီရေဝင်ရောက်မှုနည်းခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထူးကဲဒီရေများမြင့်တက်လာမှုနှင့်အတူ မိုးများရွာသွန်းခြင်းကြောင့် မြစ်ချောင်းဘေးနှင့် မြေနိမ့်ပိုင်းရပ်ကွက်များရှိ ဒေသခံပြည်သူများက စိုးရိမ်စိတ်များ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်အတွင်း ဒီရေဆက်လက်ဝင်ရောက်မှုကြောင့် ကမာအောင်ချောင်းအတွင်း ရေပြည့်ရေလျှံခြင်း၊ သမ္ဘတကမ်းခြေရပ်ကွက်၊ မြို့မ ၁ ရပ်ကွက်၊ မြို့မ ၂ ရပ်ကွက်၊ မြို့မ ၃ ရပ်ကွက်၊ မြို့မ ၄ ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်များ၌ လမ်းသွယ်များ၊ လမ်းမကြီးများတစ်လျှောက်ရေကျော်ခြင်း၊ နေအိမ်များအတွင်း ဒီရေဝင်ရောက်မှုများနှင့် ကမာအောင်ချောင်းကူးတံတားပေါ် ရေကျော်မှုများ ထပ်မံရှိကြောင်းနှင့် ယမန်နေ့ကထက် အနည်းငယ်ရေကျသွားကြောင်း သိရသည်။

မြစ်ချောင်းအနီးရှိသော မှော်စက်ရပ်ကွက်အတွင်း ရာဇသင်္ကြန်လမ်းမကြီးပေါ်နှင့် ကမ်းနားပတ်လမ်းတစ်လျှောက်တို့၌ ရေအမြင့်တစ်ပေခွဲကျော်ခန့် ဆက်လက်ဝင်ရောက်မှုရှိခဲ့ကြောင်း၊ ရပ်ကွက်အတွင်း ရေဝင်ရောက်မှုနည်းခြင်းကြောင့် စိုးရိမ်စရာမရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ရှိန်ကပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

---

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅) အမှတ်(၁၆) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁၅-၈-၂၀၁၈ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၆)တွင် ရေကြီးနစ်မြုပ် လယ်မြေများတွင် ကြုံတွေ့လာမည့် စပါးသီးနှံပိုးမွှားရောဂါစိုက်ပျိုးရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ငါးရစ်ငါးများဘေးမဲ့ထား ပုံမှန်မျိုးပွားရေရှည်စား အပါအဝင် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီးလယ်တွင်းသား စောချစ်၏ ဒုတိယအရွယ်အခန်းဆက်ဝတ္ထုရှည်၊ မိုးရာသီမှာ စိန်ခေါ်နေတဲ့ ကျန်းမာရေးပြဿနာစတဲ့ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့်

ဩဂုတ်လ ၁၅ ရက်နေ့တွင် ထွက်ရှိမည့် ဒို့ကျေးရွာ ဂျာနယ်တွင်

- ရေကြီးနစ်မြုပ်လယ်မြေများတွင် ကြုံတွေ့လာမည့် စပါးသီးနှံပိုးမွှားရောဂါ
- နေဝင်ချိန်ရောက်နေတဲ့ စိုက်ပျိုးရေးအမွေ ရိုးရာရက်ကန်းလုပ်ငန်း
- ရေကြီးရေလျှံမှုကြောင့် အခက်အခဲဖြစ်ပေါ်နေသော တောင်သူလယ်သမားများအတွက် လိုအပ်သောသွင်းအားစုများ ကူညီပံ့ပိုးသွားမည်
- ငါးရစ်ငါးများ ဘေးမဲ့ထား ပုံမှန်မျိုးပွား ရေရှည်စား ဆောင်းပါး
- တောင်သူကြားက စကားသံ ဆောင်းပါး
- ပုံမှန်ဝင်ငွေဖော်ဆောင်ပေးနေသည့် ဓနိဖြာလုပ်ငန်း
- အသေးစားလုပ်ငန်းများလည်ပတ်နိုင်ရန် မိုးမဘဏ်က ကူညီဆောင်ရွက်ပေးလျက်ရှိ
- ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်
- ဉာဏ်နည်းသော တောဝက်နှင့် တောဘုရင်ခြင်္သေ့ ပုံပြင်
- ရေလုပ်သားများ၏ ဘဝလုံခြုံမှု စားဝတ်နေရေးလုံခြုံမှုအတွက် ခိုင်မာသည့် ဥပဒေရှိရန်လိုအပ် (၂)
- ကာလလေနှင့် သွေးတိုးရောဂါ ဆောင်းပါး
- မိုးရာသီမှာ စိန်ခေါ်နေတဲ့ ကျန်းမာရေးပြဿနာ အပါအဝင် စိုက်ပျိုးရေး မွေးမြူရေး ကျန်းမာရေးနှင့် ဒို့ကျေးရွာပေးစာများ၊ နိုင်ငံတကာ မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည်တို့ကို ဖုံဖုံလင်လင် ဖတ်ရှုရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီရိလင်္ကာ ပင်လယ်ရေကြောင်း လုံခြုံရေး ရန်ပုံငွေထောက်ပံ့ပေးရန် အမေရိကန်ကြေညာ

**ကိုလံဘို ဩဂုတ် ၁၄**
သီရိလင်္ကာနိုင်ငံ၏ ပင်လယ်ရေကြောင်းလုံခြုံရေးမြှင့်တင်နိုင်ရန်အတွက် ယင်းနိုင်ငံအား ဒေါ်လာ ၃၉ သန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ဩဂုတ် ၁၄ တွင် ထုတ်ပြန်ကြေညာသည်။

**ကြေညာ**

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သော သီရိလင်္ကာနိုင်ငံအပေါ် တရုတ်နိုင်ငံက မဟာဗျူဟာအရ ဩဇာလွှမ်းမိုးနိုင်အောင် ကြိုးပမ်းနေချိန်တွင် အမေရိကန်က နိုင်ငံခြားစစ်ရေး အကူအညီအဖြစ်ရန်ပုံငွေထောက်ပံ့ပေးရန် ထုတ်ပြန်ကြေညာခြင်းဖြစ်သည်ဆို၏။

ဘင်္ဂလားပင်လယ်အော် အစီအစဉ်အတွက် မိမိတို့ထောက်ပံ့ကူညီနိုင်ရန်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ဘေးအန္တရာယ်တုံ့ပြန်မှု ဦးစားပေးလုပ်ငန်းများအတွက် အကူအညီပေးနိုင်ရန်လည်းကောင်း သီရိလင်္ကာအစိုးရအဖွဲ့နှင့် ဆွေးနွေးသွားရန် စီစဉ်လျက်ရှိကြောင်း မြို့တော်ကိုလံဘိုရှိ အမေရိကန်သံရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေးအရ ဒုတိယအင်အားအကြီးမားဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံ၌ ပင်လယ်ဆိပ်ကမ်းများနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ပြုလုပ်နေချိန်တွင် အမေရိကန်က သီရိလင်္ကာနိုင်ငံအတွက် စစ်ရေးအကူအညီ ရန်ပုံငွေထောက်ပံ့ပေးခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် "ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း" အစီအစဉ်အရ သီရိလင်္ကာနိုင်ငံအား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးရန်ပုံငွေများကို ထောက်ပံ့ပေးလျက်ရှိသည်။



မိမိတို့နိုင်ငံ၏အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ချေးငွေထောက်ပံ့ပေးမည်ဖြစ်ကြောင်း သီရိလင်္ကာ ဗဟိုဘဏ်က လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ **အေအက်ဖ်ပီ**

# အဂတိလိုက်စားမှု အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေသော ပုဂ္ဂလိက ဂျက်လေယာဉ် ပြန်လည်ရရှိရေး မလေးရှား ကြိုးပမ်း

**ပူထရာဂျာယာ ဩဂုတ် ၁၄**
ဝရမ်းပြေးစီးပွားရေး လုပ်ငန်းရှင် လိုတက်ဂျိုပိုင်ဆိုင်သည့် အမေရိကန်ဒေါ်လာ ၃၅ သန်းတန် ပုဂ္ဂလိကဂျက်လေယာဉ်တစ်စင်း ပြန်လည် ရရှိရေးအတွက် အမြန်ဆုံးကြိုးပမ်းသွားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် ဒေါက်တာ မဟာသီမိုဟာမက်၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။



နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီဖြစ်သည့် IMDB ကုမ္ပဏီထံမှ မလျော်ကန်သောနည်းလမ်းဖြင့် ရယူခဲ့သောငွေကြေးဖြင့် စီးပွားရေးလုပ်ငန်းရှင် လိုတက်ဂျိုဝယ်ယူခဲ့သည်ဟုဆိုသော ပုဂ္ဂလိကပိုင်လေယာဉ်ကို နိုင်ငံတော်က ပြန်လည်ရရှိနိုင်ရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မဟာသီက သတင်းထောက်များအား ပြောကြားသည်။ အဆိုပါလေယာဉ်သည် ယခုအခါ စင်ကာပူနိုင်ငံ၌ ရှိနေသည်ဟု ယူဆရသည်။

ငွေကြေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ လိုတက်ဂျိုသည် IMDB ကုမ္ပဏီ၏ ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ပြီး မလေးရှားနိုင်ငံ၏ အဂတိလိုက်စားမှု အရှုပ်တော်ပုံတွင် အဓိကစွပ်စွဲခံရသူတစ်ဦးအဖြစ် စုံစမ်းစစ်ဆေးမှုခံနေရသည်။

လိုတက်ဂျိုသည် ဝန်ကြီးချုပ်ဟောင်း နာဂျစ်၏မိသားစုနှင့် နီးနီးကပ်ကပ်ဆက်ဆံခဲ့သူဖြစ်ပြီး နာဂျစ် ရင်ဆိုင်နေရသော အဂတိလိုက်စားမှု အရှုပ်တော်ပုံတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည်။

မလေးရှားအာဏာပိုင်များသည် လိုတက်ဂျိုအား ဖမ်းဆီးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ သို့ရာတွင် မည်သည့်နေရာသို့ ၎င်းရောက်ရှိနေသည်ကို မသိရကြောင်း သတင်းတွင်ဖော်ပြသည်။

ထိုစဉ်အတွင်း လိုတက်ဂျိုပိုင်ဆိုင်သည့် ဒေါ်လာသန်း ၂၅၀ တန် အပျော်စီးရွက်လှေတစ်စင်းကို အင်ဒိုနီးရှားအာဏာပိုင်များက မလေးရှားအစိုးရထံသို့ လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

**အေအက်ဖ်ပီ**

## မွန်ဂိုလီးယား အရှေ့တောင်ပိုင်း၌ ရထားခရီးစဉ်များ ပြန်လည်စတင်

**အူလန်ဘာတော ဩဂုတ် ၁၄**
မွန်ဂိုလီးယားနိုင်ငံရှိ အဓိကကျသော ရထားလမ်း၌ လွန်ခဲ့သည့် နှစ်ရက်က ရထားလမ်းချော်မှု ဖြစ်ပွားခဲ့ပြီးနောက် ဩဂုတ် ၁၃ ရက်တွင် ရထားခုတ်မောင်းမှုများ ပြန်လည်ပြုလုပ်နိုင်ပြီဖြစ်ကြောင်း ရထားလုပ်ငန်းတာဝန်ရှိသူများက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံမြို့တော် အူလန်ဘာတာနှင့် နိုင်ငံအရှေ့တောင်ပိုင်း ဒေါ်နိုရိဂိ ပြည်နယ်မြို့တော် စိန်ရှန်းအကြား ဆက်သွယ်ထားသည့် ရထားလမ်းပိုင်းတွင် ဩဂုတ် ၁၃ ရက် ညနေပိုင်းက ရထားလုပ်ငန်းများ ပြန်လည်စတင်ခဲ့ကြောင်း၊ အဆိုပါ ရထားလမ်းကို နှစ်ရက်ကြာနီးပါးမျှပိတ်ထားခဲ့ရကြောင်း အူလန်ဘာတာရထား ကုမ္ပဏီက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

အင်ဂျင်နီယာများနှင့် အလုပ်သမား ၄၈၆ ဦးပါဝင်သည့်အဖွဲ့က လမ်းချော်နေသော ရထားကို ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း ကုမ္ပဏီက ပြောကြားသည်။ **ဆင်ဟွာ**

# ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် အီဂျစ်နိုင်ငံသို့ အစ္စရေးဝန်ကြီးချုပ် လျှို့ဝှက်စွာ သွားရောက်ခဲ့ဟုဆို

**ဂျေရုဆလင် ဩဂုတ် ၁၄**
အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုသည် ပြီးခဲ့သည့် မေလအတွင်းက အီဂျစ်နိုင်ငံသို့ ရှားတောင့်ရှားခဲ လျှို့ဝှက်ခရီးသွားရောက်ခဲ့ကာ ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးကိစ္စနှင့် ပတ်သက်၍ အီဂျစ်သမ္မတ အဗ္ဗဒယ် ဖာတာအယ်လ်စီစီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အစ္စရေး ရုပ်မြင်သံကြားသတင်းဌာနတစ်ခုက သတင်းထုတ်လွှင့်သည်။

အစ္စရေး ပုဂ္ဂလိကရုပ်မြင်သံကြားသတင်းဌာနချန်နယ် ၁၀ က ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်သည့် သတင်းတွင် မေ ၂၂ ရက်က အစ္စရေးနှင့်အီဂျစ်နိုင်ငံ ခေါင်းဆောင်တို့ တွေ့ဆုံခဲ့ကြောင်း ဖော်ပြသော်လည်း အစ္စရေးအစိုးရ သတင်းရင်းမြစ်များက လတ်တလောတွင် အတည်ပြုခြင်းမရှိပေ။

ဂျေရုဆလင်မြို့တွင် အမေရိကန်က ၎င်း၏ သံရုံးကို ဖွင့်လှစ်အပြီး နောက်ရက် မေ ၁၄ ရက်တွင် ဂါဇာကမ်းမြောင် ဒေသနယ်စပ်တစ်ဝန်းလုံးတွင် ပါလက်စတိုင်းတို့က အလုံးအရင်းဖြင့် အင်အားပြကာ ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။ ယင်းဆန္ဒပြပွဲများအတွင်းအစ္စရေး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ ပါလက်စတိုင်း လူမျိုး ၆၃ ဦး သေဆုံးခဲ့ရသည်။

ဂါဇာကမ်းမြောင်ဒေသသည် အစ္စရေးနှင့် အီဂျစ်နှစ်နိုင်ငံ အကြားတွင် တည်ရှိသည်။ ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသည့် ဟားမားစ် အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့နှင့် နေတန်ရာဟု၏ အစ္စရေးအစိုးရအဖွဲ့အကြားတွင် အီဂျစ်နိုင်ငံက ယခင်ကပင် ဖျန်ဖြေမှုများ ပြုလုပ်ပေးခဲ့သည်။


ဂါဇာကမ်းမြောင်ဒေသ၌ ကာလရှည် အပစ်အခတ်ရပ်စဲမှု ရရှိရေးအတွက် အစ္စရေးဝန်ကြီးချုပ်နှင့် အီဂျစ်သမ္မတတို့ ဆွေးနွေးခဲ့ဖွယ်ရှိကြောင်း အမေရိကန်သတင်းရင်းမြစ်များကို ကိုးကား၍ အစ္စရေးချန်နယ် ၁၀ ရုပ်မြင်သံကြားက ဖော်ပြခဲ့သည်။ အစ္စရေးက ၂၀၀၈ ခုနှစ်မှစ၍ ဟားမားစ်အဖွဲ့နှင့် စစ်ပွဲသုံးကြိမ် ဆင်နွှဲခဲ့သည်။

ဖာတာလှုပ်ရှားမှုအဖွဲ့ ခေါင်းဆောင်ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ဟားမားစ်တို့ပြည်တွင်းစစ်ဖြစ်လုနီးပါး ဖြစ်ပွားခဲ့ပြီးနောက် အစ္စလာမ္မစ် ဟားမားစ်အဖွဲ့က ဂါဇာဒေသတွင် အာဏာသိမ်းယူခဲ့သည်။ ဂါဇာဒေသသည် အစ္စရေးတို့၏ လုံးလုံးလျားလျား ပိတ်ဆို့မှုအောက်တွင် ဆယ်စုနှစ်တစ်ခုကြာ ကျရောက်ခဲ့ရသည်။



ဂါဇာဒေသအား ပါလက်စတိုင်း အာဏာပိုင်အဖွဲ့သို့ ပြန်လည်ပေးအပ်ရေး အစ္စရေးတို့၏ ပိတ်ဆို့မှုများအား ဖြေလျှော့ပေးရေးနှင့် စစ်ဒဏ်ကြောင့် ပျက်ပြားခဲ့သော အခြေခံအဆောက်အအုံများပြန်လည် တည်ဆောက်ရေးတို့အတွက် အစ္စရေးနှင့် အီဂျစ်ခေါင်းဆောင်တို့က ဆန်းစစ်မှုများ ပြုလုပ်ခဲ့ဖွယ်ရှိကြောင်း ချန်နယ် ၁၀ ရုပ်မြင်သံကြား သတင်း၌ ဖော်ပြသည်။

အစ္စရေးရုပ်မြင်သံကြား သတင်းဖော်ပြချက်ကို အီဂျစ်သမ္မတ နန်းတော်က လတ်တလောတွင် မှတ်ချက်ပေးမှု မရှိသေးပေ။ **အေအက်ဖ်ပီ**



# ချယ်လ်ဆီးကစားသမား ဘာကာယိုကို အေစီမီလန်အသင်းသို့ ပြောင်းရွှေ့

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဘာကာယိုကိုသည် အီတလီ စီးရီးအေကလပ် အေစီမီလန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘာကာယိုကိုသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မိုနာကိုအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား ဘာကာယိုကိုအား လက်ရှိတွင် အငှားဖြင့် ခေါ်ယူထားသော်လည်း စီးရီးအေနှင့် အံဝင်ခွင်ကျဖြစ်ပါက အဆိုပါ ပြင်သစ်ကွင်းလယ်ကစားသမား ဘာကာယိုကိုအား အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူမည်ဖြစ်ကြောင်း အေစီမီလန်အသင်းက ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဘာကာယိုကိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြကွန်တီ၏ လက်ထက်တွင် ပရီမီယာလိဂ်ပွဲစဉ် ၂၃ ပွဲ၊ အက်ဖ်အေဖလားပွဲစဉ် လေးပွဲ၊ အီးအက်ဖ်အယ်လ်ဖလားပွဲစဉ် နှစ်ပွဲနှင့် ချန်ပီယံလိဂ်ပွဲစဉ်လေးပွဲစသည်ဖြင့် ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ဘာကာယိုကိုအား ခေါ်ယူပြီးနောက် အေစီမီလန်အသင်းက အဆိုပါကစားသမားအား တနင်္ဂနွေနေ့၌ အီတလီစီးရီးအေဖလား အဖွင့်ပွဲစဉ်ဖြစ်သည့် ဂျီနိုအာအသင်းနှင့်ယှဉ်ပြိုင်ကစားသွားမည့် ပွဲတွင် စတင်ပွဲထွက်ကစားခွင့် ပေးမည်ဖြစ်ကြောင်းလည်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ ဘာကာယိုကိုသည် လက်ရှိတွင် အေစီမီလန်အသင်းသို့ အငှားဖြင့် သွားရောက်ကစားခဲ့ခြင်းကြောင့် ယခုရာသီတွင် ချယ်လ်ဆီးအသင်းမှ အငှားဖြင့် ထွက်ခွာသည့် ၂၉ ဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။





# ဒါမီယန် အီတလီစီးရီးအေသို့ ပြန်မည်

မန်ယူအသင်း နောက်တန်းကစားသမား ဒါမီယန်သည် ယခုတစ်ပတ်ထဲတွင် မန်ယူအသင်းမှ ထွက်ခွာကာ အီတလီစီးရီးအေသို့ ပြန်လည်ကစားရန်ရှိနေကြောင်း မန်ချက်စတာညနေခင်းသတင်းတစ်ရပ်အရ သိရသည်။

အီတလီနောက်တန်းကစားသမား ဒါမီယန်သည် လက်စတာစီးတီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ် အဖွင့်ပွဲစဉ်တွင် ပွဲချိန်ပြည့်ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ သို့ရာတွင် နည်းပြမော်ရင်ဟို၏ ပုံမှန်ပွဲထွက်ကစားခွင့်ပေးမည့် ကစားသမားစာရင်းတွင်မူ ဒဏ်ရာရနေသော ဗလင်စီယာနှင့် ဒါလော့တို့၏ နောက်တွင်ရှိနေခြင်း ကြောင့် မန်ယူအသင်းမှ ထွက်ခွာရန် စီစဉ်နေ ခြင်းဖြစ်သည်။ ဒါမီယန်ကို စီးရီးအေကလပ်အသင်းများဖြစ်ကြသည့် ဂျူဗင်တပ်အသင်း၊ နာပိုလီအသင်းနှင့် အင်တာမီလန်အသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်းလည်း သိရသည်။

မန်ယူအသင်းသည် နောက်တန်းကစားသမားဒါမီယန်အား ၂၀၁၅ ခုနှစ်အတွင်းက အီတလီစီးရီးအေကလပ် တိုရီနိုအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရတာကြောင့် အီတလီစီးရီးအေသို့ ပြန်လည်ကစားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# အဖွင့်ပွဲစဉ်မှာ ဂိုးပြတ်နိုင်ပွဲရယူသွားမယ့် ဘာစီလိုနာ

ရှိုင်းမင်းမင်း

## ၂၀၁၈-၂၀၁၉ လာလီဂါရင်ခုန်သံ - ၁

လာလီဂါပြိုင်ပွဲ ရာသီသစ်ကို လာမယ့် ဩဂုတ် ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ စတင်ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီမှာ စပိန်လာလီဂါ ချန်ပီယံဖြစ်ခဲ့တဲ့ ဘာစီလိုနာဟာ အိမ်ကွင်းမှာ အသင်းငယ်အလာဗက်စ်ကို ဧည့်ခံကစားသွားရမှာဖြစ်ပေမယ့် အက်သလက်တီကိုကတော့ ဗလင်စီယာနဲ့ ဆုံတွေ့နေပါတယ်။

### ဂျီရိုနာ - ဗယ်လာဒိုးလစ် | နံနက် ၀၀း၄၅၊ ၁၈-၈-၁၈

ဗယ်လာဒိုးလစ်ဟာ တန်းတက်အသင်းဖြစ်ပြီး ဂျီရိုနာကလည်း ပြီးခဲ့တဲ့ရာသီအတွင်းမှာ စပိန်လာလီဂါကို တန်းတက်လာတဲ့အသင်း ဖြစ်တယ်။ ဒါပေမယ့်လည်း ဂျီရိုနာဟာ စပိန်လာလီဂါမှာ ခြေစွမ်းကောင်းတွေပြသနိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး တိုက်စစ်ကစားပုံကောင်းမွန်တဲ့ အသင်းဖြစ်တယ်။ အခုပွဲကိုလည်း အိမ်ကွင်းမှာကစားသွားရမှာဖြစ်လို့ ဂျီရိုနာ ခြေစွမ်းကောင်းပြသလာဦးမှာပါ။ အိမ်ရှင် ဂျီရိုနာကသာ ခြေစွမ်းကောင်းတွေနဲ့ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဘက်တစ် - လီဗန်တေး | နံနက် ၂း၃၀၊ ၁၈-၈-၁၈

ဘက်တစ်ဟာ ပြီးခဲ့တဲ့ရာသီအတွင်း ခြေစွမ်းတိုးတက်မှုတွေနဲ့အတူ ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာ ရယူနိုင်ခဲ့တဲ့အသင်းဖြစ်တယ်။ လီဗန်တေးကတော့ ပြီးခဲ့တဲ့ရာသီမှာ တန်းမဆင်းရရေး အနည်းငယ်ရုန်းကန်ခဲ့ရတဲ့ အသင်းဖြစ်တယ်။ လက်ရှိမှာလည်း ဘက်တစ်ဟာ ခြေစွမ်းကောင်းတစ်ခုကို ဆက်ထိန်းထားနိုင်ပြီး အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ နိုင်ပွဲရအောင်အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လီဗန်တေးတို့ အမှတ်ရရှိအောင်အားစိုက်လာမှာဖြစ်ပေမယ့်လည်း အိမ်ရှင် ဘက်တစ်ကသာ နိုင်ပွဲရသွားမှာပါ။

### ဆယ်တာဗီဂို - အက်စ်ပန်ညို | ည ၁၀း၄၅၊ ၁၉-၈-၁၈

ဆယ်တာဗီဂိုဟာ ပြီးခဲ့တဲ့ရာသီအတွင်းမှာ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းခဲ့ပြီး အမှတ်ပေးဇယားအဆင့် ၁၃ နဲ့သာ အဆုံးသတ်ခဲ့ပြီး အက်စ်ပန်ညိုကတော့ အဆင့် ၁၁ နေရာ ရရှိခဲ့တာဖြစ်တယ်။ ရာသီခြေစမ်းပွဲစဉ်တွေမှာတော့ ဆယ်တာဗီဂိုအသင်းဟာ သရေပွဲတွေများခဲ့ပါတယ်။ အက်စ်ပန်ညိုကတော့ ရာသီကြိုမှာ ခြေစွမ်းပိုကောင်းခဲ့တာကြောင့် အခုပွဲမှာလည်း အနိမ့်ဆုံးသရေကစားသွားနိုင်မှာပါ။

### ဗီလာရီးယဲလ်-ဆိုစီဒက်စ် | နံနက် ၀၀း၄၅၊ ၁၉-၈-၁၈

နှစ်သင်းစလုံးဟာ စပိန်လာလီဂါရဲ့ အသင်းကောင်းတွေဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲတွေကစားခဲ့စဉ်မှာတော့ နှစ်သင်းစလုံးဟာ ရလဒ်ကောင်းတွေရရှိခြင်းမရှိခဲ့ဘဲ ခြေစွမ်းကောင်းပြသဖို့ရုန်းကန်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း စပိန်လာလီဂါပွဲစဉ်မှာတော့ နှစ်သင်းစလုံးဟာ တိုက်စစ်စွမ်းရည်ကောင်းတွေပြသလာနိုင်တာကြောင့် အပြန်အလှန် သွင်းဂိုးတွေမြင်ရနိုင်ပြီး ဂိုးများမယ့်ပွဲစဉ်ဖြစ်လာဖို့ သေချာနေတဲ့ပွဲပါ။ ဗီလာရီးယဲလ်ကသာ နိုင်ပွဲကပ်ရသွားဖို့ ရှိနေပါတယ်။

### ဘာစီလိုနာ - အလာဗက်စ် | နံနက် ၂း၄၅၊ ၁၉-၈-၁၈

ဘာစီလိုနာဟာ လက်ရှိ ချန်ပီယံဆုကိုကာကွယ်သွားနိုင်ရေးအတွက် အခုလိုအိမ်ကွင်းပွဲစဉ်တွေမှာတော့ နိုင်ပွဲရရှိရေးအားစိုက်ကစားလာမှာ သေချာပါတယ်။ ဘာစီလိုနာရဲ့ ကစားသမားအင်အားက ပိုမိုတောင့်တင်းလာပြီး အလာဗက်စ်ကတော့ စပိန်လာလီဂါမှာ အသင်းငယ်တစ်သင်းသာဖြစ်နေကာ ဘာစီလိုနာလိုအသင်းကို ခံစစ်အားပြုကစားရဖို့သာ ရှိပေမယ့် ဘာစီလိုနာပဲ အသာစီးရသွားမှာဖြစ်ပါတယ်။

### အီဘား - ဝက်စ်ကာ | ည ၁၀း၄၅၊ ၁၉-၈-၁၈

အီဘားဟာ စပိန်လာလီဂါမှာ အတွေ့အကြုံကောင်းတွေ အများအပြားရှိနေပြီး အသင်းကြီးတွေကိုတောင် ကစားရခက်ခဲစေတဲ့ အသင်းဖြစ်တယ်။ ဝက်စ်ကာကတော့ စပိန်လာလီဂါကို တန်းတက်လာတဲ့ အသင်းဖြစ်ပြီးနာမည်ကျော်ကစားသမားမရှိပါဘူး။ အီဘားတို့ခြေစမ်းပွဲမှာ ရှုံးခဲ့ရပေမယ့်လည်း အခုကစားမယ့် အိမ်ကွင်းပွဲစဉ်မှာတော့ ခြေစွမ်း ပြန်လည်ပြသလာမှာဖြစ်တယ်။ သွင်းဂိုးများမယ့် ပွဲဖြစ်လာနိုင်ပြီး အီဘားကသာ နိုင်ပွဲရသွားမှာပါ။

### ဗယ်လီကာနို - ဆီဗီလာ | နံနက် ၀၀း၄၅၊ ၂၀-၈-၁၈

ဗယ်လီကာနိုဟာ စပိန်လာလီဂါပြိုင်ပွဲနဲ့ ရင်နှီးတဲ့အသင်းတစ်သင်းဖြစ်ပေမယ့်လည်း အသင်းကောင်း ဆီဗီလာကို အနိုင်ယူသွားဖို့တော ခက်ခက်ခဲခဲ ကစားရနိုင်ပါတယ်။ ဆီဗီလာဟာကစားသမားကောင်းတွေ အများအပြားရှိနေပြီး တိုက်စစ်ကိုအကောင်းဆုံးကစားနိုင်တဲ့အသင်းဖြစ်ကာ ယူရိုပါလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲဝင်ရောက်ကစားနေတဲ့ အသင်းလည်းဖြစ်တယ်။ ဗယ်လီကာနိုတို့ အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့် ဆီဗီလာကသာ နိုင်ပွဲရသွားမှာပါ။

### ရီးယဲလ် - ဂီတာဖေး | နံနက် ၂း၄၅၊ ၂၀-၈-၁၈

ရီးယဲလ်မက်ဒရစ်ဟာ တိုက်စစ်မှာ စီရော်နယ်လ်ဒိုမရှိတော့တာကြောင့် သွင်းဂိုးတွေ အများအပြားရဖို့တော့ အနည်းငယ်ခက်ခဲသွားနိုင်ပါတယ်။ ဂီတာဖေးအသင်းကလည်း စပိန်လာလီဂါမှာ ခြေစွမ်းပြသနိုင်တဲ့ အသင်းဖြစ်ပြီး တိုက်စစ်ကို အကောင်းဆုံးကစားနိုင်တဲ့ အသင်းဖြစ်နေပါတယ်။ ရီးယဲလ်မက်ဒရစ်တို့ အိမ်ကွင်းမှာ နိုင်ပွဲနဲ့စတင်နိုင်အောင် အားထည့်ကစားလာမှာဖြစ်ပေမယ့်လည်း ဂီတာဖေးရဲ့ ကစားအားကြောင့် အနည်းငယ်ခက်ခဲစွာကစား ရနိုင်ပါတယ်။ ရီးယဲလ်ကသာကပ်ပြီးနိုင်မယ်။

### ဗလင်စီယာ - အက်သလက်တီကို | နံနက် ၀၀း၄၅၊ ၂၁-၈-၁၈

အသင်းကောင်းနှစ်သင်း ဆုံတွေ့နေတဲ့ ပွဲစဉ်ဖြစ်နေတာကြောင့် အကြိတ်အနယ်ရှိလာနိုင်ပါတယ်။ နှစ်သင်းစလုံးဟာ စပိန်လာလီဂါ ပြိုင်ပွဲကိုအဖွင့်လှဖို့ခြေကုန်ထုတ်ကစားလာမှာသေချာပါတယ်။ အက်သလက်တီကိုအသင်းကတော့ နည်းပြ ဆီမြွန်နီဦးဆောင်မှုအောက်မှာ ခံစစ်ပိုင်းကျစ်လျစ်မှုကို အသားပေးတဲ့ ကစားဟန်ကိုသာ ကျင့်သုံးလာဦးမှာ သေချာပါတယ်။ ဗလင်စီယာတို့ အိမ်ကွင်းဖြစ်ပေမယ့်လည်း သွင်းဂိုးနည်းမယ့် ပွဲဖြစ်လာနိုင်ကာ အက်သလက်တီကိုက နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ဘီဘာအို - လီဂါနက်စ် | နံနက် ၂း၄၅၊ ၂၁-၈-၁၈

ဘီဘာအိုဟာ ကမ္ဘာ့စံချိန်တင် ဂိုးသမားပြောင်းရွှေ့ကြေးတစ်ခုနဲ့အတူ ကီပါအာရီဇာဘာလာဂါကို ချယ်လ်ဆီးထံ ရောင်းချခဲ့ပေမယ့်လည်း ကစားသမားကောင်းတွေ အများအပြားရှိနေဆဲဖြစ်တယ်။ ပြီးခဲ့တဲ့ရာသီအတွင်းမှာ ဘီဘာအိုတို့ တန်းမဆင်းရရေးအတွက်တောင် အနည်းငယ်ရုန်းကန်ကစားခဲ့ရပေမယ့်လည်း ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာတော့ ခြေစွမ်းကောင်းတွေ ရရှိခဲ့ပါတယ်။ လီဂါနက်စ်ဟာလည်း တန်းမဆင်းရရေး ရုန်းကန်ခဲ့ရတဲ့ အသင်းဖြစ်နေလို့ ဘီဘာအိုနိုင်ပွဲရနိုင်တယ်။

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးအား အမှုဖွင့် အရေးယူ

**နေပြည်တော် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့မှ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးသည် အမှုသည်ထံမှ ငွေကြေး၊ ပစ္စည်းလက်ဆောင်များ တောင်းယူပြီး အမှုပြီးဆုံးအောင် ဆောင်ရွက်မပေးသည့်ကိစ္စအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် ဆရာစံလမ်းသွယ်(၈)နေ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးသည် လက်ပံတန်းမြို့နယ် တရားရုံး၏ ဇာရီမှုအမှတ် ၂၀/၂၀၁၆၊ ၂၁/၂၀၁၆ အမှုများနှင့်စပ်လျဉ်း၍ အမှုသည်ကိုယ်စား တရားရုံး၌ အမှုလိုက်ပါဆောင်ရွက်သည့်တာဝန်ကို ဆောင်ရွက်ရာတွင် အမှုအောင်မြင်စေရေးအတွက် အကြောင်းပြကာ အမှုသည်ထံမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်အတွင်း ငွေကျပ် ၁၂၉၀၀၀၀ နှင့် လက်ဆောင်ပစ္စည်းများ တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ အရ အရေးယူဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့မရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၌ တရားမဝင်သိုလှောင်ထားသော အမိုးနီယမ်နိုက်ထရိတ်များ သိမ်းဆည်းရမိ



**မိုးညှင်း ဩဂုတ် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ပြည်ထောင်စုကားလမ်းမကြီးဘေး နေအိမ်ခြံဝင်းအတွင်း၌ တရားမဝင်သိုလှောင်ထားသော အမိုးနီယမ်နိုက်ထရိတ်များနှင့် ဘိန်းအမျှင်ခြောက်(ခတ်ပုံ) သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၃ ရက် ည ၇ နာရီ ၁၀ မိနစ်ခန့်က မိုးညှင်းခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်စိုးဝင်း ဦးစီးသောအဖွဲ့၊ မော်ဟန်ရဲကင်းစခန်းမှူး ရဲအုပ်ကျော်ညွှန့်ဝင်းအဖွဲ့နှင့် မော်ဟန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်ဟန်ရွာ ပြည်ထောင်စုကားလမ်းဘေးရှိ ဦးဖြိုးဝေနေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ နေအိမ်ဧည့်ခန်းအတွင်း၌ ဖြိုးဝေ(ခ)ဖြိုးဝေပိုနှင့် ဝင်းဦးတို့နှစ်ဦးအား အသင့်တွေ့ရပြီး ဆက်လက်ရှာဖွေရာ ဧည့်ခန်းမဆောင်အတွင်း ခေါင်တိုင်တွင် ချိတ်ဆွဲထားသည့် လက်ဆွဲအိတ်အတွင်းမှ ဘိန်းဟု ယူဆရသော အညိုရောင်အစေး(ဘိန်းမည်း)အရည်ဖြင့် သပွတ်အူအခြောက် ရောစပ်ထားသည့် ခတ်ပုံ တစ်ဂရမ်ခန့်ပါ တစ်ထုပ်၊ နှစ်ဂရမ်ခန့်ပါ နှစ်ထုပ်နှင့် ဘိန်းရှူရန်အသုံးပြုသည့် တော်ပါဘူးအကြီး တစ်လုံးတို့ကို တွေ့ရသည်။ ဆက်လက်ရှာဖွေရာ နေအိမ်နှင့်ကပ်လျက် ဆီပီပါအခွံများကြား သိုလှောင်ထားသော အမိုးနီယမ်နိုက်ထရိတ်အိတ်များကို လည်းကောင်း၊ နေအိမ်အနောက်ဘက် ကားဘော်ဒီအိမ်ဟောင်းအတွင်း သို့ဝှက်ထားသော ပုံစံတူ အမိုးနီယမ်နိုက်ထရိတ်အိတ်များ စုစုပေါင်း ၄၃၈ အိတ်နှင့်အတူ ဆီပီပါခွံ ၁၇ လုံးအတွင်း သို့ဝှက်ထားသော အမိုးနီယမ်နိုက်ထရိတ်များကို တွေ့ရှိသဖြင့် ဖြိုးဝေ(ခ)ဖြိုးဝေပို ၃၆ နှစ် နတ်ကြီးကုန်းရပ်ကွက် မော်ဟန်ကျေးရွာ မိုးညှင်းမြို့နေသူနှင့် ဝင်းဦး ၄၅ နှစ် ခြံစောင့်လုပ်သား နတ်ကြီးကုန်းရပ်ကွက် မော်ဟန်ကျေးရွာ မိုးညှင်းမြို့နယ်နေသူတို့အား မိုးညှင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | "စီးပွားရေးစကားဝိုင်း (ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး) (ဒုတိယပိုင်း) |
| ၉း၁၅ | နိုင်ငံတော်ဖွံ့ဖြိုးရေးအခွန် မှန်မှန်ပေးဆောင်ပေး "စားသောက်ဖွယ်ရာ ရောင်းချခြင်းလုပ်ငန်းများအပေါ် အခွန်စည်းကြပ်ခြင်းနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းအကြောင်း သိကောင်းစရာ" |
| ၉း၃၀ | စိုက်ပျိုးရေးရာအဖြေရှာ "သရက်စိုက်ပျိုးရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်အကြောင်း သိကောင်းစရာ" |
| ၁၀း၃၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော်-ဝေလ၊ အဆိုတော်ကိုအောင်) |
| ၁၀း၄၅ | "ဩဂုတ်လ လပတ်မိုးလေဝသအစီအစဉ်" |
| ၁၁း၀၀ | ပြည်သူ့နီတိ "ရင်ငြိမ်းပန်း" |
| ၁၁း၂၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၃၄) |
| ၁၃း၄၅ | "အတ္တနီဂုံ" |
| ၁၅း၁၅ | "MSMES Small Level ပထမဆုရ Ready Made သားသားဆန်ပြွတ်" |

**ညပိုင်း**

| | |
|---|---|
| ၁၆း၄၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "လူကြမ်းတစ်ယောက်ရဲ့ ဒိုင်ယာရီ" |
| ၁၇း၀၅ | အနုပညာခန်းရိပ်သာ "ဒါရိုက်တာအောင်မြင့်မြတ်နှင့် တွေ့ဆုံခြင်း" |
| ၁၇း၃၀ | MRTV Travelogue |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဘဝထဲကဝတ္ထု ဝတ္ထုထဲကဘဝ "မေတ္တာပရဝဏ်" (ကောင်းဟိန်း၊ခရစ္စတီးနား၊ ပန်သုမြင့်မိုရ်၊ ဒေါ်ခင်ခင်ကြီး) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၄) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | စီးပွားရေးစကားဝိုင်း "ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား"(ပထမပိုင်း) "စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း"(အပိုင်း-၅) "ဖိုးတွတ်၊ အသက်က (၈)နှစ် (မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း) (ဒါရိုက်တာ-ရှင်ဒေဝီ) -သုခုမရင်ခွင်အငြိမ့်သဘင် "စက်မှုတက္ကသိုလ်မျိုးဆက်သစ်စွယ်တော်ရိပ်အငြိမ့်" (မင်းသမီး-သဲနှင်းဆီ၊ လူရွှင်တော်-ချစ်(ပ်)၊ ဆိုက်ဘာ၊ ကာဗွန်၊ တူးဘီ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခု အချစ်တစ်ခု" (အပိုင်း-၇) -အစီအစဉ်ပြီး၏။ |

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၅၅ စီး၊ သွင်းကုန် ၆၅၈ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၅၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၀၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၁၀ ဒသမ ၀၅၂ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Nissan Wingroad ယာဉ်တစ်စီးနှင့် Toyota Wish ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sport Shoe အရန် ၁၂၀ နှင့် အဝတ်အထည် ၄၃၂၀ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၅၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်-မန္တလေး အမြန်လမ်းပိုင်းတွင် ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွား

**လှည်းကူး ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းပိုင်းတွင် ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က ယာဉ်တစ်စီးလမ်းလယ်ကျွန်းပေါ် အရှိန်လွန်တိမ်းမှောက်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်းသတင်းအရ အမှတ်(၃) လမ်းဆုံ အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် အောင်သင်းဦးနှင့်အဖွဲ့သည် အမြန်လမ်းမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးငြိမ်းချမ်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးအဖွဲ့တို့ ပူးပေါင်း၍ အခင်းဖြစ်ပွားသည့် မိုင်တိုင် ၁၀/၂ နှင့် ၃ အကြားသို့ သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ဇော်နိုင်ဦး မအူကုန်းရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်လာသော 9I/------KLUGER ယာဉ်မှာ အရှိန်လွန်ပြီး လမ်းလယ်ကျွန်းပေါ်သို့ရောက်ရှိ တိမ်းမှောက်ကာ မီးလောင်ခဲ့သဖြင့် မီးသတ်တပ်ဖွဲ့က ငြိမ်းသတ်ခဲ့ရသည်။

ထိုသို့ယာဉ်တိမ်းမှောက် မီးလောင်မှုကြောင့် ယာဉ်မောင်းပါ နှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဇော်နိုင်ဦးအား အမှတ် (၃)လမ်းဆုံ အမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၄**

မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် ညနေ ၆ နာရီခွဲခန့်က မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက် အောင်ဆန်းလမ်းကြားတွင် မသန္တာဦး မောင်းနှင်ပြီး မခင်မာဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ရောင်စုံဆပ်ပြာခွက် ရှစ်ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူသုညဒသမ ၀၉၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကို လည်းကောင်း။

**လွိုင်ကော်မြို့နယ်**

အလားတူ ယင်းနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်ကော်မြို့နယ် ဒေါဆန်းဘွန်းကျေးရွာနေ လားရှို(ခ)လရှို၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျော်ကျော်၊ စောကာဗရီအေးလား တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၊



**မြင့်ကြည်၊ အောင်ကြီး၊ ငဲမောင်၊ ရန်ပိုင်(ခ)မိုဟာမက်ခမ်း၊ ပိုင်ဖြိုးဝေ၊ အောင်သူဟိန်း၊ ဥက္ကာရဲလွင်**

လေသေနတ် နှစ်လက်၊ ခဲသီးတောင့် ၆၀၊ သံကြွပ်အလုံး လက်ပစ်ဗုံး တစ်လုံး၊ ဒေသန္တရလုပ်လက်ပစ်ဗုံး တစ်လုံး၊ ၇ ဒသမ ၆၂ ကျည် ၂၅ တောင့်၊ ပွိုင့် ၂၂ ကျည် ၈၄ တောင့်၊ ၅ ဒသမ ၅၆ ကျည် ကိုးတောင့်၊ စစ်သုံးချပ်ဝတ်တန်ဆာ (အီကွေ့မန့်) တစ်ခုတို့ကို လည်းကောင်း။

**မြောက်ဥက္ကလာပမြို့နယ်**

မူးယစ်တပ်ဖွဲ့စု ၄၂ ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် ညပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် မေတ္တာ(၁)လမ်း၊ ထွန်းထွန်း(ခ) အောင်နေထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် မင်းမင်း(ခ)ကိုချေ ရောက်ရှိလာပြီး မူးယစ်ဆေးဝါးများ သို့ဝှက်ထားသည့် ငမိုးရိပ်ချောင်းဘေးသို့ လိုက်လံပြသခဲ့ရာ ၎င်းနေရာတွင် ကျော်လှသိန်း(ခ)ဆံရှည်၊ ရဲကို(ခ)ဟိန်းစိုးအောင်နှင့် ဇော်ဝင်းဦး(ခ)ဇော်ဝင်းတို့ သုံးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိသည်။

**တောင်ကြီးမြို့နယ်**

မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် ညပိုင်းတွင် တောင်ကြီးမြို့အဝင် (၄)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ထွန်းနောင်နောင်မောင်းနှင်ပြီး အေးချမ်းအောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ အေးချမ်းအောင်လက်တွင် ကိုင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တောင်ကြီးမြို့နယ် ကွန်ကျောင်းကျေးရွာနေ အောင်ကြီး၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ငဲမောင်၊ ရန်ပိုင်၊ ပိုင်ဖြိုးဝေ၊ အောင်သူဟိန်း၊ ဥက္ကာရဲလွင်နှင့် မြင့်ကြည်တို့အား တွေ့ရပြီး အောင်ကြီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၊ အိပ်ရာခေါင်းရင်းအနီးမှ တူမီးသေနတ် တစ်လက်၊ ယမ်းမှုန့် ၅၅၀ ဂရမ်ပါ တစ်ထုပ်၊ ခဲသီး ၂၀ ကိုလည်းကောင်း။

**ရပ်စောက်မြို့နယ်**

အလားတူ ယင်းနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက်နေ ထွန်းဝင်း(ခ)ကျော်လွင်ထူး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ထွန်းဝင်း(ခ)ကျော်လွင်ထူးအား နေအိမ်တွင် တွေ့ရှိပြီး စစ်ဆေးချက်အရ နေအိမ်အနီး ပြောင်းခင်းဘေးရှိ ၎င်းတို့တောင်ယာတဲသို့ လင်းလင်း(ခ)လေင်းနှင့် မအေးချိုတို့က လာရောက်ရောင်းချသဖြင့် ဝယ်ယူသုံးစွဲခြင်းဖြစ်ကြောင်း သိရ၍ ၎င်းတောင်ယာတဲကို သွားရောက်ရှာဖွေရာ တဲအတွင်းတွင် လင်းလင်း(ခ)လေင်း၊ မအေးချို၊ ယောကို(ခ)ယောကိုကိုအောင်နှင့် ခွန်ဇော်တို့အား ရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၂ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ အခြေခံအဆောက်အအုံများ ဆောင်ရွက်မည့်အခြေအနေများနှင့် ပတ်သက်သည့်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်မြို့တွင် အခြေခံအဆောက်အအုံများ ဆောင်ရွက်မည့်အခြေအနေများနှင့် ပတ်သက်သည့်အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းတို့ ဦးဆောင်၍ ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့၌ မိုးပျံလမ်း (Elevated Highway) တည်ဆောက်မည့် အစီအစဉ်အား ဆွေးနွေးရာ Phase I အနေဖြင့် ပုဇွန်တောင် ၁၇ ပေ ခုံးကျော်တံတားအနီးမှ စတင်၍ ကြက်ဘဲဈေးမှ ဖြတ်ပြီး ဝေဇယန္တာလမ်းမကြီးအတိုင်း ခရေပင်လမ်း (မင်္ဂလာဒုံ ပန်းခြံ)တွင် အဆုံးသတ်ရန်နှင့် လမ်းတစ်လျှောက် တံတားအတက်၊ အဆင်းလမ်းနေရာများ ရန်ကုန်လေဆိပ်သို့ ချိတ်ဆက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ ၁/၉၇ ညွှန်ကြားချက်ကို ဆွေးနွေးရာ ယင်းညွှန်ကြားချက်သည် လက်ရှိအခြေအနေနှင့် မကိုက်ညီခြင်းနှင့် လိုအပ်ချက်များရှိနေခြင်းတို့ကြောင့် အချက်အလက်များ ထပ်မံဖြည့်စွက်၍ အသစ်ပြန်လည် ရေးဆွဲရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် အလုံမြို့နယ် ဗဟိုလမ်းပေါ်ရှိ အမှတ် ၂၄(၆ ဒသမ ၉ ဧက) ကျယ်ဝန်းသော မြေနေရာတွင် Redevelopment ပြုလုပ်ရန် EOI ခေါ်ယူမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပဲခူးခရိုင်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးသွားသော စပါးခင်းများအတွက် မျိုးစပါးပေးအပ်ပွဲ ကျင်းပ

**ပဲခူး ဩဂုတ် ၁၄**

ပဲခူးမြို့ ဟံသာဝတီရပ်ကွက် ရှင်စောပုခန်းမတွင် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များအတွင်း ရေကြီးနစ်မြုပ်ပျက်စီးသွားသော စပါးခင်းများအတွက် တောင်သူများအား ရက် ၉၀ မျိုးစပါးပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။




ရှေးဦးစွာ ဝန်ကြီးချုပ်ဦးဝင်းသိန်းက ယနေ့ကျင်းပသည့် အခမ်းအနားသည် လက်ကျန်မိုးရာသီတွင် စိုက်ပျိုးနိုင်မည့် ရက် ၉၀ မျိုးစပါးများအား နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တောင်သူလယ်သမားများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ သို့မှသာ ဆုံးရှုံးမှုများကို အစားထိုးကုသပေးနိုင်မှာဖြစ်ပြီး သီးနှံများပေါ်ချိန်တွင် စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်နိုင်မှာ ဖြစ်ကြောင်း၊ ပျက်စီးသွားသည့် လယ်ယာမြေများအတွက် အစိုးရက ထောက်ပံ့ပေးမှု၊ စိုက်ပျိုးရေးဦးစီးဌာနက ကူညီမှုများကိုရယူ၍ တောင်သူလယ်သမားများဘဝ ပြန်လည်ရှင်သန်ရန် ကြိုးစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ပဲခူးတိုင်းဒေသကြီးအတွင်း တောင်သူများသို့ ထောက်ပံ့ပေးအပ်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးလှမြင့်က ထောက်ပံ့မှု မူဝါဒနှင့်စိုက်ပျိုးရေးကဏ္ဍဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က ပဲခူးမြို့နယ်အတွက် မျိုးစပါးတင်း ၆၃၀၊ သနပ်ပင်မြို့နယ်အတွက် မျိုးစပါးတင်း ၃၃၀၊ ဝေါမြို့နယ်အတွက် မျိုးစပါးတင်း ၅၀၀ အား သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် တောင်သူကိုယ်စားလှယ်တို့အား လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ရေဘေးသင့်ပြည်သူများသို့ Family Kit ပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

၂၀၁၈-၂၀၁၉ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လ စတုတ္ထပတ်အတွင်း မိုးရွာသွန်းမှု များခြင်းကြောင့် စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ ဧရာဝတီမြစ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာအုပ်စု ၆၄၆ စု၌ ကွင်းပေါင်း ၂၆၇၄ ကွင်းတွင် တောင်သူ ၉၈၉၉၆ ဦး၏ စိုက်ပျိုးမြေ ၄၉၇၇၀၆ ဧက ရေလွှမ်းခဲ့ပြီး ရေပြန်ပေါ်သည့် ဧက ၄၃၄၁၂၅၊ ရေလွှမ်းဆဲ ၆၃၅၈၁ ဧက၊ ထိခိုက် ၂၃၁၅၂ ဧက၊ ပျက်စီး ၁၃၇၀၁၉ ဧက၊ ပြန်စိုက်ပြီး ဧက ၄၅၂၄၆ ဧကရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထိုင်းခရီးသွားအဖွဲ့ ကယားပြည်နယ်သို့ ချစ်ကြည်ရေးခရီးလာရောက်

**လွိုင်ကော် ဩဂုတ် ၁၄**

လွိုင်ကော်မြို့အခြေစိုက် Amazing Kayah Travel & Tours Co.,Ltd နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်အခြေစိုက် Mae Hong Son T.N & Family Tours Co.,Ltd တို့၏ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေဖြင့် ထိုင်းနိုင်ငံသား Mr. Phanudate Chaisagoon နှင့်အတူ အဖွဲ့ဝင် ၃၁ ဦးတို့သည် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အထင်ကရနေရာများသို့လည်ပတ်ရန် ကားသုံးစီး၊ ဆိုင်ကယ် ၂၂ စီးဖြင့် ဩဂုတ် ၁၁ ရက်တွင် ထိုင်း-မြန်မာ နယ်စပ်ဝင်ပေါက်မှတစ်ဆင့် လွိုင်ကော်မြို့သို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါချစ်ကြည်ရေးခရီးသွားအဖွဲ့နှင့်အတူ Amazing Kayah Travel & Tours Co.,Ltd မှ မန်နေဂျင်း ဒါရိုက်တာ စိုင်းပန်ဖ လိုက်ပါလျက် ဩဂုတ် ၁၂ ရက်တွင် လွိုင်ကော်မြို့၏အထင်ကရ သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီ)တွင် ဘုရားဖူးမြော်ကြပြီး ဒီမော့ဆိုမြို့နယ်ရှိ ကန်ခုနစ်ဆင့်တွင် သဘာဝရှုခင်းများအား မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ ကယန်းရိုးရာအစားအစာ စားသုံးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဩဂုတ် ၁၃ ရက်တွင် သီရိမင်္ဂလာဈေးသို့လည်ပတ်ခဲ့ကြပြီး လောပိတရေအားလျှပ်စစ်စက်ရုံသို့ ဝင်ရောက်လေ့လာကာ View Point မှ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ ဆက်လက်၍ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း နယ်စပ်ရှိ ထီးစဲခါးရေတံခွန်သို့ သွားရောက်ကာ သဘာဝရှုခင်းများကို မှတ်တမ်းတင်ရိုက်ကူးခဲ့ကြောင်း သိရသည်။

အဆိုပါ ချစ်ကြည်ရေးခရီးသွားအဖွဲ့သည် ဩဂုတ် ၁၄ ရက်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၁၄

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ မိုး/ဇလ

# ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် မြောက်ဦးယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ကော်မတီများ၊ ဆပ်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးကို ဆုံးဖြတ်ပြီး အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်မည်ဟု သိရပါကြောင်း၊ ကြိုးစားဆောင်ရွက်ပေးကြသူများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ထိုလုပ်ငန်းအောင်မြင်လာသည်နှင့်အမျှ မိမိတို့ဒေသ ဖွံ့ဖြိုးမှုကဏ္ဍသည်လည်း တိုးတက်အောင်မြင်ပြီး တည်ငြိမ်အေးချမ်းမှုများ ရရှိလာမည်ဖြစ်ကြောင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များလည်း ချမှတ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ကလည်း လိုအပ်သည့်ငွေကြေးများကို ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြောက်ဦးဒေသ သန့်ရှင်းသာယာလှပရေး ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရအနေဖြင့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးဖြစ်ထွန်းမည့် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမည့် လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် ပတ်သက်၍ မိမိတို့ကော်မတီမှ ဆောင်ရွက်နေမှု၊ မြောက်ဦးဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မည့် အခြေအနေ၊ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြောက်ဦးယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြောက်ဦးယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့၏ တွဲဖက်အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မြောက်ဦးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မြောက်ဦးဒေသ သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။ ယင်းနောက် တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြောကြားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

## ထီးချိုင့်၌ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

**ထီးချိုင့်**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ရွာသစ်ရွာ အခြေခံအလယ်တန်းကျောင်း(ခွဲ) မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းမုခ်ဦးရှေ့၌ ကျင်းပသည်။
အဆိုပါရွာသစ်ကျေးရွာတွင် အိမ်ထောင်စု ၂၂၀ ရှိရာ ကျောင်းတွင် ဆရာဆရာမကိုးဦး၊ ကျောင်းသား ကျောင်းသူ ၂၁၀ ရှိပြီး ပတ်ဝန်းကျင်ကျေးရွာလေးရွာမှ ကျောင်းသား ကျောင်းသူများပါ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။
**ဖွဲ့မာန် (ထီးချိုင့်)**

## လင်းခေး၌ ကလေးများ စိတ်ကြိုက်ပန်းချီဆွဲပြိုင်ပွဲကျင်းပ

**လင်းခေး**
မူလတန်းအရွယ်ကလေးများ စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။
အဆိုပါပြိုင်ပွဲတွင် အခြေခံပညာမူလတန်းကျောင်း ဝမ်ကွန်နှင့်ပန်ကျိုင်းကျေးရွာမှ ဒုတိယတန်းကျောင်းသား ကျောင်းသူ ၂၄ ဦးတို့က စိတ်ကြိုက်ပန်းချီရေးဆွဲပြိုင်ပွဲဝင်ခဲ့ကြသည်။
**မြို့နယ်(ပြန်/ဆက်)**

## စေတုတ္တရာ၌ ဒေသခံစာပေသင်ကြားပေးနိုင်ရေး ရှင်းလင်း

**စေတုတ္တရာ**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ချင်းမျိုးနွယ်စုအလိုက် ဒေသခံစာပေသင်ကြားပေးနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချပြရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက စေတုတ္တရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။
ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးတို့က ချင်းမျိုးနွယ်စုအလိုက် ဒေသခံစာပေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။
**ခရိုင်(ပြန်/ဆက်)**

## မသန်စွမ်းစစ်သည်များကို စက်တပ်ဘီးများ စလင်း၌ လှူဒါန်း

**စလင်း**
မကွေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရင်း မသန်စွမ်းဖြစ်ခဲ့သော စစ်သည်ဟောင်း ၁၂ ဦးကို မော်တာစက်တပ်ဆင်ထားသည့် ရွှေ့လျားဘီးတပ်ထိုင်ခုံ ၁၂ လုံးကို လှူဒါန်းခဲ့သည်။
ထိုင်ခုံများကို ရန်ကုန်အခြေစိုက် ရောင်နီဦးနှင့်မိတ်ဆွေများပရဟိတအဖွဲ့က လှူဒါန်းခြင်းဖြစ်ပြီး စက်တပ်ထိုင်ခုံတစ်လုံးလျှင် ကျပ်ငါးသိန်းတန်ဖိုးရှိကြောင်း သိရသည်။
**စစ်ကြည်(စလင်း)**

## ပျဉ်းမနားမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေး

**နေပြည်တော်**
မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ် အမှတ်(၁)အခြေခံပညာအထက်ကျောင်းခန်းမတွင် ကျင်းပသည်။
မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) နေပြည်တော်အသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးတင်ငွေက မူးယစ်ဆေးဝါးအစဆေးလိပ်နှင့် ကွမ်းယာခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ် ၁၀၁ တပ်စုမှ ဒုရဲအုပ်အောင်ဖြိုးဝေက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) နေပြည်တော်အသင်းခွဲ နာယက လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးမောင်မောင်တာက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းတို့ကို ပညာပေးဟောပြောကြကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

## ညောင်ရွှေ၌ ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ညောင်ရွှေ**
ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုဆင့်ပွားသင်တန်းကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီတွင် ညောင်ရွှေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဖွင့်လှစ်သည်။
သင်တန်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တာဝန်နှင့် လုပ်ပိုင်ခွင့်၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း၊ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များ၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များ ထုတ်ပြန်ကြေညာခြင်းစသည့် သင်ရိုး ၁၂ ခုကို တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် အဖွဲ့ဝင် ဒေါ်ကေသီနိုင်တို့က ရှင်းလင်းဆွေးနွေးကြသည်။
**နေမျိုးသူရိန်**

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ကော်မတီများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ



**ချမ်းအေးသာစံ ဩဂုတ် ၁၄**
ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်း၍ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်ထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ Hotel Princess Sakura ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး အဖွင့်အမှာစကားပြောကြားသည်။
ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (မန္တလေး)ဌာနေကိုယ်စားလှယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတကာလွှတ်တော်ရေးရာဖွံ့ဖြိုးမှုပညာရှင် Mr.ThomasGregoryu အစိုးရ၏ မဏ္ဍိုင်သုံးရပ်ဖွဲ့စည်းပုံအားလေ့လာ၍ တစ်ခုခြင်းစီ၏ ကွဲပြားခြားနားသောအခန်းကဏ္ဍများနှင့် လွှတ်တော်၏ အစိုးရကဏ္ဍအားစောင့်ကြည့်လေ့လာထိန်းညှိခြင်းလုပ်ငန်းစဉ်အားဆွေးနွေးခြင်း၊ ကော်မတီများမှ စောင့်ကြည့်လေ့လာထိန်းညှိခြင်းကဏ္ဍ၊ ကော်မတီများ၏ အစည်းအဝေးကျင်းပခြင်း၊ လွှတ်တော်အစည်းအဝေးထံ ကော်မတီအစီရင်ခံစာတင်သွင်းခြင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ပုံ စနစ်တကျလေ့လာအကဲဖြတ်ခြင်း၊ ကော်မတီ၏ စုံစမ်းစစ်ဆေးမှုများ အရေးပါမှုနှင့် ကော်မတီမှအကြံပြုချက်များပေးခြင်း စသည့်ကဏ္ဍများအား အဖွဲ့များဖြင့်ဆွေးနွေးကြကြောင်း သိရသည်။
ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကော်မတီဝင်များ တက်ရောက်ကြသည်။
**မောင်ပြည်သူ(မန္တလေး)**

# မြန်မာ့ထန်း ပျောက်ကွယ်မည့်အရေး တွေး၍ ပူပန်နေရ



**စစ်ကိုင်း ဩဂုတ် ၁၄**
ထန်းပင်ခုတ်လျှင် သစ်တောဥပဒေအရ အရေးယူဆောင်ရွက်နိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံထံမှ သိရသည်။
"ထန်းပင်များကို နိုင်ငံခြားသို့ ရောင်းချခြင်းကို မြို့နယ်အလိုက် နယ်ကျော်သယ်ဆောင်မှုမဖြစ်စေရေးကို ဒေသဆိုင်ရာအမိန့်များထုတ်ပြန်၍ တားဆီးသွားမှာဖြစ်ပါတယ်။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသောအားဖြင့် မြန်မာ့ထန်းပင်များမျိုးမတုန်းစေရန် နှစ်ရှည်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို သက်ဆိုင်ရာအကျိုးကျေးဇူးများ ရရှိခံစားစေရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ထန်းပင်ပိုင်ရှင်များက ချပြဆွေးနွေးကာ ထိန်းသိမ်းဆောင်ရွက်သွားကြဖို့လိုပါတယ်။ ထန်းပင်သာမက မည်သည့်အပင်မဆို ခုတ်ရင် သစ်တောဥပဒေအရ အရေးယူဆောင်ရွက်နိုင်သလို တားမြစ်ပိတ်ပင်စာရင်းဝင်ပါက နေရာဒေသအလိုက် တားမြစ်ပိတ်ပင်မှုများနဲ့ ပတ်သက်တဲ့ သစ်တောဥပဒေအရ အရေးယူဆောင်ရွက်နိုင်ပါတယ်" ဟု ဝန်ကြီးဦးကမ်ဇာမုံက ပြောသည်။
လက်ရှိတွင်ထန်းပင်များကို အုတ်ဖုတ်သူများနှင့် ရေနံချက်သူများက ထင်းအဖြစ်ဝယ်ယူလျက်ရှိနေသလို နိုင်ငံရပ်ခြားမှ တစ်ပင်ငွေကျပ်တစ်သောင်းပေးဝယ်ကာ ပရိဘောဂများပြုလုပ်၍ မြန်မာပြည်တွင်းသို့ ဈေးကြီးကြီးဖြင့် ပြန်လည်ရောင်းချခြင်းများရှိနေသည်ကို တွေ့ရသောကြောင့် မြန်မာ့ထန်းပျောက်ကွယ်မည့်အရေး ပူပန်ဖွယ်ရာအခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ပြောသည်။
"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ထန်းပင်တွေ တစ်နေ့တခြားလျော့ပါးလာတာကိုတွေ့ရပါတယ်။ ထန်းတစ်ပင်ရဲ့ အသုံးဝင်ပုံက တန်ဖိုးဖြတ်မရပါဘူး။ ထန်းတစ်ပင်အသုံးဝင်ဖို့နှစ် ၂၀ လောက်စောင့်ရပါတယ်။ ထန်းပင်ဟာ နှစ် ၂၀၀ ကျော်သက်တမ်းရှိပြီး သဘာဝရေမြေကိုလည်း ထိန်းသိမ်းနိုင်တဲ့အပင်ဖြစ်ပါတယ်။ ချောင်းဦးမြို့နယ် အထင်ကရအမြင့်မြို့ဟောင်းမှာ အရင်က ထန်းဥယျာဉ်တောကြီးဖြစ်ခဲ့ရာက အခုမှာတော့ ထန်းပင်တွေကို မမြင်တွေ့ရတော့ပါဘူး။ အရင်က ထန်းပင်တွေများတဲ့အတွက် လှည်းမောင်းမရတဲ့အတွက် လှည့်ပြန်ခဲ့ရတာတွေရှိခဲ့ပါတယ်။ အခုအခါမှာ ထန်းပင်တွေခုတ်လှဲပြီး အုတ်ဖုတ်ဖို့ထင်းအဖြစ်ဝယ်တာရှိသလို ရေနံချက်ဖို့ ထင်းအဖြစ်ဝယ်ယူတာတွေရှိပါတယ်။ ဒါ့အပြင် နိုင်ငံခြားက ထန်းတစ်ပင်ကို ငွေကျပ်တစ်သောင်းပေးဝယ်ယူပြီး သူတို့နိုင်ငံအရောက်သယ်၍ အဆင့်မြင့်ပရိဘောဂများ ပြုလုပ်ကာ မြန်မာပြည်တွင်းသို့ ပြန်လည်ရောင်းချရာမှာ ဆက်တီတစ်စုံသိန်း ၁၇၀ နဲ့ ရောင်းချခံနေရပါတယ်" ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ပြောသည်။
**မျိုးဝင်းထွန်း (မုံရွာ)**

## ချင်းတွင်းမြစ်အတွင်း လေ့လာနိုင်သည့် ရှုရပ်ဆောင် ဆောက်လုပ်

**မုံရွာ ဩဂုတ် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် တိုင်းဒေသကြီးလွှတ်တော်ရုံးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမျက်နှာစာ ချင်းတွင်းမြစ်ကမ်းဘေးတွင် ချင်းတွင်းမြစ်ရေအခြေအနေနှင့် မြစ်အတွင်းသဘာဝရှုခင်းများကို ကြည့်ရှုလေ့လာနိုင်သည့် ရှုရပ်ဆောင်တစ်ခုကို တည်ဆောက်လျက်ရှိကြောင်း မုံရွာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဝင်းထိန်၏ပြောကြားချက်အရ သိရသည်။
"ချင်းတွင်းမြစ်ရေကြီးချိန်မှာ စောင့်ကြည့်နိုင်ဖို့၊ ညနေပိုင်းတွေမှာ မိသားစုလိုက်၊ သူငယ်ချင်းတွေ လာရောက်အပန်းဖြေရင်း ချင်းတွင်းမြစ်အတွင်းက သဘာဝရှုခင်းတွေကို ကြည့်ရှုခံစားနိုင်ဖို့အတွက် ဆောက်လုပ်တာပါ။ ချင်းတွင်းတာပေါင်ပေါ်မှာလည်း ထိုင်ခုံလေးတွေ၊ အားကစားလုပ်လို့ရတဲ့ပစ္စည်းတွေ တပ်ဆင်ထားပါတယ်။ ရှုရပ်ဆောင်မှာတော့ လေးထောင့်သံပိုက်လုံးလက်ရန်းတွေ တပ်ဆင်ပေးထားတယ်။ နောက်ပြီး မြစ်အတွင်းကိုဆင်းပြီး လေ့လာနိုင်ဖို့အတွက်လည်း ကွန်ကရစ်လှေကားတစ်စင်း တည်ဆောက်ပေးသွားမှာပါ" ဟု မုံရွာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဝင်းထိန်က ပြောသည်။
တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၇၅ သိန်းဖြင့် အလျားပေ ၁၀၀၊ အနံပေ ၅၀ ရှိပြီး ယခုအခါတွင် တည်ဆောက်ရေးလုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။
**ဝင်းဦး(ဇေယျာတိုင်း)**

## ရွေးကောက်ပွဲဆိုင်ရာဆင့်ပွားသင်တန်းဖွင့်

**တာချီလိတ် ဩဂုတ် ၁၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မြို့နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သိရှိနားလည်ဆောင်ရွက်နိုင်စေရေး ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ၊ လုပ်ငန်းလုပ်ဆောင်မှုများနှင့် ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၊ ရွေးကောက်ပွဲ ဆိုင်ရာစက်ဝန်းနှင့် မဟာဗျူဟာပန်းတိုင်များ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ နိုင်ငံရေးပါတီများ လိုက်နာရမည့်ကျင့်ဝတ်များ၊ ကိုယ်စားလှယ်လောင်းအမည်တင်သွင်းခြင်းနှင့် ရွေးကောက်ပွဲကုန်ကျစရိတ်တင်ပြခြင်း စသည်တို့ကို နှစ်ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။
**နိုင်လင်း(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို့ သီလရှင်ကျောင်းများသို့ အလှူငွေလှူဒါန်း



**လွိုင်ကော် ဩဂုတ် ၁၄**

လွိုင်ကော်မြို့နယ် မင်းစုရပ်ကွက်နှင့် နောင်ယား (က) ရပ်ကွက်ရှိ မယ်တော်၏အစေအပါး သီလရှင်ကျောင်းနှင့် ဆပ်ဖြေခြင်းသီလရှင်ကျောင်းတို့တွင် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ အဆိုပါကျောင်းများသို့ သွားရောက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို့နှင့်အဖွဲ့သည် မင်းစုရပ်ကွက် စိန့်ဂျိုးဇက် ဘုရားကျောင်းဝင်းအတွင်းရှိ မယ်တော်၏အစေအပါး သီလရှင်ကျောင်းရှိ မီးဖိုချောင်ပြင်ဆင်နိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀ အား ပေးအပ်လှူဒါန်းရာ တာဝန်ခံ Sister. Annie (အယ်နီ) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး လိုအပ်ချက်များအား တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြုပြင်ဆောင်ရွက်မည့် မီးဖိုချောင်အခြေအနေကို ကြည့်ရှုခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွိုင်ကော်မြို့ နောင်ယား (က) ရပ်ကွက်ရှိ ရှင်မာတေဦး ဆပ်ဖြေခြင်းသီလရှင်ကျောင်းတွင် လာရောက်မှီတင်းနေထိုင်ကြသည့် ဒေသအသီးသီးမှ ကျောင်းသူများအတွက် ထမင်းစားဆောင် ဆောက်လုပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ညဏ်လင်း (ကယား)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖာပွန်–ကမမောင်း–ဝါးဘိုးတောကားလမ်းအချို့တွင် ရေကျော်၍ သွားလာရန်ခက်ခဲ



**ဖာပွန် ဩဂုတ် ၁၄**

ကရင်ပြည်နယ် ကမမောင်းမြို့တွင် သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် မိတ္ထီလာကျေးရွာ ကားလမ်းအရှည်ပေ ၅၀ ခန့်တွင် ရေအနက်သုံးပေခန့် ရေကျော်လျက်ရှိကြောင်းနှင့် ဖာပွန်မြို့နယ်တွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆင်ဖွယ်ကျေးရွာရှိ ဆင်ဖွယ်ချောင်းရေ မြင့်တက်လာသောကြောင့် ကားလမ်းအရှည် မိုင်ဝက်ခန့်တွင် ရေအနက်နှစ်ပေခွဲခန့် ရေကျော်လျက်ရှိရာ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သွားလာရခက်ခဲလျက်ရှိသည်။

"မနက်ကတည်းက အဲ့ဒီလမ်းက ရေကျော်ပေမယ့် သွားလို့ရသေးတယ်။ ရေငြိမ်တော့ ဖြတ်ရဲတဲ့ကားတွေက ဖြတ်ကြတာပေါ့။ မဖြတ်ရဲတဲ့ကားတွေက ရေကျလာမယ့်အချိန်ကို စောင့်ဆိုင်းနေရတယ်။ ညနေသုံးနာရီခွဲက ဖာပွန်မြို့ ဆင်ဖွယ်ချောင်းရေမြင့်တက်လာတော့ မသွားရဲတော့ဘူး၊ ရေပြန်ကျမယ့်အချိန်ကို စောင့်ဆိုင်းခဲ့ရာ ၇ နာရီခွဲမှသာ ရေအနည်းငယ်ပြန်ကျသွားပြီး ဖြတ်သန်းသွားလာမှုရှိပေမယ့်လည်း ခက်ခဲလျက်ရှိပြီး မော်တော်ဆိုင်ကယ်များကိုမူ လူဖြင့်သာမ၍ သယ်ယူရပါတယ်" ဟု ဖာပွန်မြို့ ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

**မျိုးဆက်သစ်(ဘားအံ)**

## အမာမြို့နယ်တွင် နေအိမ်များပျက်စီး

**အမာ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့နယ်တွင် ဩဂုတ် ၁၃ ရက် ညနေပိုင်းက ပင်လယ်ဒီရေမြင့်တက်လာပြီး မုတ်သုံလေအားကောင်းစွာတိုက်ခတ်မှုကြောင့်ကမ်းပါးပြိုကျရာမှ ရေလှိုင်းဂယက်ကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခြင်းနှင့် ယိုင်နဲ့ခြင်းများ ထပ်မံဖြစ်ပွားခဲ့သည်။

ပြိုကျပျက်စီးခဲ့သောလူနေအိမ်များမှာ ဒေါ်ညိမ်းကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာတွင်လေးလုံး၊ ဘုရားလေးစုကျေးရွာတွင်တစ်လုံး၊ အေးကုန်းကျေးရွာတွင်သုံးလုံး၊ ခါးပြတ်ကျေးရွာတွင်ခုနစ်လုံး၊ အောင်လှိုင်ကျေးရွာတွင်ကိုးလုံး၊ ဗန္ဒပင်ကျေးရွာတွင် ၁၂ လုံး စုစုပေါင်း ၃၆ လုံး ပြိုကျ၍ နောက်မီးကျေးရွာအုပ်စု မင်္ဂလာသောင်တန်းကျေးရွာတွင် ၃၇ လုံး၊ တောကျိုးကျေးရွာတွင်ခြောက်လုံး ပြိုကျပျက်စီးပြီး ၃၁ လုံး အခင်းအကာပျက်စီးယိုင်နဲ့ခဲ့ကြောင်း၊ ဘဝသစ်ကျေးရွာအုပ်စု ဂေါ်ဒူကျေးရွာတွင်နှစ်လုံး၊ ခတ္တာကျွန်းကျေးရွာတွင် နှစ်လုံး ပြိုကျပျက်စီးခဲ့ရာ စုစုပေါင်း လူနေအိမ် ၈၃ လုံး ပြိုကျ၍ ၃၁ လုံးပျက်စီးခဲ့ကြောင်း သိရသည်။

လူဦးရေ ၆၃၀ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး မိသားစု ၁၁၄ စုသည် နီးစပ်ရာဆွေမျိုးများအိမ်တွင် ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်းစည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း ကျောက်တန်း၌ ဖွင့်လှစ်

**ကျောက်တန်း ဩဂုတ် ၁၄**

ကျောက်တန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်)စက်ဝန်း စတင်ဆောင်ရွက်နိုင်ရန် စည်းရုံးရေးမှူးများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း မွမ်းမံသင်တန်း အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ပထမပတ်က ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက် အေးစေတီဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းနှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းမှ နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင် ဦးအောင်မြင့်တို့ တက်ရောက်၍ သင်တန်းဖွင့်ပွဲ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်တာဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၄၇ ဦးတက်ရောက်ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## ကျိုက်မရောမြို့နယ် ရေဘေးသင့်သူများအား လှူဒါန်း

**ကျိုက်မရော ဩဂုတ် ၁၄**

မြန်မာနိုင်ငံရှေ့နေအသင်း (ဗဟို) အလုပ်အမှုဆောင်များ၏ ဦးဆောင်မှုဖြင့် Polysack Myanmar Co., Ltd နှင့် TEFEL Myanmar Co., Ltd တို့ပူးပေါင်း၍ ကျပ်သိန်း ၁၀၀ ခန့်တန်ဖိုးရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူးနှင့် အဝတ်မျိုးစုံတို့ကို ရေဘေးကြုံတွေ့ခဲ့ရသည့် ကျိုက်မရောမြို့နယ် ကျုံစိန်ကောကျေးရွာ၊ ကော့လင်းကျေးရွာ၊ ခရုံကျေးရွာ၊ တရနာကျေးရွာတို့ရှိ ပြည်သူများထံသို့ ဩဂုတ် ၁၁ ရက်တွင် သွားရောက်လှူဒါန်းကြောင်းသိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## တိုတိုထွာထွာဖတ်စရာ

### သျှစ်သောင်းပုထိုးတော်ကြီး၌ သန့်ရှင်းရေးဆောင်ရွက်

**မြောက်ဦး**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက သျှစ်သောင်းပုထိုးတော်ကြီးသို့ သွားရောက်ကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မြောက်ဦးမြို့ လက်ကောက်စျေးရပ်ကွက်ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအဝင်လမ်းရှိ ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း တောရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### စာရင်းဇယားပြုစုထိန်းသိမ်းထားရှိမှုစစ်ဆေး

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးထွန်းသန့်ဇော်နှင့်အတူ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းကြည့်ရှုပြီး စီမံကိန်းစာရင်းဇယား ပြုစုထိန်းသိမ်းထားရှိမှုတို့အား စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြတ်သူရိန်**

### ထူးကဲဒီရေကြောင့် ကော့မှူးတွင်ကျောင်းခေတ္တပိတ်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ရေကျော်ချောင်း ရေလျှံမှုကြောင့် ဩဂုတ် ၁၄ ရက် နံနက်ကရေကျော် အထက ကျောင်း စာသင်ဆောင်ငါးဆောင်အထိ ရေဝင်ရောက်မှုကြောင့် ကျောင်းများခေတ္တပိတ်ထားကြောင်း သိရသည်။

လက်ရှိရေပြန်ကျသွားသော်လည်း ညနေဒီရေတက်ချိန်တွင် ရေများပြန်လည်ဝင်ရောက်မည့်အခြေအနေရှိသဖြင့် ကျောင်းကို သုံးရက်ခန့်ပိတ်ထားရန် စီစဉ်ထားရှိပြီး ကျောင်းပိတ်ရက်များတွင် အစားထိုးပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**လပွတ္တာ**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ) အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

လပွတ္တာခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ပုသိမ်) မှ ဒုရဲအုပ်ညီညီအောင်က သက်ငယ်မုဒိမ်းမှုဆိုင်ရာ အသိပညာပေးအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လပွတ္တာ (၃)မိုင်စခန်းမှူး ရဲအုပ်ခင်မောင်သန်းက မှုခင်းကျဆင်းရေး အသိပညာပေးအကြောင်းကိုလည်းကောင်း ပရိုဂျက်တာဖြင့် ပြသဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မယ်စဲ့(အထက)တွင် စုပေါင်းသစ်ပင်စိုက်ပျိုး

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းသန်းညွန့်နှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၁၅၀ ကို ကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဌာနဆိုင်ရာများ ပူးပေါင်းအသိပညာပေးခြင်းဆောင်ရွက်

**ရန်ကုန်**

မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ၁၂၁ လမ်းမွှာရုံတွင် ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီက ဌာနဆိုင်ရာများပူးပေါင်း၍ ပြည်သူများအား အသိပညာပေးတွေ့ဆုံရှင်းလင်းပွဲကျင်းပခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးညီညီလင်း၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ရဲမှူးမိုးစိန်၊ မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မိုးတို့က သက်ဆိုင်ရာဌာနအလိုက် သိကောင်းစရာများဆွေးနွေးခဲ့ကြသည်။

၂၀၁၈ခုနှစ် စည်ပင်သာယာရေးဥပဒေအား ပြည်သူများလိုက်နာ ဆောင်ရွက်ကြရေး ရှင်းလင်းဆွေးနွေးပြီး မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ



## စပိန်လက်ရွေးစင်ကစားသမားဘဝမှ ဒေးဗစ်ဆေးလ်ဗားအနားယူပြီ

မန်စီးတီးအသင်းမှ စပိန်ကစားသမား ဒေးဗစ်ဆေးလ်ဗားဟာ စပိန်လက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်တယ်လို့သိရပါတယ်။ ဒေးဗစ်ဆေးလ်ဗားဟာ စပိန်လက်ရွေးစင်အသင်းမှာ ၁၂ နှစ်ကြာပါဝင်ကစားပေးခဲ့ရာ ပွဲပေါင်း ၁၂၅ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပြီး သွင်းဂိုး ၃၅ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒေးဗစ်ဆေးလ်ဗား အနေနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စပိန်အသင်းအတွက် ဖလားရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သလို ယူရို ၂၀၀၈ နှင့် ယူရို ၂၀၁၂ ပြိုင်ပွဲတို့မှာလည်း စပိန်အသင်းနဲ့အတူ ဆုဖလားတွေရယူနိုင်ခဲ့တာပါ။ ဒါပေမယ့် ဆယ်စုနှစ်တစ်ခုကျော်ကြာ စပိန်အသင်းကစားသမားဘဝကို ဖြတ်သန်းပြီးချိန်မှာတော့ လက်ရွေးစင်ကစားသမားဘဝကနေ အနားယူတော့မယ်လို့ တရားဝင်ကြေညာခဲ့တာပါ။ အခုလို စပိန်လက်ရွေးစင် ကစားသမားဘဝကနေ အနားယူခဲ့ရတဲ့အကြောင်းအရင်းနဲ့ ပတ်သက်ပြီးလည်း ဒေးဗစ်ဆေးလ်ဗားက သူ့ရဲ့တွစ်တာစာမျက်နှာမှာ ပြန်လည်ရှင်းလင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ ဆေးလ်ဗားဟာ နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှ စပိန်အသင်းထွက်ခဲ့ရပြီး နောက်ပိုင်း တတိယမြောက်အနားယူခဲ့တဲ့ကစားသမားဖြစ်လာခဲ့ပြီး ဒေးဗစ်ဆေးလ်ဗားမတိုင်မီက အင်နီယေစတာနဲ့ ပီကေးတို့ လက်ရွေးစင်ကစားသမားဘဝကနေ အနားယူခဲ့တာလည်းဖြစ်ပါတယ်။



## အမေရိကန်က စိတ်ဝင်စားနေချိန်မှာ မက္ကဆီကိုနည်းပြရာထူး လက်ခံလိုက်တဲ့ ဆမ်ပါအိုလီ

နည်းပြ ဆမ်ပါအိုလီသည် အာဂျင်တီးနားအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ပြီးတဲ့နောက်မှာ အမေရိကန်က ခေါ်ယူဖို့စိတ်ဝင်စားနေပေမယ့် မက္ကဆီကိုနည်းပြရာထူးကို လက်ခံဖို့ ဆုံးဖြတ်လိုက်တယ်လို့ သိရပါတယ်။ ချီလီနှင့် ဆီဗီလာအသင်းတို့ရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်သည့် ဆမ်ပါအိုလီသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားအသင်း ရလဒ်မကောင်းခဲ့သဖြင့် နည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ပါတယ်။

အဲဒီလို ထုတ်ပယ်ခံခဲ့ရပြီးတဲ့နောက်မှာတော့ အမေရိကန်ပြည်ထောင်စု၊ ဗင်စတာရီကာနဲ့ ပါရဂွေးအသင်းတို့က သူတို့ရဲ့နိုင်ငံလက်ရွေးစင်အသင်းနည်းပြအဖြစ် ခန့်အပ်ဖို့ ကမ်းလှမ်းခဲ့ကြပါတယ်။ ဒါပေမယ့် ဆမ်ပါအိုလီက အဲဒီအသင်းတွေရဲ့ ကမ်းလှမ်းမှုကို လက်ခံခြင်းမရှိခဲ့ဘဲ မက္ကဆီကိုနည်းပြအဖြစ်သာ လက်ခံဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

## ပြင်သစ်ကြယ်ပွင့် ကင်ပမ်ဒီ ပီအက်စ်ဂျီနဲ့ ငါးနှစ်သက်တမ်းတိုး




ပီအက်စ်ဂျီအသင်းမှ ပြင်သစ်ကြယ်ပွင့် ကင်ပမ်ဒီဟာအသင်းနဲ့ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုး ချုပ်ဆိုလိုက်ရာ ၂၀၂၃ ခုနှစ်အထိ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှာ ဆက်ရှိနေတော့မှာဖြစ်ပါတယ်။ ကင်ပမ်ဒီဟာ ပီအက်စ်ဂျီအသင်းအတွက် မရှိမဖြစ်အရေးပါတဲ့ ကစားသမားတစ်ဦးအဖြစ် ပြီးခဲ့တဲ့ဘောလုံးရာသီက ရပ်တည်ခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းနဲ့အတူ ၂၇ ပွဲအထိ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလား ဆုဖလားကို ရယူနိုင်ခဲ့သူပါ။ နည်းပြဟောင်း အမ်မရီရဲ့ လက်ထက်မှာ ပီအက်စ်ဂျီအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့တာမို့ ယခုနည်းပြသစ် သောမက်တက်ချယ်ကလည်း ကင်ပမ်ဒီကို စာချုပ်သက်တမ်းတိုးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

## ဝေဖန်ခံနေရသောလုံခြုံမှုစနစ်များကြောင့် ကွင်းသစ်ဖွင့်ဖို့ ကြန့်ကြာနေတဲ့ စပါးအသင်း

စပါးအသင်းဟာ ၎င်းတို့၏ အသင်းအတွက် ဘောလုံးကွင်းသစ်တည်ဆောက်ပြီးခဲ့ပြီဖြစ်ပေမယ့် ဝေဖန်ခံနေရသော ဘေးကင်း



လုံခြုံမှုစနစ်များကြောင့် ကွင်းသစ်ဖွင့်ဖို့ ကြန့်ကြာနေပါတယ်။ စပါးအသင်းဟာ စက်တင်ဘာ ၁၅ ရက်မှာ လီဗာပူးအသင်းနဲ့ ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ ကွင်းသစ်ကို စတင်ဖွင့်လှစ်ဖို့ ရည်ရွယ်ခဲ့ပေမယ့် အဲဒီပွဲစဉ်ကိုလည်း ဝင်ဘလေကွင်းမှာပဲ ကျင်းပဖို့ စီစဉ်ခဲ့ရပါတယ်။ ဒါ့အပြင် အောက်တိုဘာ ၆ ရက်မှာ ကာဒစ်ဖ်အသင်းနဲ့ ကစားမယ့်ပွဲစဉ်ကိုပါ ဝင်ဘလေကွင်းမှာပဲ ကစားဖို့ ပြောင်းခဲ့ရတာပါ။

အဲဒီလို ပြောင်းခဲ့ရပေမယ့် အောက်တိုဘာ ၂၈ ရက်မှာ မန်စီးတီးအသင်းနဲ့ ကစားမယ့်ပွဲစဉ်ကိုတော့ အသင်းရဲ့အသစ်တည်ဆောက်ထားတဲ့ ကွင်းသစ်မှာ ကျင်းပသွားမယ်လို့ အတိအလင်းပြောခဲ့ပါတယ်။ အခုလို ကွင်းသစ်မှာ မကစားနိုင်ခဲ့တာကြောင့် စပါးအသင်းရဲ့ ဘောလုံးပွဲကြည့်ရှုခွင့်လက်မှတ်ဝယ်ယူထားသူတွေ၊ ပရီမီယံအဖွဲ့ဝင်တွေနဲ့ ကမ္ဘာတစ်ဝန်းက စပါး ပရိသတ်တွေအတွက် စိတ်ပျက်စရာပါပဲလို့ စပါးအသင်း ဥက္ကဋ္ဌ ဒန်နီယယ်လီဗိုင်းက ပြောခဲ့ပါတယ်။

## ပရီမီယာလိဂ်ရဲ့ဈေးအများဆုံးပေးချေရတဲ့ ဂိုးသမားဖြစ်လာမယ့် ဒီဂီယာ

မန်ယူအသင်းဟာ ဂိုးသမားဒီဂီယာကို တစ်ပတ်လုပ်ခလစာပေါင် နှစ်သိန်းနဲ့ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပြီး အဲဒီလို စာချုပ်သစ်ချုပ်ဆိုဖြစ်ခဲ့မယ်ဆိုရင်တော့ ဂိုးသမားဒီဂီယာဟာ ပရီမီယာလိဂ်မှာ ဈေးအများဆုံးပေးချေရတဲ့ ဂိုးသမားတစ်ဦး ဖြစ်လာမှာဖြစ်ပါတယ်။ ဂိုးသမားဒီဂီယာရဲ့ စာချုပ်သက်တမ်းဟာ အခုနှစ် ဘောလုံးရာသီကုန်မှာ ကုန်ဆုံးတော့မှာဖြစ်ပြီး မန်ယူအသင်းကတော့ ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဂိုးသမားဒီဂီယာကို ရီးယဲလ်မက်ဒရစ်အသင်းက ၂၀၁၅ ခုနှစ် ကတည်းက ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပြီး အဲဒီလိုစီစဉ်ခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်း၊ မန်ယူအသင်းနဲ့ ဂိုးသမားဒီဂီယာတို့အကြား သဘောတူညီမှုမရ ရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်း အခုအပြောင်းအရွှေ့မှာ ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်ကို ခေါ်ယူခဲ့တာပါ။ အဲဒါကြောင့် ဂိုးသမား ဒီဂီယာဟာ မန်ယူအသင်းမှာပဲ ဆက်ရှိဖို့ရှိနေပြီး စာချုပ်သစ်အတွက် လက်ခံခဲ့မယ်ဆိုရင် ဒီဂီယာဟာ ပရီမီယာလိဂ်ရဲ့ ဈေးအများဆုံး ပေးချေရတဲ့ ဂိုးသမားတစ်ဦး ဖြစ်လာမှာဖြစ်ပါတယ်။ ဂိုးသမားဒီဂီယာဟာ ၂၀၁၁ ခုနှစ်အတွင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၈ ဒသမ ၉ သန်းနဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပေါ်တူဂီနဲ့ စပိန် တစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်ခဲ့တဲ့ပွဲစဉ်မှာ အမှားတွေလုပ်ခဲ့တာကြောင့် ဂိုးသမားဒီဂီယာဟာ ဝေဖန်မှုတွေခံခဲ့ရပြီး မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ရာသီအဖွင့်မှာ လက်စတာရဲ့ဂိုးပေါက်ကန်သွင်းမှုကို နှစ်ကြိမ်ကာကွယ်နိုင်ခဲ့ပါတယ်။





**အေး ပြည့် ရေး သား သည်**

## လူမှုကွန်ရက်မီဒီယာပေါ်မှာ တေလာဆွစ်ရဲ့ ဓာတ်ပုံကို ဖော်ပြခဲ့တဲ့ ဂျိုးအော်ဝင်န်

ဗြိတိန်ရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျိုးအော်ဝင်န်ဟာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ချစ်သူ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။ ဂျိုးအော်ဝင်န်ဟာ လတ်တလောမှာတော့ သူ့ရဲ့အင်စတာဂရမ်ကို ပွဲ့ဘလစ်လုပ်ခဲ့တာကြောင့် ပရိသတ်တွေက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာတွေကို တွေ့မြင်ခွင့်ရခဲ့ပြီ ဖြစ်တယ်လို့လည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျိုးအော်ဝင်န်ဟာ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာကို လတ်တလောမှာမှ ပွဲ့ဘလစ်လုပ်လိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေအနေနဲ့ သူ့ရဲ့လှုပ်ရှားမှုပုံရိပ်တွေကို အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် တွေ့မြင်ခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့ အင်စတာဂရမ်မှာ ဖော်ပြထားတဲ့ ဓာတ်ပုံစုစုပေါင်း ၁၁ ပုံသာရှိပြီး အဲဒီထဲမှာ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ ဓာတ်ပုံတစ်ပုံလည်း ပါဝင်နေတာဖြစ်ပါတယ်။ တေလာဆွစ်ရဲ့ဓာတ်ပုံကိုတော့ ပြီးခဲ့တဲ့ မေလအတွင်း ဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းဓာတ်ပုံမှာတော့ တေလာဆွစ်ဟာ ရှားစောင်းပင်တစ်ပင်ဘေးမှာ ရပ်နေတာကို တွေ့ရပါတယ်။ ဓာတ်ပုံရဲ့အောက်မှာတော့ သူက ရှားစောင်းပင်ပုံ အီမိုဂျီလေးတစ်ခုကို သူ့ရဲ့နာမည်နဲ့တွဲကာ ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

ဒီဓာတ်ပုံကိုပင် တေလာဆွစ်ကလည်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ဖူးတာကိုလည်း တွေ့ရပါတယ်။

တေလာဆွစ်နဲ့ဂျိုးအော်ဝင်န်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းကစလို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦး တွဲသွားတဲ့ ပုံရိပ်တွေကိုတော့ မီဒီယာစာမျက်နှာတွေပေါ်မှာ ချက်ချင်းတွေ့မြင်ခဲ့ရခြင်းမရှိပါဘူး။ ၂၀၁၇ ခုနှစ် နှစ်စပိုင်းမှာတော့ သူတို့နှစ်ဦးခရီးအတူထွက်တဲ့ ပုံရိပ်တွေ မီဒီယာစာမျက်နှာတွေပေါ် ရောက်လာခဲ့ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးကတော့ တရားဝင်လက်တွဲခြင်းမရှိသလို မီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာလည်း အမြဲရှောင်ရှားပုန်းကွယ်နေလေ့ရှိပါတယ်။ နောက်ပိုင်းမှာမှ သူတို့နှစ်ဦး အခမ်းအနားတွေကို အတူတွဲကာ တက်ရောက်ခဲ့ကြပြီး ပေါ်ပေါ်ထင်ထင် လက်တွဲလာခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။



## လျူရီဖိုင်ကို မူလန်ဇာတ်ကောင်နဲ့ ပထမဆုံးအကြိမ် တွေ့မြင်ရ

ဒစ်စနေရဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ကာ ဖန်တီးသွားမယ့် "Mulan" လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာတော့ တရုတ်မင်းသမီး လျူရီဖိုင်ကို အဓိကဇာတ်ကောင် မူလန်အဖြစ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ မူလရုပ်ရှင်မှာပင် ပရိသတ်အများချစ်ခင်ခဲ့ကြတဲ့ အမျိုးသမီးလူစွမ်းကောင်းဇာတ်ကောင် မူလန်အတွက် ပါဝင်သရုပ်ဆောင်ပေးဖို့ရာ ဇာတ်ဆောင်ရွေးချယ်ခြင်းကို ကမ္ဘာတစ်ဝန်း တစ်နှစ်ကြာ ပြုလုပ်ခဲ့ပြီး နောက်မှာတော့ လျူရီဖိုင်ကို ပါဝင်သရုပ်ဆောင်ပေးဖို့ရာ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ မူလန်ဇာတ်ကောင်မှာ ပါဝင်ထားတဲ့ လျူရီဖိုင်ရဲ့ ဓာတ်ပုံကို ပထမအနေနဲ့ ထုတ်ဖော်ပြသလာတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မူလန်ရဲ့ ဇာတ်ကောင်စရိုက်အရ သူဟာ ကြောက်ရွံ့မှုကင်းပြီး အရာရာကို ရင်ဆိုင်တိုက်ခိုက်လိုစိတ်အပြည့်ရှိသူ ဖြစ်ပါတယ်။ ဒီဇာတ်ကောင်စရိုက်ကြောင့် လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ လျူရီဖိုင်ကို တကယ့်ကို သတ္တိရှိတဲ့ အမျိုးသမီးလူစွမ်းကောင်းတစ်ဦးအသွင် တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တာကြောင့် ဒီရုပ်ရှင်သစ်မှာ မင်းသမီးရဲ့ တိုက်ခိုက်ရေးစွမ်းရည်တွေကို တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။

၁၉၉၈ ခုနှစ်က ထွက်ရှိခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်ဟာလည်း အောင်မြင်ခဲ့ပြီး ပြန်လည်ဆန်းသစ်ထားတဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်ကိုလည်း အထူးအချိန်ပေးကာ ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကို ယခင်က ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂ ရက်မှာ စတင်ပြသနိုင်ဖို့ရာ စီစဉ်ထားပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ကြန့်ကြာမှုတွေ ရှိခဲ့တာကြောင့် ရုပ်ရှင်ရုံတင်မယ့်ရက်ကို ပြောင်းလဲကြေညာခဲ့ပါတယ်။ လာမယ့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၇ ရက်မှာမှ စတင်ပြသတော့မှာဖြစ်ပြီး ယင်းရုပ်ရှင်ရဲ့ ရိုက်ကွင်းတွေကိုတော့ နယူးဇီလန်နဲ့ တရုတ်နိုင်ငံတို့မှာ သွားရောက်ရိုက်ကူးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

## ဆေးကုသမှုတွေ ဆက်လက်ခံယူသွားရမယ့် ဒေမီလက်ဗားတိုး

အမေရိကန်ပေ့ါပ်ကြယ်ပွင့် ဒေမီလက်ဗားတိုးဟာ မူးယစ်ဆေး အလွန်အကျွံသုံးစွဲခဲ့မှုကြောင့် ပြီးခဲ့တဲ့လကုန်ပိုင်းမှာ ဆေးရုံတက်ရောက်ကာ ကုသမှုခံယူခဲ့ရပါတယ်။ သီတင်းတစ်ပတ်ကျော်ကြာ ကုသမှုတွေ ခံယူခဲ့ရပြီး ဆေးရုံမှ ဆင်းခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါပေမယ့် သူ့ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဆေးရုံမှ ပြန်လည်ထွက်ခွာလာခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ပေ့ါပ်ကြယ်ပွင့်ဟာ နောက်ထပ် ဆေးကုသမှုတွေကို ထပ်မံခံယူရဦးမှာဖြစ်တယ်လို့လည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒေမီလက်ဗားတိုးဟာ လက်ရှိမှာတော့ ချီကာဂိုမှာ ရောက်ရှိနေပြီး ပြန်လည်ထူထောင်ရေးတွေ လုပ်ဆောင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

ပေ့ါပ်ကြယ်ပွင့် ဒေမီလက်ဗားတိုးဟာ ပြီးခဲ့တဲ့ ဇူလိုင် ၂၄ ရက်မှာ ဆေးလွန်ခဲ့တာကြောင့် လော့စ်အန်ဂျလိစ်ဆေးရုံမှာ တက်ရောက်ကုသမှုခံယူခဲ့ရပါတယ်။ ဆေးရုံမှာ ကိုးရက်ကျော်ကြာ တက်ရောက်ခဲ့ပြီးနောက် သူဟာ ဆေးရုံဆင်းပါက မူးယစ်ဆေးဖြတ်ဖို့ ဆုံးဖြတ်လိုက်ကြောင်း ပေ့ါပ်ကြယ်ပွင့်နဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းမှ ထုတ်ဖော်ပြောကြားချက်တွေအရ သိရပါတယ်။

နောက်ဆုံးမှာတော့ ဒေမီလက်ဗားတိုးဟာ သူ့ရဲ့မူးယစ်ဆေးစွဲတဲ့ပြဿနာကို ဖြေရှင်းရာမှာ အများရဲ့အကူအညီကို ရယူသွားဖို့ရာ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ရင်း စိတ်ရောကိုယ်ပါ ကျန်းမာလာအောင် ကုသမှုတွေ ခံယူသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒစ်စနေရဲ့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာနယ်ပယ်ကို စတင်ဝင်ရောက်လာခဲ့ပြီး ပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ် အောင်မြင်မှုတွေရလာခဲ့တဲ့ ဒေမီလက်ဗားတိုးဟာ မူးယစ်ဆေး အလွန်အကျွံသုံးစွဲမိတာကြောင့် လော့စ်အန်ဂျလိစ်ဆေးရုံကို တက်ရောက်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၂၄ ရက် နေ့လယ်ပိုင်းမှာ ဆေးလွန်ခဲ့တဲ့ ဒေမီလက်ဗားတိုးကို နေအိမ်တိုက်ခန်းကနေ လော့စ်အန်ဂျလိစ်ဆေးရုံကို ခေါ်ဆောင်ခဲ့တာဖြစ်ပါတယ်။

ဒေမီလက်ဗားတိုးဟာ ယခင်ကလည်း အရက်နဲ့ ဆေးစွဲတဲ့ပြဿနာတွေနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ ဒါ့အပြင် စိတ်ဓာတ်ကျတဲ့အကြောင်းတွေကိုလည်း ဖွင့်ဟခဲ့ဖူးသူဖြစ်တယ်လို့ သိရပါတယ်။

## စင်ကာပူမှာ ပထမဆုံးအကြိမ် ဖျော်ဖြေပွဲ ပြုလုပ်သွားမယ့် သယ်ဝိခ်ကန်းဒ်



နာမည်ကျော် အာရန်ဘီတေးသံရှင်တစ်ဦးဖြစ်သူ သယ်ဝိခ်ကန်းဒ်ဟာ အာရှဆီကို ခြေလှမ်းလာခဲ့ပြီ ဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံးသော စင်ကာပူဖျော်ဖြေပွဲကိုတော့ ယခုနှစ် နှစ်ကုန်ပိုင်းမှာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂရမ်မီဆုရှင် သယ်ဝိခ်ကန်းဒ်ဟာ စင်ကာပူမှာ ကျင်းပမယ့် သူ့ရဲ့ ပထမဆုံးသော တေးဂီတဖျော်ဖြေပွဲကိုတော့ ယခုနှစ် ဒီဇင်ဘာ ၅ ရက်မှာ ပြုလုပ်သွားမှာ ဖြစ်ကြောင်း တေးသံရှင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလို ဖော်ပြခဲ့ရာမှာတော့ အခြားသော အာရှနိုင်ငံတွေမှာ ဖျော်ဖြေပွဲပြုလုပ်သွားမယ့် အစီအစဉ်တွေပါ တစ်ပါတည်း ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

သယ်ဝိခ်ကန်းဒ်ရဲ့ ယခုနှစ်အတွက် အာရှဖျော်ဖြေပွဲတွေကိုတော့ ဟောင်ကောင်ကနေ စတင်သွားမှာဖြစ်ပါတယ်။ လာမယ့် နိုဝင်ဘာ ၃၀ ရက်မှာ ဟောင်ကောင်မှာ ပြုလုပ်သွားမှာဖြစ်ပြီး အဲဒီနောက်မှာတော့ ဗန်ကောက်၊ စင်ကာပူ၊ မနီလာ၊ ဘာလီ၊ တိုင်ပေ၊ ဆိုးလ်၊ တိုကျိုတို့မှာ ဆက်လက်ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။



## မဂ္ဂဇင်း မျက်နှာဖုံးရှင် ဆိုဟီး

တောင်ကိုရီးယားသရုပ်ဆောင်တစ်ဦးဖြစ်သူ ဆိုဟီးဟာ လတ်တလောမှာတော့ "W Korea"မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးပေးခဲ့ပြီး သူ့ရဲ့အလှဓာတ်ပုံတွေကိုလည်း တရားဝင်ထုတ်ဖော်ပြသလာတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ မကြာသေးမီက "W Korea"မဂ္ဂဇင်းက ဆိုဟီးရဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့တာပါ။ ယင်းဓာတ်ပုံတွေမှာတော့ ဆိုဟီးဟာ ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်ထားပြီး အားကစားပစ္စည်းတွေအတွက် ဖက်ရှင်ဓာတ်ပုံတွေလည်း ဖြစ်တာတွေ့ရပါတယ်။

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘုရားဖူး ရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၈ ခုနှစ်၊ ဇက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ "အောင်ချမ်းသာမှ သင်ဆန္ဒပြည့်ဝစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ တစ်ပတ်ခြားတနင်္လာနေ့တိုင်း ထွက်ခွာရန် စီစဉ်ထားရှိပါသည်။ ရန်ကုန်မှ ဗုဒ္ဓဂယာသို့ လေယာဉ်ဖြင့် တိုက်ရိုက်သွားပြီး ဘုရားဖူးမြော်ကာ ဗုဒ္ဓဂယာမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်လာသည့် (၁၁)ညအိပ် (၁၂)ရက်ခရီး ဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သဇင်မြင့်အောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ် တစ်လျှောက်လိုက်ပါ၍ နွေးထွေးသော ဝန်ဆောင်မှုများပေးသဖြင့် ဘုရားဖူးများကျေနပ်အားရ ပီတိဖြစ်ကာ စိတ်အေးချမ်းသာစွာ သာသနာပြုနိုင်ခဲ့ကြောင်း တဖွဲဖွဲပေးပို့လာသည့် ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန် အဆိုပြုထားသည့် ဘုရားဖူးများ၊ ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသော ဓမ္မမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။ ထွက်ခွာမည့် ခရီးစဉ်များမှာ -

(၁) ၂၄-၉-၂၀၁၈ (၄) ၅-၁၁-၂၀၁၈ (၇) ၁၇-၁၂-၂၀၁၈(၁၀) ၂၈-၁-၂၀၁၉ (၁၃) ၁၁-၃-၂၀၁၉
(၂) ၈-၁၀-၂၀၁၈ (၅) ၁၉-၁၁-၂၀၁၈(၈) ၃၁-၁၂-၂၀၁၈ (၁၁) ၁၁-၂-၂၀၁၉ (၁၄) ၂၅-၃-၂၀၁၉
(၃) ၂၂-၁၀-၂၀၁၈(၆) ၃-၁၂-၂၀၁၈ (၉) ၁၄-၁-၂၀၁၉ (၁၂) ၂၅-၂-၂၀၁၉ (၁၅) ၁၀-၄-၂၀၁၉(သင်္ကြန်ပိတ်ရက်)

အထက်ပါခရီးစဉ်များ ပြောင်းလဲခြင်းမရှိပါ။ မိမိသွားလိုသော ခရီးစဉ်များကို ရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၁၊ ၀၉-၅၁၂၈၆၂၁ သို့ အမြန်ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။

မင်းကျော်စွာ
ပြည်တွင်း-ပြည်ပခရီးသွားလုပ်ငန်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
ဖုန်း-၀၁ ၈၅၆၆ ၇၁၃ - ၇၁၄ ၊ ၀၉ -၂၅၄ ၂၆၃ ၃၅၇

ဗုဒ္ဓဂယာ: ၇ ညအိပ် ၈ ရက် ➤ Nov(9), Dec(14)
: ၁၄ ညအိပ် ၁၅ ရက် ➤ Oct(19), Nov(23),Dec(28)
(၁၆)ဦး စုစည်းလိုက်ပါလျှင် တစ်ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ (၂)လကြိုတင် စာရင်းပေးသွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။

ထွက်ခွာမည့်ရက်များ ➤ Aug (29) ➤ Sep (9,15, 22, 29)
(၆ ညအိပ် ၇ရက်) ➡ သီရိလင်္ကာ (စွယ်တော်+ပူလပဟာဗောဓိပင်) ခရီးစဉ်
(၄ ညအိပ် ၅ရက်) ➡ ရန်ကုန်- တာချီလိတ်- မယ်ဆိုင် -ချင်းမိုင်-ချင်းရိုင်ခရီးစဉ်
(၃ ညအိပ် ၄ရက်) ➡ ဟောင်ကောင်ခရီးစဉ် • ဘန်ကောက်ခရီးစဉ် • စင်ကာပူခရီးစဉ်
• ကမ္ဘောဒီးယားခရီးစဉ် • ဗီယက်နမ်ခရီးစဉ် • လာအိုခရီးစဉ်

အမှတ်-၁၀/က၊ ပထမထပ်၊ ပြည်သာယာလမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

သုံးရာသီ (ဓမ္မဒါန)
တောင်ပြုံး မန္တလေးမြို့ ...
Aug-20
420144148,421153797

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အဲစတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေ) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ ...
Ph: 09-252522200, 09-33345545, 09-5089800

# DL-Day Light Co.,Ltd အား ကျွန်တော် ငြိမ်းစည်သူမှ အနူးအညွတ်တောင်းပန်ခြင်း

ကျွန်တော် ငြိမ်းစည်သူ[၉/မဟမ(နိုင်)၀၃၂၄၉၁] (ဘ) ဦးစိုးသိန်းအနေဖြင့် ၁၈-၇-၂၀၁၈ ရက်တွင် Facebook Media ပေါ်၌ Si Thu Account မှ DL-Day Light Co.,Ltd ၏ Update Profile တွင် မိမိနာမည်ကို ထည့်သွင်းအသုံးပြုထားခြင်းမရှိဘဲ မိမိတာဝန်ထမ်းဆောင်ခဲ့စဉ်က အသုံးပြုခဲ့သည့် ၂၀၁၄ Profile အဟောင်းအား Update Profile အဖြစ် အများအထင်အမြင် လွဲမှားအောင် မှားယွင်းဖော်ပြခဲ့ခြင်းနှင့် DL-Day Light Co.,Ltd မှ မိမိနာမည်အား အလွဲသုံးစားပြုပြီး ငွေတွေ လိမ်ဖူးပါသည်ဆိုသောအချက်ဖြင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကျဆင်းအောင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော် ငြိမ်းစည်သူမှ ကုမ္ပဏီ၏ပိုင်ရှင်မိသားစုများနှင့် ဝန်ထမ်းများအား ကျေနပ်သည့်အထိ ဆောင်ရွက် ပေးပြီးဖြစ်၍ ထိုလုပ်ရပ်အတွက် အနူးအညွတ် တောင်းပန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုငြိမ်းစည်သူ

သင့်ပညာရေး အတွက် ယုံကြည် အားထားရာ
SAIC STUDY ABROAD Information Centre

Yangon Office
Diamond Condo, Tower B, 15th Floor, Room 1502, Pyay Road, Karmaryut Township, Yangon.
Tel : (09) 5151 008

Mandalay Office
No. 326, 62nd Street, Between: (29th x 30th) Street, Chanayetharzan Township, Mandalay.
Tel : (09) 4200 99997

Business, Environment and Society in the Tropics Workshop

Application Fees Waiver & Study Grant Up to SGD 5000

Mandalay
Date : 18 Aug 2018 (Sat)
Time : 10:00 am - 11:30 am
Venue : Mandalay Swam Hotel (Yadanar Room)

Yangon
Date : 19 Aug 2018 (Sun)
Time : 10:00 am - 11:30 am
Venue : Novotel Hotel (Bagan Room)

JAMES COOK UNIVERSITY SINGAPORE

➤ ကမ္ဘာ့အဆင့် ၂ ရာခိုင်နှုန်းတွင် တည်ရှိသော ကမ္ဘာ့တက္ကသိုလ်ကြီးတွင် တက်ရောက်နိုင်ခွင့်၊
➤ ဘွဲ့ရရှိပြီးနောက် Full Time အလုပ်အကိုင်အခွင့်အလမ်းရရှိမှု အများဆုံး (5 Stars) ရရှိထားသော James Cook Universitiy Singapore တွင်တက်ရောက်နိုင်ခွင့်၊ (Source: The Good Universities Guide 2011/2012/2013/2014/2015/2016/2017)
➤ HND, ABE, NCC လက်မှတ်ရရှိထားသူများအတွက် ဘာသာရပ်ကင်းလွတ်ခွင့်များ။
➤ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ နှင့် IGCSE အောင်မြင်ထားသူများ ၂ နှစ်နှင့် ၈ လ တက်ရောက်ရုံဖြင့် ကမ္ဘာ့ အသိအမှတ်ပြု ဘွဲ့ဒီဂရီရရှိမည့် အခွင့်အရေး။
➤ Business, Information Technology, Psychology, Education, Accounting, Arts, Aquaculture, Environmental Science, Games Design, Tourism and Hospitality စသည့် ဘာသာရပ်များကို တက်ရောက်နိုင်ခွင့်၊

Register Now! 09 5151 008, 09 4200 99997

တက်နေဝန်း
09-442076599
09-400448695
09-33100721

ရွှေမဟာ
09-5106146
09-775106146


SPECIAL OFFER
သင့်အတွက်သာ
MPT
ရွှေသို့လှမ်းရဲ့မြန်မာပြည်
*555#
ကို ဖုန်းခေါ် ဆိုပြီး
သင့်အတွက် Special Offer များကို
ရှာဖွေလိုက်ပါ . . .
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

**ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ ရထားစီးနင်းနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းပိုင်းများကို မြန်မာ့မီးရထားလုပ်ငန်းမှ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအနေဖြင့် ရန်ကုန်အနောက်ဘက်ခြမ်းဖြစ်သော သံလမ်းမိုင် အရှည် ၃ ဒသမ ၇၅ မိုင်ရှိသည့် တည်င်းကုန်း-အင်းစိန်ရထားလမ်းပိုင်းအား ယခုအခါ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ■



ရန်ကုန်မြို့ပတ်ရထား အင်းစိန်ဘူတာ၌ ဆိုက်ရပ်ထားသည်ကို တွေ့ရစဉ်။



အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းမှ အားကစားသမားများကို တွေ့ရစဉ်။

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာပါဝင်သော အုပ်စု(စ) ပွဲစဉ်များ ယနေ့ စတင်မည်

**ရန်ကုန် ဩဂုတ် ၁၄**

အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်မှစ၍ ကျင်းပလျက်ရှိပြီး အုပ်စု (စ) ပွဲစဉ် ပထမနေ့ကို ဩဂုတ် ၁၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်သည်။ အုပ်စု (စ) ပွဲစဉ်များအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အီရန်အသင်းနှင့် ဆော်ဒီအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အာရှအင်အားကြီးအသင်းများဖြစ်သည့် မြောက်ကိုရီးယား၊ ဆော်ဒီ၊ အီရန်အသင်းတို့နှင့် အုပ်စု(စ)တွင် ပါဝင်နေသည်။ မြန်မာ ယူ-၂၃ အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေပြီး အမှတ်ရရန် ရုန်းကန်ရဖွယ်ရှိနေသည်။ **စာမျက်နှာ ၇ ကော်လံ ၅ သို့** ❒

# ထူးကဲဒီရေမြင့်တက်မှုကြောင့် ဒလမြို့နယ် ကမ်းနားပတ်လမ်းရှိကွန်ကရစ်လမ်း ပြိုကျမှုဖြစ်ပွား၊ မြေနိမ့်ပိုင်းရပ်ကွက်များ ဒီရေဝင်ရောက်

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေ ဆက်လက်မြင့်တက်လာမှုကြောင့် ယနေ့ ညနေ ၄ နာရီခန့်က ဒလမြို့နယ်ရှိ သင်္ဘောဆိပ်ကမ်းနှင့် စက်တပ်သမ္ဗန် ကူးတို့ဆိပ်ကမ်းများ၌ ရေပြည့်ရေလျှံခြင်း ဆက်လက်ဖြစ်ပွားခဲ့သည်။ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် မြစ်ချောင်းဘေးနေရာများ၌ ဒီရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ မှော်စက်ရပ်ကွက် ကမ်းနားပတ်လမ်းရှိ ကွန်ကရစ်လမ်းမှာ အရှည်ပေ ၆၀ နီးပါးခန့် ပြိုကျပျက်စီးခဲ့ပြီး အဆိုပါလမ်းအား အသုံးပြုသွားလာနေကြသော ပြည်သူများ အန္တရာယ်ရှိနိုင်သောကြောင့် ယာယီပိတ်ထားခဲ့ကြောင်း မှော်စက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ရှိန်က ပြောကြားသည်။

ထူးကဲဒီရေမြင့်တက်လာမှုကြောင့် မှော်စက်ရပ်ကွက်နှင့် ဆာပါချောင်းကျောင်းစုရပ်ကွက်အား ဆက်သွယ်ထားသည့် ကမ်းနားပတ်လမ်းမှာ ဒီရေအရှိန်ကြောင့် ပေ ၂၀ ခန့် ယနေ့နံနက်ပိုင်းက ပြိုကျပျက်စီးသွားကြောင်း၊ ဆက်လက်၍ ပေ ၄၀ ခန့် ထပ်မံပြိုကျပျက်စီးခဲ့ကြောင်း၊

**စာမျက်နှာ ၁၁ ကော်လံ ၂ သို့** ❖



